မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၂၆)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

၂၀၁၂ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်၊ စနေနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြီးယားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများပေးပို့

နေပြည်တော် အောက်တိုဘာ ၂၆

၂၀၁၂ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင်ကျရောက်သော ဩစတြီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဩစတြီးယားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဟိန့်ဇ်ဖစ်ရှာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ အောက်တိုဘာလ ၂၆ ရက်နေ့တွင် ကျရောက်သော

စာမျက်နှာ ၃ ကော်လံ ၅ ●

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နှစ်(၄၀)ပြည့် အာဆီယံ-ဂျပန် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကပြဖျော်ဖြေတင်ဆက်ကြသည့် ယဉ်ကျေးမှုအကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။ (သတင်းစဉ်)

အထိမ်းအမှတ် ဂီတလှည့်လည်ဖျော်ဖြေပွဲ အခမ်းအနား တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၂၅

တေးဂီတအသစ်များကို အတူတကွဖန်တီးခြင်းဖြင့် အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့အကြား အပြန်အလှန်ယုံကြည်မှုနှင့် ဆက်ဆံရေးတိုးမြှင့်လာစေရန်၊ အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့တွင် စတင်ပေါက်ဖွားလာသည့် ရိုးရာတေးဂီတများ ပေါကြွယ်ဝစွာရှိနေခြင်းတို့ကို မီးမောင်းထိုးပြနိုင်ရန် ရည်ရွယ်ချက်များဖြင့် နှစ်(၄၀)ပြည့် အာဆီယံ-ဂျပန် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ် ဂီတလှည့်လည်ဖျော်ဖြေပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှဌာနဆိုင်ရာဝန်ထမ်းမိသားစုများ၊ လွှတ်တော်ရုံးမှဝန်ထမ်းမိသားစုများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းနိုင်ငံ သံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးနှင့် သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

ငွေကြေးသုံးမျိုး တစ်ကတ်တည်းအသုံးပြုနိုင်မည့် Visa ကတ်အသုံးပြုနိုင်တော့မည်

ရန်ကုန် အောက်တိုဘာ ၂၅

ငွေကြေးသုံးမျိုးကို ကတ်တစ်ခုတည်းတွင်ထည့်သွင်းကာ အဆင်ပြေသလိုသုံးစွဲနိုင်မည့် Multicurrency Travel Prepaid ကတ်များကို မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သူ နိုင်ငံခြားသားများနှင့် နိုင်ငံတကာသို့ သွားရောက်သုံးစွဲလိုသူ မြန်မာနိုင်ငံသားများ စတင်သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း ကမ္ဘာ့ငွေပေးချေမှု နည်းပညာကုမ္ပဏီ Visa မှ သတင်းထုတ်ပြန်သည်။

ယူရိုငွေ၊ အမေရိကန်ဒေါ်လာနှင့်စင်ကာပူဒေါ်လာတို့ကို ကတ်တစ်ခုတည်းတွင်အသုံးပြုနိုင်မည့် ပထမဆုံးစနစ်ဖြစ်ကာ Visa အသုံးပြုနိုင်သည့် ကမ္ဘာတစ်ဝန်းလုံးရှိ ဆိုင် ၁၀ သန်းနှင့် Visa လက်ခံသော ATM ကောင်တာ နှစ်သန်းတို့၌ ငွေထုတ်ယူနိုင်ကြောင်း သိရှိရသည်။

Visa အနေနှင့် မြန်မာနိုင်ငံရှိဘဏ်များနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယခုအစီအစဉ်အတွက် နိုင်ငံသားများနှင့်မြန်မာနိုင်ငံသို့ လာရောက်ကြသူ နိုင်ငံခြားသားများအနေနှင့် ငွေနှင့်ခရီးသွားချက်လက်မှတ် သယ်ဆောင်ခြင်းထက် ကတ်စနစ်သုံးခြင်းမှာ ပိုမိုအဆင်ပြေနိုင်ကြောင်း၊ စစ်တမ်းများအရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း Visa မှသတင်းထုတ်ပြန်ထားသည်။

မြန်မာနှင့်ထိုင်းနိုင်ငံရှိ ဌာနေကိုယ်စားလှယ် Mr.Somboon Krobteeranon က "မြန်မာနိုင်ငံက ဘဏ်တွေနဲ့ ညှိနှိုင်းမှုတွေကြောင့် ရလာခဲ့တဲ့ ရလဒ်တစ်ခုဖြစ်ပါတယ်။ Visa ကတ်ကို အသုံးပြုပြီး ငွေကြေးသုံးမျိုးစလုံး

စာမျက်နှာ ၄ ကော်လံ ၅ ▲

ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရာတွင် အလိုအလျောက် ဂိတ်စနစ်များ ထည့်သွင်းအသုံးပြုမည်

သတင်း – ဖောင်ဖောင်မြင့်ဆွေ
ဓာတ်ပုံ – တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၂၅

ရန်ကုန်-မန္တလေးရထားလမ်းကို အဆင့်မြှင့်တင်မှုပြုလုပ်ရန် လေ့လာသုတေသနပြုမှုများ ပြုလုပ်နေပြီဖြစ်သည်။ ထိုသို့ ရထားလမ်းအဆင့်မြှင့်တင်မှုပြုလုပ်ရာတွင် ရထား-ကားဖြတ်လမ်းဂိတ်များတွင် အလိုအလျောက် ဂိတ်ထိန်းစနစ်ဖြင့် တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်သည်။

"ရန်ကုန်-မန္တလေးရထားလမ်း တစ်လျှောက်မှာ ရထား-ကားဖြတ်လမ်းဂိတ်တွေအများကြီး ရှိနေပါတယ်။ ရထားမလာချိန်မှာ ကြိုတင်ပိတ်ထားမှု၊ ရထားနှစ်စင်းဆုံတဲ့အခါ အချိန်ကြာပိတ်ထားရမှုတွေ လျော့နည်းသွားအောင် အလိုအလျောက်ဂိတ်ထိန်းစနစ်တွေပါ ထည့်သွင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့တွင် ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်မှုနှင့်ပတ်သက်ပြီး ဒေသခံများနှင့်တွေ့ဆုံပွဲတွင် မြန်မာ့မီးရထားမှ အောက်မြန်မာပြည် အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ပြောကြားသည်။

ဂျပန်နိုင်ငံ ဂျိုကာအဖွဲ့မှ ငွေကြေးကူညီမှုဖြင့် ချေးငွေအမေရိကန်ဒေါ်လာသန်း ၅၀၀ ရရှိမည်ဖြစ်ရာ ရထားလမ်းအဆင့်မြှင့်တင်ရေးတွင် လိုအပ်သည့် အခြေခံလုပ်ငန်းများကိုလည်း ပြည်သူတို့အကျိုးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါ အလိုအလျောက်ဂိတ်ထိန်းစနစ်သည် ရထား-ကားဖြတ်လမ်းဂိတ်နေရာသို့ မရောက်မီသတ်မှတ်နေရာသို့ ရထားရောက်ရှိသည်နှင့် အလိုအလျောက် အချက်ပြစနစ်ဖြင့် ဂိတ်မောင်းတံကျလာမည်ဖြစ်ရာ ပြည်သူများအတွက် အချိန်ကုန်သက်သာမှု၊ ဘေးကင်းလုံခြုံမှုများရရှိစေမည်ဖြစ်သည်။

ရန်ကုန်-မန္တလေးရထားလမ်းကို အဆင့်မြှင့်တင်ရေး လုပ်ငန်းဆောင်ရွက်ရာ အပိုင်းသုံးပိုင်းခွဲပြီး စီစဉ်ဆောင်ရွက်ထားသည်။ ရန်ကုန်-မန္တလေးရထားလမ်းသည် စုစုပေါင်း အရှည်ကီလိုမီတာ ၆၂၀ ရှိရာ

စာမျက်နှာ ၄ ကော်လံ ၅ ✻

ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့ ရထား-ကားဖြတ်လမ်းကို တွေ့ရစဉ်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ညီမျှခြင်းနှင့် မညီမျှခြင်း

ဤလောက၌ ညီမျှခြင်းနှင့် မညီမျှခြင်းသဘောတို့သည် ဒွန်တွဲလျက်ရှိနေတတ်၏။ ညီမျှခြင်း၏အလွန်တွင် မညီမျှခြင်းရှိ၏။ တစ်နည်းဆိုလျှင် လွန်ကဲခြင်းသည် မညီမျှခြင်းကိုဖြစ်စေနိုင်၏။ ညီမျှခြင်းသည် အပြုသဘောကိုဆောင်၏။ မညီမျှခြင်းသည်ကား အဖျက်သဘောကိုဆောင်၏။ အပြုနှင့်အဖျက်၊ အကောင်းနှင့်အဆိုး ဝေဖန်ပိုင်းခြားရေးအလုပ်သည် ညီမျှခြင်းပင်ဖြစ်၏။ ညီမျှခြင်းကို လက်ကိုင်ပြု လုပ်ကိုင်ကြမည်ဆိုလျှင် အရာရာအဆင်ပြေနိုင်၏။ တိုးတက်ကြီးပွားနိုင်၏။

လူတစ်ဦးတစ်ယောက်အနေဖြင့် အစားတစ်ခုခုကို အလွန်အကျွံစားလိုက်သည်ဆိုပါစို့။ အလွန်အကျွံစားသုံးခြင်းမှာ မညီမျှခြင်းပင်ဖြစ်၏။ ထိုမညီမျှခြင်း၏ နောက်ဆက်တွဲပြဿနာသည် မကျန်းမာခြင်းပင်ဖြစ်၏။ အကယ်၍ မျှတစွာစားသုံးမည်ဆိုလျှင် နောက်ဆက်တွဲပြဿနာမရှိနိုင်ပါ။ ကျန်းမာဝဖြိုး အလှတိုးစေမည်သာဖြစ်၏။ ဤသည်ကား ညီမျှခြင်းနှင့် မညီမျှခြင်းတို့၏ သဘောပင်ဖြစ်၏။

ထို့အတူ စားဝတ်နေမှု အရာရာအားလုံး ညီမျှခြင်းသဘောကို လက်ကိုင်ပြုသင့်၏။ အလွန်ဈေးကြီးလွန်းသော အသုံးအဆောင်ပစ္စည်းတို့ကို ဝယ်ယူသုံးစွဲခြင်းဖြင့် ငွေကုန်ကြေးကျများလွန်း၍ ဝန်ထုပ်ဝန်ပိုးကိုသာ ဖြစ်စေနိုင်၏။ မနိုင်သောဝန်ထုပ်ကို ထမ်းမိ၍ ပင်ပန်းဆင်းရဲခြင်းကိုသာ ဖြစ်စေနိုင်သည်။ ဤသည်မှာလည်း ညီမျှခြင်း၊ မညီမျှခြင်းသဘောပင်ဖြစ်၏။ မိမိ၏ဝင်ငွေနှင့် ထွက်ငွေ မျှတအောင် သုံးစွဲခြင်းကသာ ညီမျှခြင်းသဘောကိုဆောင်၏။ အလွန်အကျွံသုံးဖြုန်းနေခြင်းဖြင့် ညီမျှခြင်းမရှိသဖြင့် ဆင်းရဲပင်ပန်းခြင်းသို့သာဖြစ်စေနိုင်၏။

အလားတူ ပြောဆိုဆက်ဆံရာတွင်လည်း ဤနည်းလည်းကောင်းပင် ဖြစ်၏။ မိမိ၏အတ္တဝါဒကို ရှေ့တန်းတင်ပြောဆိုနေမည်ဆိုက အများနှင့်အဆင်မပြေဖြစ်တတ်၏။ အများလက်ခံနိုင်သော ပြုမူပြောဆိုခြင်းကသာ ညီမျှခြင်းကိုဖြစ်စေ၏။ အများလက်ခံနိုင်သော ပြောဆိုဆက်ဆံရေးဖြစ်ခြင်းကြောင့် ဆက်ဆံမှုပြေပြစ်၍ လုပ်ကိုင်သောအရာများ အဆင်ပြေအောင်မြင်စွာ လုပ်ကိုင်နိုင်မည်ဖြစ်ပေ၏။

ယနေ့ ကျွန်ုပ်တို့နိုင်ငံတွင် စတင်ကျင့်သုံး ဖော်ဆောင်နေပြီဖြစ်သော ဒီမိုကရေစီစနစ်သည် လွတ်လပ်ခြင်းနှင့် မျှတခြင်းကို အခြေခံ၏။ မည်သည့်အလုပ်ကို လုပ်ကိုင်ဆောင်ရွက်သည်ဖြစ်စေ ဒီမိုကရေစီစနစ်နှင့်အညီ မျှတစွာဆောင်ရွက်ကြလေ့ရှိပါသည်။ သာတူညီမျှ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် တူညီသောသဘော၊ တူညီသောဆန္ဒရှိ၍ အရာရာတိုးတက်အောင်မြင်နိုင်ပါသည်။

ထို့ကြောင့် ယနေ့ တိုးတက်ပြောင်းလဲလာသည့် ဒီမိုကရေစီစနစ်နှင့်အညီ လူတိုင်းလူတိုင်းက အတ္တသဘောမဆန်ဘဲ သာတူညီမျှ လုပ်ကိုင်ကြမည်ဆိုလျှင် အရာရာအဆင်ပြေ ချောမွေ့မည်ဖြစ်ပါသည်။ မညီမျှခြင်းကိုပယ်၍ ညီမျှခြင်းသဘောတရားကို လက်ကိုင်ပြုကြမည်ဆိုလျှင် ရှေ့သို့တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းကာ တိုးတက်ခြင်းသို့ အမြန်ဆုံးရောက်ရှိလာမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် အောက်တိုဘာ ၂၅

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းငွေး (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၆၇-၄၁၄၇၅၃ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

တနင်္သာရီမြို့၌ အောင်မင်္ဂလာ (၂) ဈေး အသစ်ဆောက်လျက်ရှိ

မြိတ် အောက်တိုဘာ ၂၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့တွင် အောင်မင်္ဂလာ (၂)ဈေး ဆောက်လုပ်လျက်ရှိရာ ယခုအခါ အဆောက်အအုံဆောက်လုပ်မှု ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။ အဆိုပါဈေးကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေအဖြစ် အလျား ပေ ၉၀၊ အနံ ၄၅ ပေအမြင့် ၁၂ ပေရှိသော အာရ်စီကွန်ကရစ်တိုင်များနှင့် အခိုင်အမာ ဆောက်လုပ်လျက်ရှိပြီး (ယာပုံ) ဒီဇင်ဘာလတွင် ပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း ဆောက်လုပ်ရေးတာဝန်ခံတစ်ဦးက ပြောသည်။

ယခင်က အဆိုပါ အောင်မင်္ဂလာ (၂)ဈေးသည် တနင်္သာရီမြစ်ရေ တိုက်စား၍ ပြိုကျပျက်စီးခဲ့သဖြင့် ဈေးသူ ဈေးသားများအား ချောင်းငယ်ဘုန်းတော်ကြီး လမ်းတစ်လျှောက်၌ ယာယီဈေး ဖွင့်လှစ်ပေးထားရကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

ချင်းတောင်ထွက်ထင်းရှူးဆီ ဂျပန်ကုမ္ပဏီတို့စိတ်ဝင်စား

ဟားခါး အောက်တိုဘာ ၂၅

ဂျပန် ကုမ္ပဏီနှစ်ခုဖြစ်သော Mitsubishi နှင့် Marima Co.,Ltd. တို့သည် ချင်းတောင်ထွက် ထင်းရှူးဆီ ဝယ်ယူရေးလေ့လာရန် အောက်တိုဘာ ၁၇ ရက်က ချင်းပြည်နယ် ဟားခါးမြို့သို့ ရောက်ရှိကြကြောင်း သိရသည်။

ကုမ္ပဏီ အမှုဆောင်ဒါရိုက်တာနှင့် တာဝန်ရှိသူတို့သည် ချင်းပြည်နယ် ဝန်ကြီးများနှင့်တွေ့ဆုံခဲ့ရာ ထင်းရှူးဆီ ရောင်းဝယ်ရေး၊ ထင်းရှူးပင်စိုက်ပျိုးရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ထင်းရှူးဆီထုတ်လုပ်ရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

အဆိုပါ ကုမ္ပဏီတို့သည် ကမ္ဘာ့ ၁၁ နိုင်ငံတွင် ထင်းရှူးဆီထုတ်လုပ်ရေး စက်ရုံ ၁၁ ရုံကို ဖွင့်လှစ်ပိုင်ဆိုင်ထားကြပြီး ယင်းစက်ရုံမှ စက္ကူစာရေးမင်၊ ကော်၊ တာယာ၊ မိန်းကလေးအလှသုံးကုန်များစသည့် ၁၂ မျိုးကို ထုတ်လုပ်လျက်ရှိကြောင်း၊ ချင်းတောင်တွင် ထင်းရှူးဆီ ထုတ်လုပ်ရန် စီစဉ်ထားရှိကြောင်း၊ မိမိတို့ ချင်းပြည်နယ်ဒေသခံ ကိုယ်တိုင်က ကုမ္ပဏီတစ်ခုထူထောင်ပြီး ထင်းရှူးဆီ ထုတ်လုပ်ပါက ယခုစိတ်ဝင်စားနေသည့် ဂျပန်ကုမ္ပဏီက ဝယ်ယူမှာဖြစ်ကြောင်း လိုက်ပါလာသူ တစ်ဦးက ပြောကြောင်း သိရသည်။

"ချင်းပြည်နယ် ကိုးမြို့နယ်အတွင်း ရှစ်မြို့နယ်မှာ ထင်းရှူးတောအများစု ပေါက်ရောက်တာဆိုတော့ ကိုယ့်နေရာကိုယ့်ဒေသကထွက်တဲ့ ဒီလိုအဖိုးတန်သစ်တောထွက်ပစ္စည်းကအစ ကိုယ်တိုင်လုပ်နိုင်တာ အကောင်းဆုံးပါ။ အဲဒီအမြတ်အစွန်းဟာ ဒီမှာရှိကြတဲ့ ဒေသခံတွေက ခံစားသင့်တာပေါ့" ဟုတာဝန်ရှိသူတစ်ဦးက ဆိုသည်။

တရုတ်ကုမ္ပဏီတစ်ခုသည် ၁၉၉၅ ခုနှစ်တွင် ဝါးစက္ကူကိုတစ်နှစ်လျှင် တန်ချိန်ပေါင်း ၁၀ သန်း ထုတ်လုပ်ခဲ့သော်လည်း ၂၀၁၂ ခုနှစ်မှစ၍ ထင်းရှူးစက္ကူကို တစ်နှစ်လျှင် တန်ချိန် သန်းပေါင်း ၁၀၀ ထုတ်လုပ်လျက်ရှိကြောင်းသိရသည်။

နေစု(ချင်းရိုးမ)



ရွှေ့ပြောင်းသွားလာ ဘေးကင်းကွာ သိမှတ်စရာ ကြိုတင်လေ့လာပါ

ကွန်ပျူတာပညာဒါနသင်တန်း မြင်းမူ၌ဖွင့်

မြင်းမူ အောက်တိုဘာ ၂၅

အထွေထွေ အုပ်ချုပ်ရေးဌာနမှ ကြီးမှူးဖွင့်လှစ်သော ကွန်ပျူတာပညာဒါနသင်တန်းဖွင့်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ရွှေပြည်သစ်ခန်းမ၌ အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ ၃၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲတွင် ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က သင်တန်းဖွင့် အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ သင်တန်းနည်းပြဆရာများဖြစ်သော ဦးကျော်ကိုကိုနှင့် ဦးဝဏ္ဏထွန်းတို့က သင်တန်းနှင့်ပတ်သက်သော အချက်အလက်များနှင့် စည်းကမ်းများကို အသေးစိတ်ရှင်းလင်းသည်။

သင်ကြား

သင်တန်းကာလမှာ နှစ်လကြာမြင့်မည်ဖြစ်ပြီး ကွန်ပျူတာသင်ကြားရာတွင်လိုအပ်သော ကွန်ပျူတာများ ဝယ်ယူဖြည့်တင်းရန်အတွက် သင်တန်းသားတစ်ဦးလျှင် သင်တန်းကြေးငွေကျပ် ၆၀၀၀ နှုန်းဖြင့်သာ ကောက်ခံသွားမည်ဖြစ်ပြီး စာရင်းကိုင်ပညာနှင့် အင်္ဂလိပ်စကားပြော ဘာသာရပ်များကို အခမဲ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



ပြည်တွင်းသတင်း

ရှေ့ဖုံးမှ

ရှေးဦးစွာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr.Mikio Numata က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက နှစ် (၄၀) ပြည့် အာဆီယံ-ဂျပန်ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ်ဂီတလှည့်လည်ဖျော်ဖြေပွဲအခမ်းအနားကျင်းပရခြင်းရည်ရွယ်ချက်များနှင့် အာဆီယံ-ဂျပန်ဆက်ဆံရေးတိုးမြှင့်ဖော်ဆောင်ရေးအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖျော်ဖြေရေးအစီအစဉ်များ ဆက်လက်ကျင်းပရာ အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့မှ အနုပညာရှင်များက ရိုးရာတူရိယာများဖြင့် တီးခတ်သီဆို၍လည်းကောင်း၊ ရိုးရာအကအလှများဖြင့် လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာတူရိယာများဖြင့် တီးခတ်သီဆို၍လည်းကောင်း၊ ရိုးရာယဉ်ကျေးမှု အကအလှများဖြင့်လည်းကောင်း အစီအစဉ်များအတိုင်း အလှည့်ကျဖျော်ဖြေတင်ဆက်ကပြကြသည်။

ဖျော်ဖြေပွဲအခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ကပြဖျော်ဖြေတင်ဆက်ကြသည့်ယဉ်ကျေးမှုအကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

ထို့နောက် ဂျပန်နိုင်ငံသံအမတ်ကြီးကလည်း ကပြဖျော်ဖြေတင်ဆက်ကြသည့် ယဉ်ကျေးမှုအကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ခဲ့သည်။

ယနေ့ကျင်းပသည့် နှစ်(၄၀)ပြည့် အာဆီယံ-ဂျပန်ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအထိမ်းအမှတ် ဂီတလှည့်လည်ဖျော်ဖြေပွဲသည် အာဆီယံ-ဂျပန်ချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု နှစ်(၄၀)ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၊ ဂျပန်ဖောင်ဒေးရှင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်တင်ဆက်ခြင်းဖြစ်ပြီး မြန်မာ၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ ရိုးရာတေးဂီတပညာရှင် ၁၂ ဦးနှင့်အတူ ဂျပန်နိုင်ငံမှ Ms.Michiru Oshima တို့ တေးဂီတဒါရိုက်တာအဖြစ်ဆောင်ရွက်၍ ပူးပေါင်းဖျော်ဖြေတင်ဆက်ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရှေ့ဖုံးမှ

ဩစတြီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဩစတြီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗားနားဖေးမန်းန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဩစတြီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဥရောပနှင့် နိုင်ငံတကာရေးရာဝန်ကြီးထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပို့

နေပြည်တော် အောက်တိုဘာ ၂၆

၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ကျရောက်သော ဩစတြီးယား သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဩစတြီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဥရောပနှင့်နိုင်ငံတကာရေးရာဝန်ကြီး ဒေါက်တာမိုက်ကယ်စပင်ဒဲလက်ဂျာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၅

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆပ်ကော်မတီ (Delivery Unit) ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့်အဖွဲ့သည် အောက်တိုဘာ ၂၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့၌ ဒေသဖွံ့ဖြိုးရေးအတွက် ဆောက်လုပ်လှူဒါန်းထားသည့် မြို့မ (၁)ရပ်ကွက် တွဲဖက်အလယ်တန်းကျောင်းကျောင်းဆောင်နှင့် မြို့နယ်ပြည်သူ့ဆေးရုံ လူနာဆောင် တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ရုံးခန်းမ၌ မြို့နယ်နှင့် ကျေးရွာအုပ်စု ၅၂ အုပ်စုမှ ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် အုပ်ချုပ်ရေးအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပြီး ဒေသတွင်း လိုအပ်ချက်များဖြစ်သည့် မွေးမြူရေးနှင့် အခြားဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စများ၊ တယ်လီဖုန်းဆက်သွယ်ရေးစနစ် တိုးတက် ကောင်းမွန်ရေး၊ ကျေးလက်လမ်းတံတားနှင့် မီးရရှိရေး၊ သောက်သုံးရေရရှိရေး ကိစ္စရပ်များအား ညှိနှိုင်းဖြေရှင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

စက်မှုထုတ်ကုန်ပစ္စည်းပြပွဲ ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၂၅

စက်မှုဝန်ကြီးဌာန၏ ကျေးလက်မီးလင်းရေးအထောက်အကူပြုပစ္စည်းနှင့် စက်မှုထုတ်ကုန်ပစ္စည်းပြပွဲ ၂၀၁၃ နေပြည်တော်ကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပြပွဲလာပြည်သူများအား The Three Band နှင့်အတူ Rဇာနည်၊ စိုင်းစိုင်းခမ်းလှိုင်၊ ထွန်းအိန္ဒြာဗို၊ ဖြူဖြူကျော်သိန်း၊ ရတနာ၊ ရည်မွန်(No အဖွဲ့)၊ ဝိုင်းစုခိုင်သိန်း စသည့်နာမည်ကြီး အနုပညာရှင်များ၏ တေးဂီတများဖြင့်လည်းကောင်း၊ Uranium Dancer အဖွဲ့မှ ခေတ်ပေါ်အကအလှများ ဖြင့်လည်းကောင်း၊ Myanmar Model Management Agency မှ မော်ဒယ်လ်များနှင့် စက်မှုဝန်ကြီးဌာနမှ သမီးပျိုများ၏ ဖက်ရှင်ရှိုးများဖြင့်လည်းကောင်း တင်ဆက်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့
အမိန့်ကြော်ငြာစာ
(အမှတ်၊ ၇၂/၂၀၁၃)
၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်
(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဥပဒေပြုလွှတ်တော်များသည် ဥပဒေကြမ်းတစ်ရပ်ကို နည်းလမ်းတကျ စတင်လက်ခံရသည့်အချိန်မှစ၍ ဆွေးနွေးအတည်ပြုပြီး နိုင်ငံတော်သမ္မတက ဥပဒေအဖြစ်ထုတ်ပြန်ရေး လက်မှတ်ရေးထိုးရန် ပေးပို့သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ပါသည်။ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော အခွင့်အာဏာအရ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသော သို့မဟုတ် အတည်ပြုပြီးသကဲ့သို့ဖြစ်သော ဥပဒေကြမ်းတစ်ရပ်အား ဥပဒေအဖြစ် ထုတ်ပြန်ရန် လက်မှတ်ရေးထိုးခြင်းကို ဆောင်ရွက်ပါသည်။ ဥပဒေပြုလွှတ်တော်များနှင့် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် တူညီသောဆန္ဒဖြင့် လိုအပ်သောဥပဒေများ အသစ်ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ပြဋ္ဌာန်းခြင်းနှင့် ရုပ်သိမ်းခြင်းတို့ကို ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

၂။ ဥပဒေပြုလွှတ်တော်များသည် ဥပဒေကြမ်းတစ်ရပ်ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ လက်ခံရရှိပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသည်အထိ ဆောင်ရွက်သည့်လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရန် ဒုတိယရှေ့နေချုပ် ဦးဆောင်သော **ဥပဒေပြုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က)	ဦးထွန်းထွန်းဦး ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး	ဥက္ကဋ္ဌ
(ခ)	ဒေါ်ထူးထူးငွေ ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး	အဖွဲ့ဝင်
(ဂ)	ဦးအောင်နိုင် ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး	အဖွဲ့ဝင်
(ဃ)	ဦးမင်းဆွေ ဒုတိယညွှန်ကြားရေးမှူး၊ပြည်ထောင်စုရှေ့နေချုပ်ရုံး	အဖွဲ့ဝင်
(င)	ဦးသန့်ဇင် ဒုတိယညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး	အဖွဲ့ဝင်
(စ)	ဦးဝင်းမြင့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ပြည်ထောင်စုရှေ့နေချုပ်ရုံး	အတွင်းရေးမှူး

၃။ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ဥပဒေရေးရာအကြံဉာဏ်တောင်းခံပါက ဥပဒေရေးရာ အကြံဉာဏ်ပေးခြင်း၊

(ခ) ဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းရန်အတွက် ဥပဒေပြုလွှတ်တော်များ၏ ဥပဒေကြမ်းကော်မတီများ သို့မဟုတ် ပူးပေါင်းကော်မတီတို့က ဖိတ်ကြားလာက ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) အတည်ပြုပြီးသော ဥပဒေကြမ်းတစ်ရပ်ကို ဥပဒေအဖြစ် ထုတ်ပြန်နိုင်ရေးဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်သမ္မတထံ ပေးပို့လာက လက်မှတ်ရေးထိုးနိုင်ရေး သုံးသပ်အကြံပြုပေးခြင်း၊

(ဃ) အဆိုပါဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်နိုင်ရန် ရေးဆွဲသောဌာနသို့ လိုအပ်သော ဥပဒေရေးရာအကြံဉာဏ်ပေးခြင်း။

၄။ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေရေးရာအကြံဉာဏ်များကို နိုင်ငံတော်သမ္မတထံ တင်ပြနိုင်သည်။

၅။ ဥပဒေကြမ်းအပေါ် အကြံပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းစဉ်တွင် လိုအပ်ပါက နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့၊ အဆိုပါဥပဒေကို ကျင့်သုံးအကောင်အထည်ဖော်မည့်ဌာနနှင့် သက်ဆိုင်ရာဌာနတို့အား ဘာသာရပ်ဆိုင်ရာ အကြံဉာဏ်များရယူရန် ဖိတ်ကြားနိုင်သည်။ ထိုသို့ဖိတ်ကြားရာတွင် လိုအပ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြဆောင်ရွက်နိုင်သည်။

၆။ ဥပဒေကြမ်းဆိုင်ရာအပြင် အခြားဥပဒေရေးရာ အကြံပြုရေး ပူးပေါင်းဆောင်ရွက်ရန် ဥပဒေပြုလွှတ်တော်များနှင့် ယင်းတို့၏ ဥပဒေကြမ်းကော်မတီများ သို့မဟုတ် ပူးပေါင်းကော်မတီတို့က ဖိတ်ကြားလာက ပူးပေါင်းဆောင်ရွက်ရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့



ပျောက်ဆုံးကြောင်း

ဦးလေးကျော်၏သား ကျွန်တော် ဦးအောင်ကြီး ၈/ခမန(နိုင်)၁၅၀၀၈၈၏ ပတ်စ်ပို့ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၃၁၄၀၃၈၀

ပြည်တွင်းသတင်း

ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင် ဆေးရုံများစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၅

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်သည် အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက ညောင်တုန်းမြို့ ဆားမလောက်တောင်သူလယ်သမားဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ပုသိမ်မြို့ ငွေဆောင်ဆေးရုံ၌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပနေစဉ်ကာလအတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကြိုတင်ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ငွေဆောင်ရပ်မိရပ်ဖများ၊ ဆေးရုံပြုပြင်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေသော T&Y ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဆေးရုံဝန်ထမ်းများနှင့်တွေ့ဆုံပြီး ငွေဆောင်ဆေးရုံတွင် လူနာတင်ယာဉ်တစ်စီးထားရှိပြီး ဆေးရုံသုံးပစ္စည်းကိရိယာများလည်း ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများကို အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန်၊ တည်ဆောက်ပြီးသည့် အခန်းများတွင် ဆေးရုံသုံးပစ္စည်းကိရိယာများ တပ်ဆင်ထားရန်တို့ကိုမှာကြားသည်။

အောက်တိုဘာ ၂၃ ရက်တွင် ပုသိမ်မြို့ ငွေဆောင်ကမ်းခြေရှိ လှေလှော်ရွက်တိုက် အားကစားပြိုင်ပွဲကျင်းပမည့်နေရာနှင့် အားကစားသမားများ တည်းခိုဆောင်ဆောက်လုပ်မှု၊ ဆေးခန်းနေရာချထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပုသိမ်ဆေးရုံကြီး၌ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်များ၊ ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံခဲ့သည်။

ထို့နောက် ဟင်္သာတမြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဆေးရုံကြီးနှင့် ဆေးရုံတိုးချဲ့တည်ဆောက် မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးကာ ဇလွန်ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

ဖဲကြိုးဖြတ် ဖွင့်လှစ်

အောက်တိုဘာ ၁၉ ရက်က မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် အောင်သာကျေးရွာ၌ သဒ္ဓမ္မရံသီမ္မောရုံ ကျောင်းဆောင်သစ်၊ စက်ရေတွင်းနှင့် ဘုရားရုပ်ပွားတော်များ ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို အလှူရှင် သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းနှင့်ဇနီး ဒေါ်ထွေးရီ၊ အလှူရှင် ဦးလှသန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဆွေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ရှေ့ဖုံးမှ

ပထမပိုင်းအနေဖြင့် ရန်ကုန်မှ တောင်ငူအထိ စတင်ပြုလုပ်မည်ဖြစ်သည်။ ထို့နောက် ဒုတိယပိုင်းအဖြစ် တောင်ငူမှ ရမည်းသင်းအထိ သတ်မှတ်ထားပြီး တတိယပိုင်းအဖြစ် ရမည်းသင်းမှ မန္တလေးအထိ သတ်မှတ်ဆောင်ရွက်ရန် လောလောဆယ် စီမံကိန်းရေးဆွဲထားသည်။

ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်မှုပြုလုပ်ရာတွင် ရထားလမ်းများ၊ဇလီဖားတုံးများ အသစ်လဲလှယ်ခြင်း၊ ရထားလမ်း မြေသားပြုပြင်ခြင်း၊ တံတားများ ပြုပြင်ခြင်း၊ ဘူတာရုံနှင့်အလုပ်ရုံများပြုပြင်ခြင်း၊ အချက်ပြဆက်သွယ်ရေးစနစ်များပြုပြင်ခြင်း၊ တွဲပြင်စက်ရုံ၊ စက်ခေါင်းစက်ရုံများ အဆင့်မြှင့်တင်ခြင်း၊ ကုန်စည်ပို့ ဆောင်ရေးစနစ်ဆက်စပ်သည့်ပစ္စည်းများဖြည့်ဆည်းခြင်းစသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန်စီစဉ်ထားသည်။

ရန်ကုန်-မန္တလေးရထားလမ်းတစ်လျှောက် အလိုအလျောက် ဂိတ်စနစ်များကို ဂျပန်နိုင်ငံအကူအညီဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ လိုအပ်သည့်ပစ္စည်းကိရိယာများကိုလည်း ဂျပန်မှပင် ဝယ်ယူတပ်ဆင်သွားရန် ရှိကြောင်းသိရသည်။

(မြန်မာ့အလင်း)

ရှေ့ဖုံးမှ

အဆင်သင့်သလို သုံးနိုင်မှာဖြစ်ပါတယ်။ အဲဒ့ါအပြင် Visa က အခြားသောငွေပေးချေစနစ်အသစ်တွေကိုလည်း ထပ်ပြီးမိတ်ဆက်ပေးသွားမယ်”ဟု ပြောကြားသည်။

အဆိုပါ Multicurrency Travel Prepaid ကတ်ကို အသုံးပြုခြင်းဖြင့် ပြည်တွင်းဝင်ရောက်သူသို့မဟုတ် ပြည်ပထွက်ခွာလိုသူများအတွက် မိမိသယ်ယူသွားလိုသည့်ငွေကြေးပမာဏ၏ ဈေးနှုန်းအတက်အကျကို ရှောင်ရှားနိုင်မည်ဖြစ်ပြီး ငွေကြေးသုံးမျိုးအနက်မှ အဆင်ပြေရာရွေးချယ်အသုံးပြုနိုင်ခြင်းရှိကာ တစ်ကတ်လျှင် ကန်ဒေါ်လာ ၅၀၀၀ အထိ ထည့်သွင်းနိုင်ခြင်း၊ ငွေပြန်ဖြည့်နိုင်ခြင်းအပြင် PIN စနစ်၊ Chip စနစ်အသုံးပြုထားရန် Chip စနစ်ဖြင့် ဝယ်ယူပေးချေမှုများ၊ PIN စနစ်ဖြင့် ATM မှ ငွေထုတ်ခြင်းများဆောင်ရွက်နိုင်မည်ဖြစ်ပြီး မိမိ၏ ငွေသုံးစွဲမှုအချက်အလက်တို့ ကို Visa ၏အွန်လိုင်းတွင် ဝင်ရောက်စစ်ဆေးနိုင်မည်ဖြစ်သည်။

Visa ငွေပေးချေမှုစနစ်ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ၌မြန်မာနိုင်ငံတွင် စတင်အသုံးပြုခဲ့ပြီး Visa ကတ်အသုံးပြုရန် ငွေကြေးစီးဆင်းမှုမှာ အမေရိကန်ဒေါ်လာ ၁၅ သန်းရှိနေပြီဖြစ်ပြီး မြန်မာနိုင်ငံတွင် Visa ကတ်ကိုင်ဆောင်သူများသည် ATM 250 ကျော်တွင် ငွေထုတ်ယူနိုင်ပြီဖြစ်ကာ နိုင်ငံအတွင်းရှိ ဆိုင်ပေါင်း ၆၀၀ ကျော်တွင် ငွေပေးချေနိုင်နေပြီဖြစ်ကြောင်း Visa မှ တာဝန်ရှိသူက အတည်ပြုပြောကြားသည်။

ခင်ရတနာ

ခရီးသွားပြည်သူများသို့ အသိပေးကြေညာခြင်း

မြန်မာ့မီးရထားသည် ပြည်သူတို့အား ဝန်ဆောင်မှုအပြည့်အဝပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာတစ်နိုင်ငံလုံးရှိ ဘူတာ ကြီးငယ်များတွင် ပြည်သူ့ဆက်ဆံရေးဌာနများ ဖွင့်လှစ်ထားရှိပြီး ပြည်သူများမှ အကြံပြုချက်များ၊ တိုင်ကြားချက်များကို စာဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း ရေးသားပြောဆိုနိုင်ရန် စီစဉ်ဆောင်ရွက်ထားပြီး မြန်မာ့မီးရထားရုံးချုပ်သို့ နေ့စဉ်ပေးပို့လာသည့်စာများကို လက်ခံဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့မီးရထားရုံးချုပ် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ လေ့လာသုံးသပ်ရေးအဖွဲ့ Working Group သည်နေ့စဉ်ရရှိသောပြည်သူလူထု၏ အသံများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် အပတ်စဉ်ဌာနအကြီးအကဲများဖြင့် ညှိနှိုင်းဖြေရှင်းပေးလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ခဲ့သဖြင့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတွင် ခရီးသွား ပြည်သူများ အဆင်ပြေချောမွေ့စွာ သက်သောင့်သက်သာ စီးနင်းနိုင်ရန်အတွက် အစုန်/အဆန် ရထားလမ်းတွင် ခုန်/ဆောင့်/လူးများလျော့နည်းစေရန် မြန်မာ့မီးရထား တိုင်းအလိုက်နယ်မြေများတွင် အဆက်နိမ့်နှင့် သံလမ်းအဖြောင့်ဆွဲခြင်း၊ အဆက်ပက်ကင်ရိုက်ခြင်း၊ ရေချိန်ညှိခြင်း၊ အဆက်အကြီးစားပြုပြင်ခြင်း၊ မြေကျွံနေရာများအား သဲထည့်ပက်ကင်ရိုက်ခြင်း၊ Level Crossing ရေဝပ်နေရာ ပက်ကားကြီး ပြုပြင်ခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ရထားစီးခရီးသွား ပြည်သူများဗဟုသုတတိုးပွားစေရန်နှင့် စာပေဖတ်ရှုလေ့လာနိုင်ရန် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် ဘူတာရုံများတွင် စာပေရေချမ်းစင် ၈၁ ခုအား ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။

ထို့အပြင် မန္တလေး-မြစ်ကြီးနား လမ်းပိုင်းရှိ စစ်ကိုင်းတံတားမှ နန့်စီအောင်ဘူတာအကြားတွင် ရထားလမ်းဝဲ/ယာရှိ ရထားလမ်းနှင့်မလွတ်ကင်းသည့် သစ်ပင်ချုံနွယ် ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းသကဲ့သို့ ရထားလမ်းများကြံ့ခိုင်ရေးကို အရှိန်အဟုန်ဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ခရီးသွားပြည်သူများ အနေဖြင့် မြန်မာ့မီးရထားနှင့်ပတ်သက်၍ အကြံပြုတိုင်ကြားလိုပါက ဘူတာရုံများရှိ ပြည်သူ့ဆက်ဆံရေးဌာန မြန်မာ့မီးရထား တိုင်းရုံးများနှင့် ရုံးချုပ်သို့ အသိပေးတိုင်ကြားပါရန် ပြည်သူများသို့ လေးစားစွာအသိပေးအပ်ပါသည်။

မြန်မာ့မီးရထား

လူကုန်ကူးမှုပပျောက်မှ ဒို့တွေစိတ်မှာချမ်းသာရ

အင်္ဂလိပ်ခေတ် စစ်လက်နက်ပစ္စည်းများတူးဖော်တွေ့ရှိ

စဉ့်ကူး အောက်တိုဘာ ၂၅

စဉ့်ကူးမြို့နယ် ကုက္ကိုကျေးရွာအုပ်စု ခမ်းပါးကျေးရွာတွင် အာစာရဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ ဆောက်လုပ်ရန် မြေများရှင်းလင်းတူးဖော်စဉ် မြေအနက် သုံးပေခန့် အရောက်တွင် ယခင်မြန်မာပြည်၌ အင်္ဂလိပ်များအုပ်စိုးစဉ်က အင်္ဂလိပ်စစ်သည်များ သုံးစွဲခဲ့သည်ဟု ယူဆရသည့် စစ်လက်နက်ပစ္စည်း ၁၀မျိုးတို့ကို တူးဖော်တွေ့ရှိရကြောင်း သိရသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ ခမ်းပါးကျေးရွာကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တတေဇောသာရက ဓမ္မာရုံဆောက်လုပ်ရန်အတွက် အောက်တိုဘာ ၂၁ ရက်က ရွာသားတစ်ဦးကို မြေရှင်းလင်းတူးဖော်ခိုင်းရာ မြေအနက် သုံးပေအရောက်တွင် အင်္ဂလိပ်ရိုင်ဖယ်သုံးလက်၊ အင်္ဂလိပ်စတင်း တစ်လက်၊ ပွိုင့် ၃၀၃ကျည် ရှစ်တောင့် (သုံးမရ)၊ အရိုးအသွား ၁ ပေ ၃ လက်မရှိ ဘက်နက်ဓား နှစ်ချောင်း၊ စက်ကလေးကျည်အိမ်အဟောင်း တစ်ခု၊ သံခမောက်ဟောင်းတစ်လုံး၊ အပြာရောင်သံရေဘူးဟောင်းတစ်လုံး၊ အရိုးမပါ ပေါက်ပြားတစ်လက်၊ သံဓားအိမ်အပျက်တစ်ခုနှင့် သံချေးတက် ဆက်စပ်ပစ္စည်း သံကွင်းသုံးခုတို့ကို တူးဖော်တွေ့ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုရဲအုပ်သတိုးက ရှာဖွေပုံစံဖြင့် သိမ်းဆည်းကာ သက်ဆိုင်ရာသို့ ဆက်လက်အပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၃၃)

အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ မဟာဓာတ်အားလိုင်းမှ ဓာတ်အားကိုလက်ခံ၍ အများပြည်သူသို့ ဓာတ်အားဖြန့်ဖြူးပို့လွှတ်ထားသော သာကေတပင်မဓာတ်အားခွဲရုံရှိ ၂၃၀/ ၃၃ ကေဗွီ ၁၀၀ အမ်ဗွီအေထရန်စဖော်မာ၏ ၃၃ ကေဗွီဗို့အားအထွက် အပိုင်းတွင် လွန်းဖွာနေသော ဓာတ်အားလိုင်းကြိုးများအား အစားထိုး အသစ်လဲလှယ်ခြင်း၊ ယာယီအစားထိုးတပ်ဆင်ထားသော လျှပ်စီးတိုင်း ထရန်စဖော်မာသုံးလုံးအား အသစ်ဖြင့်လဲလှယ်ခြင်း၊ စမ်းသပ်စစ်ဆေးခြင်း တို့ကို အရေးပေါ်ဆောင်ရွက်ရန် လိုအပ်နေပါသည်။

၂။ သို့ပါ၍ သာကေတပင်မဓာတ်အားခွဲရုံတွင် ဖော်ပြပါလုပ်ငန်းများအား ဓာတ်အားပိတ်ဆောင်ရွက်ရမည်ဖြစ်ရာ အောက်ပါနေ့ရက်၊ အချိန်တွင် ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါကြောင်း ဓာတ်အားပြတ်တောက်မည့်နေရာဒေသများတွင် နေထိုင်သူ အများပြည်သူများအား အသိပေးအပ်ပါသည်။

သာကေတပင်မဓာတ်အားခွဲရုံရှိ ၂၃၀/၃၃ ကေဗွီ ၁၀၀ အမ်ဗွီအေထရန်စဖော်မာအမှတ်(၂)ကို ၂၇-၁၀-၂၀၁၃ ရက် (တနင်္ဂနွေနေ့) ၉ နာရီမှ ၁၅ နာရီအထိ ဓာတ်အားပိတ်ထားမည်ဖြစ်ရာ-

(က) သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်တို့၏ရပ်ကွက်များတွင်လည်းကောင်း၊

(ခ) သင်္ဃန်းကျွန်းမြို့နယ်ရှိ ဇဝန၊ ဆ/က၊ ဗိုလ်ကံညွန့်၊ လေးဒေါင့်ကန်၊ င/က၊ မိကျောင်းကန်၊ ဝေဇယန္တာ၊ သာဓု၊ ဆယ်သိန်း၊ နန္ဒင်းကုန်း၊ ရန်အောင်၊ က မှ ယ အထိ ရပ်ကွက်များ၊ ရန်ကုန်သစ် တစ်ခြမ်း၊ င/ခ ရပ်ကွက်၊ မေခ၊ မလိခအိမ်ရာ၊ ငမိုးရိပ်၊ စံပြ၊ ပြည်ထောင်စုရိပ်မွန်၊ ပင်လုံ၊ ကြီးပွားရေး တောင်/ မြောက်၊ ကမ်းသာယာနှင့် ဣန္ဒာတံအိမ်ရာတို့တွင်လည်းကောင်း၊

(ဂ) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁၀)၊(၂၈)၊(၂၉)၊(၃၀)၊(၃၈)၊(၄၅)၊(၄၃)၊(၁၆) ရပ်ကွက် တို့တွင်လည်းကောင်း၊

(ဃ) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကွေ့မအိမ်ရာ၊ တော့စတားအိမ်ရာ၊ အင်းဝအိမ်ရာ၊ (၁၈)၊ (၁၉)၊(၂၀)၊(၂၁)၊(၂၂)၊(၂၄)၊(၂၅)၊(၂၆)၊(၅၃)၊(၅၅)၊(၅၆)၊(၅၇)၊(၆၄)၊(၆၅)၊(၇၀)၊(၇၂)၊(၁၀၅)၊(၁၀၆)၊ (၁၀၇)တို့တွင် လည်းကောင်း **ခြောက်နာရီကြာ** ဓာတ်အားပြတ်တောက်မည်ဖြစ်ပါသည်။

၃။ ယင်းသို့ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားပေးနေစဉ်ကာလအတွင်း ချွတ်ယွင်းအားနည်းမှုဖြစ်ပေါ်နေသည့် နေရာများမှ အပြစ်ဖြစ်ပေါ်ခဲ့ပါက ပျက်စီးဆုံးရှုံးမှုပိုများပြီး ပြုပြင်ရန်အချိန်ပိုကြာခြင်း၊ မလိုလားအပ်သော ဓာတ်အားစနစ်အတွင်း တည်ငြိမ်မှုထိခိုက်ခြင်းကို ဖြစ်ပေါ်စေနိုင်ခြင်းတို့ကြောင့် ကြိုတင်ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

ပြည်တွင်းသတင်း

ဖြူးချောင်းသဲသောင်အောက်တွင်တွေ့ရှိခဲ့သောဗုံးအား အန္တရာယ်ကင်းစွာဖောက်ခွဲရန် စီစဉ်လျက်ရှိ

ဖြူး အောက်တိုဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ မြောက်ဘက် ဖြူးချောင်းရထားသံလမ်းတံတားအရှေ့ဘက် ကိုက် ၁၀၀ ခန့် ဖြူးချောင်းတောင်ဘက်ကမ်းအနီး အောက်တိုဘာ ၁၂ ရက် ညနေ ၃ နာရီခန့်က တွေ့ရှိဆယ်ယူခဲ့သည့် ဒုတိယကမ္ဘာစစ်လက်ကျန် မပေါက်ကွဲသေးသော ဗုံးကို မူလဖောက်ခွဲရန်စီစဉ် ထားသောနေရာမှ ပတ်ဝန်းကျင်ရှိပြည်သူများ ထိခိုက်မှုအန္တရာယ် စိုးရိမ်ရသည့်အတွက် အန္တရာယ်ကင်းလွတ်ရာနေရာသို့ ပြောင်းရွှေ့ဖောက်ခွဲရန် စီစဉ်နေကြောင်း သိရသည်။

အဆိုပါ ဗုံးမှာ အလျား လေးပေခွဲ၊ လုံးပတ်လေးပေခွဲနှင့် အချင်းတစ်ပေခွဲရှိပြီး **(ယာပုံ)** မူလစတင်တွေ့ရှိသည့် နေရာမှ အရှေ့ဘက်ကိုက် ၃၃၀ ရထားသံလမ်းမှ အရှေ့ဘက်ကိုက် ၈၈၀ အုတ်ဖြတ်ရပ်ကွက်ဗိုလ်ချုပ်ရပ်ကွက်နှင့် ကိုက် ၃၀၀ ဖြူးချောင်းမြောက်ဘက်ဝဲဒေါင့်ရွာနှင့်ကိုက် ၅၀၀ ဇီးတောရွာမှ ကိုက် ၂၅၀ အကွာဖြူးချောင်းအတွင်းကျင်းတူးဖောက်ခွဲရန် ကျွမ်းကျင်သူများက စီစဉ်ခဲ့သော်လည်း မိုင်းကျွမ်းကျင်သူများက ထပ်မံစစ်ဆေးတွက်ချက်ပြီးနောက် ဗုံးပေါက်ကွဲမှုပြင်းအားနှင့် မြေကြီးတုန်ခါမှုနှုန်းအား ပြင်းထန်မှုတို့ကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအန္တရာယ် စိုးရိမ်ရသည့်အတွက် အန္တရာယ်ကင်းလွတ်ရာသို့ ပြောင်းရွှေ့ဖောက်ခွဲရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဖြူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမ မိုင်တိုင်အမှတ် (၁၂၀) ပြောင်သေချောင်းတံတား အနောက်ဘက် နှစ်မိုင်ခန့် အကွာချောင်းအတွင်း မြေပေါ်မှာ ဖောက်ခွဲဖို့စီစဉ်နေပါတယ်။ အဲဒီနေရာမှာဆိုရင် ပတ်ဝန်းကျင် ထိခိုက်မှုအန္တရာယ်မရှိနိုင်ဘူးလို့ သိရပါတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်က ရှင်းပြသည်။

အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီခန့်က အမှတ် (၁၉) စစ်မြေပြင်အင်ဂျင်နီယာ တပ်ရင်းမှူးနှင့် စစ်လက်နက် ပစ္စည်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မြေစာရင်းမှူးနှင့် မြို့နယ်သစ်တောဦးစီးမှူးတို့ ပါဝင်သောအဖွဲ့တို့က အဆိုပါဗုံး ဖောက်ခွဲမည့်အန္တရာယ်ကင်းလွတ်ရာ မြေနေရာတို့ကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ဖြူးမြင့်ဦး

လောင်းကစားဂိမ်းစက်များ မီးရှို့ဖျက်ဆီး

နေပြည်တော် အောက်တိုဘာ ၂၅

အောက်တိုဘာ ၂၄ ရက် နံနက် ၇ နာရီမှ ၇ နာရီခွဲအထိ ကရင်ပြည်နယ် မြဝတီမြို့ အမှတ် (၄)ရပ်ကွက် မိဋ္ဌာန်အောင်ဘုရားမြေကွက်လပ်တွင် လောင်းကစားဂိမ်းစက်များ မီးရှို့ဖျက်ဆီးပွဲကျင်းပရာ မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မြင့်က အမှာစကားပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်၊ သင်္ဃန်းညီနောင်အခြေချ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ညီညီဆွေ၊ ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိန်လွင်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းစေးအွာ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးမန်းကံညွန့်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောအေးမြိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ NGO အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ သတင်းမီဒီယာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူလူထု ၅၀၀ ခန့်တက်ရောက်ခဲ့ကြောင်းနှင့် မြဝတီမြို့နယ်ရဲတပ်ဖွဲ့မှ သိမ်းဆည်းရမိခဲ့သည့်လောင်းကစား ဂိမ်းစက်မျိုးစုံ ၁၉၉ လုံး မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ရဲပြန်ကြား

အမှတ်(၁) ချစ်ကြည်ရေးတံတား၌ ထိုင်းနိုင်ငံက မြန်မာအလုပ်သမားကိုးဦးကို လွှဲပြောင်း

တာချီလိတ် အောက်တိုဘာ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ် မြန်မာ-ထိုင်းအမှတ်(၁) ချစ်ကြည်ရေးတံတား၌ အောက်တိုဘာ ၂၄ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က ခရိုင်/မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များ ဖြစ်သော မကဖ(၈) ဦးဝင်းအောင် ဦးစီး၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ရဲတပ်ကြပ်ကြီး ချစ်ရန်းနှင့် ဌာနဆိုင်ရာများပါဝင်သော အဖွဲ့သည် ထိုင်းနိုင်ငံ၊ လဝက ဦးစီးအရာရှိ စာစီတွန်၊ မယ်ဆိုင်ခရိုင်လဝကမှူး ဖနော်ကျာလူဖတ်၊ မယ်ဆိုင်ခရိုင် ဒုလဝကမှူး ဆက်ဒါးရန်စုကျမ်းနှင့် ဒုတိယလဝကမှူး ယဆဲန်ခုမ်ဟန်ဆန်တို့က မြန်မာအလုပ်သမား အမျိုးသားကိုးဦးကို လွှဲပြောင်းလက်ခံခြင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

လွှဲပြောင်းလက်ခံခဲ့သော မြန်မာနိုင်ငံသား ကိုးဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတား၌ အခြေပြုပြီး ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်ခဲ့ပြီး နေထိုင်ခွင့်ကတ်များ မရှိခြင်းနှင့် နယ်စပ်ဖြတ်သန်းခွင့်ခုနစ်ရက် ကျော်လွန်ခြင်းတို့ကြောင့် ရှောင်တခင်စစ်ဆေးချက်အရ ဖမ်းဆီးခံရခြင်းဖြစ်ပြီး ၎င်းတို့မှာ လူကုန်ကူးခံရခြင်းမရှိကြောင်း၊ လွှဲပြောင်းအလုပ်သမားကိုးဦးကို မြို့နယ်အုပ်ချုပ်ရေးမှူး အစီအစဉ်ဖြင့် ညနေ ၆ နာရီခွဲတွင် ၎င်းတို့၏ မိဘဆွေမျိုးများထံ ခံဝန်ဖြင့် အပ်နှံပေးခဲ့ကြောင်း သိရသည်။

၂၀၁၀ နိုဝင်ဘာ ၁၉ ရက်မှ ၂၀၁၃ အောက်တိုဘာ ၂၄ ရက်အထိ လွှဲပြောင်းပေးသည့် မြန်မာအလုပ်သမား အမျိုးသား ၄၉၃၂ ဦး၊ အမျိုးသမီး ၁၇၀၅ ဦး စုစုပေါင်း ၆၆၃၇ ဦးရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

သတင်းထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရသည် ယာဉ်အိုယာဉ်ဟောင်းများဖျက်သိမ်း၍ အစားထိုးတင်သွင်းခြင်း စီမံချက်ကို ၁၁-၉-၂၀၁၁ ရက်မှစတင်၍ နိုင်ငံပိုင်သတင်းစာများ၌သတင်းထုတ်ပြန်ကြေညာခဲ့ပြီး ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် ၁၉-၉- ၂၀၁၁ ရက်တွင် မှတ်ပုံတင်သက်တမ်းအနှစ် ၄၀ ကျော် "စ"၊ "ဆ"၊ "ဇ" အက္ခရာများကိုလည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် ၈-၁၁-၂၀၁၁ ရက်တွင် အနှစ် ၃၀ ကျော်မှ အနှစ် ၄၀ ကျော်အတွင်း "ဈ"၊ "ည"အက္ခရာများကို လည်းကောင်း၊ တတိယအဆင့်အနေဖြင့် ၂-၁-၂၀၁၂ ရက်တွင် အနှစ် ၂၀ ကျော်မှ အနှစ် ၃၀ ကျော်အတွင်း "ဏ"၊ "ထ"၊ "ဒ"၊ "ခ"၊ "န"၊ "ပ"၊ "ဗ"၊ "ဘ"၊ "လ"၊ "သ" အက္ခရာယာဉ်များကို စီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့ရာ ၂၄-၁၀-၂၀၁၃ ရက်အထိ ယာဉ်အိုယာဉ်ဟောင်း အပ်နှံမှုစီး ရေ ၉၄၁၆၈ စီးဖြစ်၍ ဆောင်ရွက်ပြီးစီးမှုမှာ ၈၉ ဒသမ ၆၁ ရာခိုင်နှုန်းဖြစ်ပါသည်။ ထို့အပြင် လေလံပြန်လည်မှတ်ပုံတင်ယာဉ်များဖြစ်သည့် Mazda အုပ်စုဝင်ယာဉ်များအားလုံး ၁၂-၇-၂၀၁၂ ရက်မှစ၍လည်းကောင်း၊ ကျန်လေလံပြန်လည်မှတ်ပုံတင်ယာဉ်များကို ၁၆-၁၁-၂၀၁၂ ရက်မှစ၍လည်းကောင်း စီမံချက်တွင် ထည့်သွင်းအပ်နှံဆောင်ရွက်ပေးလျက်ရှိရာ ၅၇၀၄ စီးဆောင်ရွက်ပြီးဖြစ်ပါသည်။

၃။ ယာဉ်အိုယာဉ်ဟောင်းလဲလှယ်ရေးစီမံချက် စတင်ဆောင်ရွက်ရာ ပထမဦးစွာ ကြေညာခဲ့သည့် ၁၁-၉-၂၀၁၁ ရက်စွဲပါ ကြေညာချက်၊ ၁၆-၆-၂၀၁၂ ရက်စွဲပါကြေညာချက်များအရ လက်ရှိယာဉ်မှတ်ပုံတင်အက္ခရာအလိုက် သတ်မှတ်ဆောင်ရွက်ခဲ့ရာမှ ဖွံ့ဖြိုးပြီး ဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ ၂၀၁၄ ခုနှစ်မှစ၍ မော်တော်ယာဉ်သက်တမ်းကိုသာ သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ ယာဉ်အိုယာဉ်ဟောင်းအပ်နှံဖျက်သိမ်း၍ အစားထိုးတင်သွင်းခြင်းတွင် "အ"အက္ခရာ ယာဉ်များအပ်နှံဆောင်ရွက်ခြင်းကို ၂၉-၁၀- ၂၀၁၃ ရက်မှစတင်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး/ တိုင်းဒေသကြီးရုံးများတွင် လက်ခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန



လွှတ်တော်ရေးရာကဏ္ဍ

✻ ပြည်ထောင်စုလွှတ်တော်မှ

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ခန့်မှန်းခြေများဖြစ်သည်နှင့် အညီ ရငွေများကို တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များအရ လစ်ဟင်းမှု မရှိစေရန် စည်းကြပ်ကောက်ခံခြင်း၊ ကောက်ခံရငွေများကို ပြည်သူ့ဘဏ္ဍာသို့ အပြည့်အဝဆောလျင်စွာ ပေးသွင်းခြင်း၊ တိကျမှန်ကန်စွာ စာရင်းရေးသွင်းပြုစုခြင်းများ အထူးအလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ၎င်းက ပြည်သူ့ဘဏ္ဍာငွေကို ကိုင်တွယ်သုံးစွဲခွင့်ရှိသူ ပြည်သူ့ဝန်ထမ်းများသည် ခန့်မှန်းခြေ သုံးစွဲခွင့်ပြုထားသည့်ငွေထက် ကျော်လွန်သုံးစွဲခြင်းများ မရှိစေရန် အသုံးစရိတ်တိုးတက်မှုများကို တာဝန်ရှိသူ အဆင့်ဆင့်က မျက်ခြည်မပြတ် စောင့်ကြည့်ခြင်း၊ ခန့်မှန်းခြေစာရင်းများအရ လျာထားခွင့်ပြုငွေများကို အပြည့်အဝ သုံးစွဲသည့်အနေဖြင့် လက်တွေ့သုံးစွဲခြင်းမပြုနိုင်သည့် ပိုလျှံငွေများကို ပြည်သူ့ဘဏ္ဍာငွေမှထုတ်ယူ၍ ပုဂ္ဂလိကဘဏ်စာရင်းများတွင် အပ်နှံပြီး နောင်လာမည့်ဘဏ္ဍာရေးနှစ်တွင် သုံးစွဲခြင်း၊ ၎င်းအပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကန်ထရိုက်တာများသို့ လုပ်ငန်းစတင်နိုင်ခြင်း မရှိသေးမီ ကြိုတင်ပေးငွေ၊ အပ်ငွေအဖြစ် ပေးချေခြင်း စသည်တို့သည် ပြည်သူ့ဘဏ္ဍာငွေကို ယာယီအလွဲသုံးစား လုပ်ရာမြောက်သည်ဖြစ်၍ အထူးဂရုပြုကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ငွေလုံးငွေရင်း အသုံးစရိတ်အောက်မှ ရန်ပုံငွေများတောင်းခံလျက် မိမိတို့၏ဝန်ကြီးဌာန၊ ဦးစီးဌာန၊ လုပ်ငန်းဌာနများအနေဖြင့် စီမံကိန်းပုံစံအမည်ပေး ကင်ပွန်းတပ်သတ်မှတ်ပြီး ငွေကြေးပမာဏကြီးမားစွာ သုံးစွဲလုပ်ကိုင်နေခြင်းများသည် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းရှုထောင့်မှ လည်းကောင်း၊ စာရင်းအင်းရှုထောင့်မှလည်းကောင်း ကြည့်လျှင် နည်းလမ်းမကျပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ထို့နောက် လွှတ်တော်နာယကက လွှတ်တော်ကိုယ်စားလှယ်များ၏ မူနှင့် အခြေခံသဘော ဆွေးနွေးချက်များပေါ် သက်ဆိုင်ရာပြည်ထောင်စု အဆင့်အဖွဲ့အစည်းက ပြန်လည်ရှင်းလင်းရန်ရှိပါက ရှင်းလင်းခြင်းနှင့် ဥပဒေကြမ်းဖြင့် တင်ပြထားသော ရငွေသုံးငွေများအပေါ် ဆွေးနွေးခြင်းတို့ကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးပို့ရန် ဖြစ်ကြောင်း ကြေညာသည်။

ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပစဉ်။ (သတင်းစဉ်)

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသူရိန်ဇော်က "နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ဦးမောင်တိုး ဆွေးနွေးသွားတာဟာ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ တင်ပြချက်နဲ့တူပါတယ်။ အခု အသုံးစရိတ် တောင်းခံတဲ့ရာခိုင်နှုန်းဟာ (၈ ဒသမ ၄)ရာခိုင်နှုန်းရှိတဲ့အတွက် မူလဘတ်ဂျက်ရဲ့ ၁၀ ရာခိုင်နှုန်းအောက်မှာရှိလို့ ပေးသင့်ပါတယ်။ အရင်လောက်လည်း မများဘဲနဲ့ ထိန်းထိန်းသိမ်းသိမ်း တောင်းလာတာကို တွေ့ရပါတယ်။ အရင်နှစ်တွေကဆိုရင် ၁၂ ရာခိုင်နှုန်း၊ ၁၃ ရာခိုင်နှုန်းလောက်အထိ တောင်းတာ တွေ့ရပါတယ်။ ဝန်ကြီးဌာနတစ်ခုချင်းအနေနဲ့တော့ များတဲ့ဌာနတွေရှိပါတယ်။ ဒါတွေကို ကော်မတီတစ်ခုချင်းအလိုက် စိစစ်ပြီး သုံးသင့်၊ မသုံးသင့်တာတွေကိုလည်း ထောက်ပြသွားမှာ ဖြစ်ပါတယ်။ အားလုံးအနေနဲ့ ခြုံကြည့်ရင်တော့ လက်ခံနိုင်တဲ့ အခြေအနေရှိပါတယ်"ဟု ၎င်း၏ အမြင်ကို ပြောပြခဲ့သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှပေးပို့သော ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီး ဒေါ်စီစီအား ၎င်း၏သဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်ခွင့်ပြုခြင်းနှင့်စပ်လျဉ်းသည့်သဝဏ်လွှာနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့ဝင် ဒုတိယဥက္ကဋ္ဌ ဦးသန်းညိန်းအား ၎င်း၏သဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်ခွင့်ပြုခြင်းတို့နှင့်စပ်လျဉ်းသည့် သဝဏ်လွှာများကို လွှတ်တော်၌ မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ လွှတ်တော်နာယကက နိုင်ငံတော်သမ္မတရုံးမှ ပေးပို့တင်ပြထားသည့် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်အတွင်း ရပ်ကွက်(၅)ရပ်ကွက်ဖြင့်ဖွဲ့စည်းထားသော ထူးကြီးမြို့အား တိုးချဲ့ဖွဲ့စည်း၍ ကျေးရွာအုပ်စုငါးအုပ်စုကို ပြင်ဆင်ဖွဲ့စည်းခြင်းတို့နှင့် စပ်လျဉ်းသည့် သဝဏ်လွှာကို လွှတ်တော်သို့တင်ပြပြီး မှတ်တမ်းတင် ဆောင်ရွက်ခဲ့သည်။

ယနေ့အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး သတ္တမနေ့ကို အောက်တိုဘာ ၃၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဥရောပသမဂ္ဂရုံး သံရုံးတာဝန်ခံဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂရုံး သံရုံးတာဝန်ခံ Mr. Alistair MacDonald ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိလွှတ်တော် ကော်မတီဆောင်အမှတ်(၁) သို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံတွင် ပြုလုပ်ကျင်းပမည့် မြန်မာ-ဥရောပသမဂ္ဂလုပ်ငန်းအဖွဲ့အစည်းအဝေး အစီအစဉ်တွင် လွှတ်တော်၏ ပါဝင်မှုအခန်းကဏ္ဍနှင့် လွှတ်တော်ကိုယ်စားလှယ်များပါဝင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့်ဥရောပသမဂ္ဂပါလီမန်နှစ်ရပ်ကြား ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့်လွှတ်တော်များကို ဥရောပသမဂ္ဂမှ အကူအညီပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်အတူ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်စိုးနှင့်ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

✪ ပြည်သူ့လွှတ်တော်မှ

ဒုတိယဝန်ကြီး၏ဖြေကြားချက်နှင့်စပ်လျဉ်း၍ မေးခွန်းရှင် ဦးညဏ်ဆွေဝင်းက "ကျွန်တော်တို့နိုင်ငံရဲ့ တိုင်းနဲ့ပြည်နယ်နေရာအနှံ့အပြားမှာ သဘာဝသစ်တောကြီးတွေရှိတဲ့အတွက် ဆေးဖက်ဝင်အပင်တွေက ပေါက်ရောက်လျက်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ဘိုးဘွားဘီဘင်တွေလည်း ဒီဆေးဖက်ဝင်အပင်တွေနဲ့ ရှင်သန်ခဲ့တာပါ။ အခုတော့ သစ်တောပြုန်းတီးတာတို့၊ သဘာဝဘေးအန္တရာယ် ဖြစ်တာတို့၊ အခြေခံအဆောက်အအုံဆောက်လုပ်တာတွေကြောင့် တန်ဖိုးရှိတဲ့ တိုင်းရင်းဆေးပင်တွေဟာ ပြုန်းတီးမယ့် အခြေအနေမျိုးနဲ့ ရင်ဆိုင်နေရပါတယ်။ အဲဒီလို တန်ဖိုးရှိတဲ့ တိုင်းရင်းဆေးပင်တွေကို သုတေသနပြုတာတို့၊ မျိုးထိန်းတာတို့၊ တိုင်းနဲ့ပြည်နယ်အလိုက် ပြန်ပြီး စိုက်ပျိုးတာတွေကို အကန့်အသတ်နဲ့ တန်ဖိုးရှိရှိ ထုတ်လုပ်စေချင်တယ်။ ပြည်တွင်း၊ ပြည်ပအထိ တင်ပို့နိုင်ဖို့ဆိုရင်လည်း စဉ်ဆက်မပြတ် ပိုပြီးပွားများအောင် လုပ်ဖို့လိုတယ်။ တိုင်းရင်းဆေးဆိုတာက ဘေးထွက်ဆိုးကျိုး အင်မတန်နည်းတယ်။ ကုန်ကျစရိတ်လည်း သက်သာတယ်၊ အစွမ်းလည်းထက်တဲ့အတွက်ကြောင့် ခေတ်မီနည်းပညာတွေနဲ့ ထုတ်လုပ်မယ်ဆိုရင် နိုင်ငံခြားဈေးကွက်ကိုလည်း ထိုးဖောက်နိုင်မယ်။ ကုန်ကျစရိတ် နည်းပါးစွာ ကုသနိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ဒီမေးခွန်းကိုမေးခဲ့တာပါ"ဟု ပြောပြခဲ့သည်။

အစည်းအဝေးတွင် ပညာရေးဆိုင်ရာ မေးခွန်း(၂)ခုအား ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်က ဖြေကြားခဲ့သည်။

ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး၏ **ဟုမ္မလင်းမြို့နယ် မောင်းခမ်းစံပြကျေးရွာ အခြေခံအထက်တန်းကျောင်းအား ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် စာစစ်ဌာနအဖြစ် တိုးချဲ့ဖွင့်လှစ်ပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၏ စိစစ်တင်ပြမှုအရ လိုအပ်သောထောက်ခံချက်များ ပြည့်စုံနေသည့်အတွက် ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီတွင် တင်ပြပြီး အတည်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် လည်းကောင်း၊ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၏ **မြို့မအခြေခံအထက်တန်း ကျောင်းခွဲအတွက် ကျောင်းဆောင်အသစ် တစ်ဆောင် ဆောက်လုပ်ပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ခွဲဝေချထားပေးပြီး ဖြစ်ပါကြောင်းဖြင့် လည်းကောင်း ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင် ဖြေကြားစဉ်။ (သတင်းစဉ်)

ကျောက်ကြီး မဲဆန္ဒနယ်မှ ဦးညဏ်ဆွေဝင်း မေးမြန်းစဉ်။ (သတင်းစဉ်)

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင်ရပ်နားလိုက်ပြီး အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို အောက်တိုဘာ ၂၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ရွေးကောက်ပွဲဆိုင်ရာ အခြေခံသဘောတရား အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၅

၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍တရားမျှတစွာ ကျင်းပနိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် EU-EST (ဥရောပသမဂ္ဂရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေးအဖွဲ့)တို့က ကြီးမှူးကျင်းပသော ရွေးကောက်ပွဲဆိုင်ရာအခြေခံသဘောတရားအလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် နေပြည်တော် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးရှိ သင်တန်းခန်းမ၌ ကျင်းပသည်။

ယင်းအလုပ်ရုံ ဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးဝင်းကြည်က ကြီးမှူး၍ EU-EST မှ ကျွမ်းကျင်ပညာရှင် Ms. RUTH MEYER နှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးမှ BRIDGE Course (Building Resources in Democracy, Governance and Elections Course)အောင်မြင်ပြီးသူ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ဝင်းမြင့်နှင့် ဦးစီးအရာရှိ ဒေါ်သင်းသင်းနွယ်၊ ဒေါ်အေးအေးမော်တို့က ဦးဆောင်ကျင်းပခဲ့ကြသည်။

ယင်းအလုပ်ရုံ ဆွေးနွေးပွဲသို့ နေပြည်တော် ကောင်စီနယ်မြေရှိ နေပြည်တော်ကော်မရှင် အဖွဲ့ခွဲနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများမှ ၁၇ ဦး၊ ပြန်ကြားရေးဝန်ကြီးဌာနမှ နှစ်ဦး၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ တစ်ဦး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တစ်ဦး၊ စုစုပေါင်း ၂၁ ဦး တက်ရောက်လေ့လာဆွေးနွေးကြကြောင်း သိရသည်။ **(သတင်းစဉ်)**

✻ ကျော်ဖုံးမှ

အောင်မြင်မှုမှတ်ကျောက်တင်ခံနိုင်ရေးအတွက် မြန်မာပိုက်ကျော်ခြင်းအဖွဲ့၏ စွမ်းဆောင်မှုများကို စောင့်ကြည့်ရမည်ဖြစ်သည်။

အားကစားသမားများ

မြန်မာပိုက်ကျော်ခြင်းအဖွဲ့တွင် အုပ်ချုပ်သူ ဦးအောင်ကျော်မိုး၊ နည်းပြချုပ် ဦးသန်းလွင်၊ နည်းပြများဖြစ်ကြသည့် ဦးအောင်ချိုမြင့်၊ ဦးသိန်းဌေး၊ ဦးသောင်းညွန့်၊ ဦးတင်ဝင်း၊ ဦးအောင်မျိုးသွင်၊ ဦးစိုးလှိုင်၊ ဦးစိုးမြင့်၊ ဦးမြတ်မိုးဦး၊ ကစားသမားများအဖြစ်(အမျိုးသား)အောင်မျိုးဆွေ၊ ရာဇာထွန်း၊ ပိုင်မိုးဦး၊ ဘုန်းခိုင်၊ စည်သူလင်း၊ ကျော်စိုးဝင်း၊ ဝေလင်းအောင်၊ ဇော်ဇော်အောင်၊ သန့်ဇင်ဦး၊ ဇော်လတ်၊ အောင်ပြည့်ထွန်း၊ အောင်ကိုဦး၊ ကျော်သီဟဦး၊ သန်းဇော်ဦး၊ သိန်းဇော်မင်း၊ အောင်ဇော်၊ အောင်လှိုင်မိုး၊ အောင်ကျော်မိုး၊ ကျော်ဇေယျ၊ (အမျိုးသမီး) ခင်နုနုဖြိုး၊ မာမာဝင်း၊ ကေဇင်ထွဋ်၊ စုမြတ်ယဉ်၊ နန်းစုမြတ်စံ၊ သဥ္ဇာစိုးညွန့်၊ ခင်မိုးဝေ၊ အေးအေးသန်း၊ နန့်ခင်လေးငယ်၊ နန့်ယဉ်ယဉ်မြင့်၊ အိသဥ္ဇာ၊ မေဇင်ဖြိုး၊ စုသဥ္ဇာနိုင်၊ ဖြူဖြူသန်း၊ နွယ်နွယ်ထွေး၊ နိုင်နိုင်ဝင်းနှင့်ကြူကြူသင်းတို့ ပါဝင်ကြသည်။

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် အောက်တိုဘာ ၂၅

မန္တလေးတိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အဆင့်ဆင့်မှ ကော်မတီဝင်များနှင့် ပါတီဝင်များ စုစုပေါင်း ၈၈ ဦးတို့သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပနေပုံများကို လာရောက်လေ့လာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတို့နှင့် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ နှိုင်းယှဉ်လေ့လာခြင်း

ကျွန်တော်သည် တတ်ကျွမ်းသော ဥပဒေပညာဖြင့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှစတင်၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲသည်အထိ တာဝန်ထမ်းဆောင်စဉ် အတွေ့အကြုံများဖြင့် ထိရောက်စွာ လေ့လာခွင့်ရခဲ့သည်။ အထူးသဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန်အတွက် အမျိုးသားညီလာခံကျင်းပပြီး အခြေခံမူများရေးဆွဲခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းလုပ်ငန်းများကို ထိထိရောက်ရောက် တာဝန်ထမ်းဆောင်ခွင့်ရခဲ့သည်။ထို့ကြောင့် မိမိနိုင်ငံတွင် ပြဋ္ဌာန်းကျင့်သုံးခဲ့သော အခြေခံဥပဒေ (၃)ခုတို့ကို နှိုင်းယှဉ်ပြသရန် ဆန္ဒဖြစ်ပေါ်လာသည်။ အကြောင်းမူကား အခြေခံဥပဒေကို အများပြည်သူတို့ ခြုံငုံလေ့လာမိစေလို၍ဖြစ်သည်။ မပျောက်ပျက်ကောင်းသော သမိုင်းမှတ်တမ်းအဖြစ်ကိုလည်း မှတ်တမ်းတင်လိုခြင်း ဖြစ်သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဥပဒေရေးရာစကားဝိုင်းအဖြစ် ရုပ်မြင်သံကြားအစီအစဉ်များမှတစ်ဆင့် အများပြည်သူအကျိုးကို ရှေးရှု၍ ကျွန်တော်တင်ပြခဲ့ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသမိုင်းကြောင်းဟုဆိုလျှင် သက်ဦးဆံပိုင် ပဒေသရာဇ်စနစ်၊ ထို့နောက် နယ်ချဲ့ကိုလိုနီခေတ်ကို ဖြတ်သန်းပြီး လွတ်လပ်ရေးသမိုင်းကြောင်းနှင့်ယှဉ်၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ မွေးဖွားလာသည့်သမိုင်းကို သိသင့်ပေသည်။ ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ဖဆပလဗဟိုဦးစီးအဖွဲ့၏ သဘောတူညီချက်အရ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် ယာယီအမှုဆောင်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ၈-၁၁-၁၉၄၆ ရက်တွင် ယင်းအစိုးရအဖွဲ့က အရေးကြီးသော ကြေညာချက်တစ်စောင်ထုတ်ပြန်ရာ "ဗြိတိသျှအစိုးရက မြန်မာပြည်လွတ်လပ်ရေးကို ကြေညာရန်နှင့် မကြေညာက အစိုးရတစ်ဖွဲ့လုံး နုတ်ထွက်မည်" ဟူ၍ ဖြစ်သည်။ ဗြိတိသျှအစိုးရလည်း ဗိုလ်ချုပ်အောင်ဆန်းတို့ကို ဘိလပ်သို့ ဖိတ်ခေါ်၍ **အောင်ဆန်း အက်တလီစာချုပ်** ချုပ်ဆိုခဲ့ကြသည်။ ယင်းစာချုပ် အပိုဒ် ၁ အရ ရွေးကောက်ပွဲများကျင်းပပြီး တိုင်းပြုပြည်ပြုလွှတ်တော်ကို တည်ထောင်ခဲ့သည်။ ရေးဆွဲထားသော **ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ**ကို ပါလီမန်သို့မတင်သွင်းမီ ၁၉-၅-၁၉၄၇ ရက်တွင် ပြည်သူ့ကိုယ်စားလှယ်များပါဝင်သော ဂျူပလီဟောညီလာခံကြီး ကျင်းပ၍ တင်ပြခဲ့သည်။ ယင်းဂျူပလီဟော ပဏာမပြင်ဆင်မှု ညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သောမိန့်ခွန်းမှ အခြေခံဥပဒေပြဋ္ဌာန်းခြင်းနှင့်စပ်လျဉ်းသော စိတ်ဝင်စားဖွယ်ရာ အချို့ကို ရွေးနုတ်၍ တင်ပြလိုပါသည်။ ဒီမိုကရေစီစနစ် စတင်ကျင့်သုံးမည့် အခြေခံဥပဒေတစ်ရပ် စတင်မွေးဖွားလာခြင်း နိဒါန်းဖြစ်၍ တင်ပြလိုက်ရပါသည်။

"ရဲဘော်တို့-

ယခုလို တိုင်းပြည်ရဲ့ အရေးကြီးတဲ့ပြဿနာတွေ၊ အထူးသဖြင့် ကျွန်ဘဝကနေပြီး သခင်နိုင်ငံဘဝသို့ လက်ငင်းတက်လှမ်းနိုင်အောင် စီစဉ်ရမယ့်ပြဿနာတွေကို ဆွေးနွေးတိုင်ပင်နှီးနှောရအောင်ဆိုပြီး ကျွန်တော်တို့တစ်ခါ တွေ့ဆုံစည်းဝေးကြရတယ်ဆိုတာ အင်မတန်ကောင်းတာပဲ။ ခင်ဗျားတို့ ဒီရောက်လာတာ သိတဲ့အတိုင်း တိုင်းပြုပြည်ပြုလွှတ်တော် ရွေ့ပြေးပဏာမပြင်ဆင်မှုညီလာခံကို လာတက်တဲ့ ကိုယ်စားလှယ်တွေအဖြစ်နဲ့ ရောက်လာကြတာပဲ။×××××××××××"

လုံးဝလွတ်လပ်ရေးသာလိုချင်တယ်။

×××။

သမ္မတနိုင်ငံထူထောင်မယ်။

×××။

ရှင်ဘုရင်အုပ်စိုးတဲ့စနစ်မလိုချင်။

×××။

ဒီမိုကရေစီဝါဒအစစ်ကိုသာဖန်တီးမယ်။

×××။

ဒီမိုကရေစီဆိုတာဘာလဲ။

အဲဒီလိုစနစ်မျိုးနဲ့ သမ္မတအစိုးရမျိုးမှာသာ ကျုပ်တို့ တိုင်းသူပြည်သားတွေကို အကျိုးထိရောက်စွာ ဆောင်ရွက်ပေးနိုင်မှာပဲ။ ဒီမိုကရေစီတိုင်း ဒီမိုကရေစီတာမဟုတ်ဘူး။ ဒီမိုကရေစီခေတ်စားလာတဲ့အခါမို့ ရောယောင်ပြီး သံဖမ်းပြောကြားတာတွေလည်း အများကြီးပဲ။ ဒါဖြင့် ဒီမိုကရေစီဆိုတာဘာလဲ။ လူလူချင်း၊ လူတန်းစားအချင်းချင်း၊ လူမျိုးအချင်းချင်း အစရှိသည်အားဖြင့် အခွင့်အရေးတန်းတူ ကျပ်ပြည့်မရှိသမျှ ကာလပတ်လုံး ဒီမိုကရေစီ ကျပ်ပြည့်တင်းပြည့်မဟုတ်သေးဘူး။

×××။

တကယ့် ဒီမိုကရေစီဆိုတာ နိုင်ငံရေးသဘောတရားအရ ပြည်သူတွေရဲ့ အကျိုးအတွက် ပြည်သူတွေက တင်မြှောက်တဲ့ ပြည်သူတွေရဲ့ အစိုးရဖြစ်ရုံနဲ့ မပြီးသေးဘူး။ အဲဒီအစိုးရဟာ ပြည်သူတွေရဲ့ လက်ငင်းစီးပွားရေး အဆင့်အတန်းကို အခွင့်အရေးတန်းတူရနိုင်တဲ့အခြေအထိ မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့်ဒီမိုကရေစီအထိ တက်လှမ်းနိုင်မယ်။ ဒါဖြင့် အဲဒီလို ဒီမိုကရေစီအဆင့်အတန်းရောက်အောင် ဘယ်လိုအခြေခံတွေချရမလဲ။

ဒီမိုကရေစီအခြေခံများ

၁။ အရေးကြီးတဲ့စက်မှုလက်မှုပစ္စည်းလုပ်ငန်းတွေကို အစိုးရသိမ်းနိုင်ရမယ်။ သို့မဟုတ် သိမ်းနိုင်အောင်အခြေခံပျိုးထားရမယ်။

၂။ အလုပ်သမားတွေရဲ့ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ ကျန်းမာရေး၊ စည်းရုံးရေး၊ အိုနာစာအရေးအစရှိသဖြင့် အခွင့်အရေးတွေ ရှိရမယ်။

၃။ လယ်လုပ်တဲ့လူတွေရဲ့လက်ထဲ လယ်ရောက်အောင်စီစဉ်နိုင်ရမယ်။ လယ်အမြောက်အမြားကို တစ်သီးပုဂ္ဂလပိုင်ဆိုင်တဲ့ စနစ်ကို ပယ်ဖျက်နိုင်ရမယ်။

၄။ လူမျိုးအသီးသီးဟာလည်း သူတို့ရထိုက်တဲ့ အခွင့်အရေးတွေရအောင် စီစဉ်ထားရမယ်။

၅။ တိုင်းသူပြည်သားတွေသာလျှင် အာဏာပိုင်အစစ်ဖြစ်တယ်ဆိုတဲ့ သဘောတရားကို ခိုင်ခိုင်မာမာဖြစ်အောင် စီစဉ်တတ်ရမယ်။

၆။ လူမျိုးဘာသာ လိင်မရွေး တိုင်းပြည်ကြီးသားတိုင်း ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေပါရမယ်။

၇။ တိုင်းပြည်ကာကွယ်ရေးဟာ ပြည်သူ့အစိုးရတာဝန်ဖြစ်တယ်။ အခုကျွန်ဘဝမှာလို ရှေးကလိုအပျော်ထမ်းရဲအဖွဲ့အစရှိတဲ့ အခု ပြည်သူ့ရဲဘော်တပ်ဖွဲ့ဆိုတဲ့ အဖွဲ့မျိုးတွေကို တစ်သီးတခြား တည်ထောင်ရတဲ့ အခြေအနေမျိုးမရှိစေရဘူး။

၈။ တိုင်းပြည်ဥပဒေတရားရုံးစနစ်ဟာလည်း ပြည်သူတွေရဲ့အကျိုး ရှေးရှုမယ့် ပြည်သူ့တရားရုံးစနစ်မျိုးဖြစ်ရမယ်။

×××။"

လူများစုအာဏာပိုင်အုပ်ချုပ်ရေး

ဒီမိုကရေစီသစ်အရ လုပ်မယ့်ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေမျိုးဟာ ဘယ်လိုဖြစ်ရမလဲဆိုရင် တိုင်းသူပြည်သားလူများစုတွေ အာဏာပိုင်အဖြစ် အုပ်ချုပ်နိုင်အောင် သူတို့ရွေးကောက်တဲ့ကိုယ်စားလှယ်တွေဟာ အောက်ကနေပြီး ထိပ်အထိ တိုင်းပြည်အုပ်ချုပ်ရေး တိုင်းပြည်အစိုးရအာဏာကို ကိုင်ထားရမယ်။ သူတို့ရွေးကောက်လိုက်တဲ့ ကိုယ်စားလှယ်တွေကို မကြိုက်လို့ရှိရင် ပြန်ခေါ်နိုင်ရမယ်။

×××။

ဤသည်ကား မြန်မာနိုင်ငံ၏ဒီမိုကရေစီရောင်ခြည်သန်းခါစ လွတ်လပ်ရေးကြိုးပမ်းဆဲကာလတွင် လွတ်လပ်ရေးသုခမိန် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် မိန့်ကြားခဲ့သည့် သမိုင်းဝင်မိန့်ခွန်း ဖြစ်ပေသည်။

နိုင်ငံတော်သည် ပြည်တွင်းအကွဲအပြဲများ၊ မငြိမ်းချမ်းမှုများကြောင့် ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီပေါ်ပေါက်ခဲ့သည်။ ထို့နောက် ၁၉၇၄ ခုနှစ်တွင် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကျင့်သုံးမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်နှင့်အတူ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ ထို့နောက်တွင်ကား အများသိပြီးဖြစ်သည့် ၁၉၈၈ ခုနှစ် အရေးအခင်းပေါ်ပေါက်မှုနှင့်အတူ ဖွဲ့စည်းပုံအခြေခံဥပဒေလည်း ရပ်ဆိုင်းသွားခဲ့သည်။ ထို့နောက် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရန် ဆုံးဖြတ်ချက်အရ ၁၉၉၃ ခုနှစ်တွင် အမျိုးသားညီလာခံစတင်ကျင်းပ၍ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူများကို ညှိနှိုင်းရေးဆွဲခဲ့ကြသည်။ ထို့နောက်တွင်ကား ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပြီး ၂၀၁၁ ခုနှစ် မတ်လတွင် လွှတ်တော်အသီးသီးနှင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော အစိုးရအဖွဲ့သစ်တစ်ရပ် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

ကျွန်တော်လေ့လာမှတ်သားထားခဲ့သော မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် ယခင်ကရေးဆွဲပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ရပ်နှင့် လက်ရှိကျင့်သုံးနေသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို နှိုင်းယှဉ်၍ အောက်တွင် ဆက်လက်တင်ပြပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ကြရန် သို့မဟုတ် အခြားရည်ရွယ်ဆောင်ရွက်လိုမှုများ ရှိနေသည်ကိုလည်း တွေ့ရပါသည်။ မည်သို့ပင်ဆိုစေကာမူ ပကတိအခြေအနေများကို လေ့လာနိုင်ခြင်းအားဖြင့် သမိုင်းနှင့်ယှဉ်တွဲနေသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည့်စုံစွာ သိရှိနားလည်ခြင်းဖြင့် ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ ချီတက်ရာတွင် အထောက်အကူပြုနိုင်စေရန် တင်ပြလိုက်ရခြင်း ဖြစ်ပေသည်။

ဦးသောင်းညွန့်(အမျိုးသားညီလာခံ)

စဉ်	(၁) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ	(၂) ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ	(၃) ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ	မှတ်ချက်
၁	၁၉၄၇ ခုနှစ်တွင် (၁၉၄၈ ခုနှစ် ဇန်နဝါရီလ လွတ်လပ်ရေးအမီ) အပူတပြင်း ရေးဆွဲခဲ့ရသည်။	၁၉၇၁ မှ ၁၉၇၃ ခုနှစ်အထိ သုံးနှစ်ခန့် ပြည်သူထံ အကြံဉာဏ်ယူ၊ ပြည်သူထံချပြ ရေးဆွဲခဲ့သည်။	၁၉၉၃ မှ ၁၉၉၆ အထိ အလွှာအသီးသီးမှ ကိုယ်စားလှယ် ၇၀၂ဦး၊ ၂၀၀၄ မှ ၂၀၀၇ အထိ ကိုယ်စားလှယ် ၁၀၈၀ ကျော်တို့က အချိန်ယူဆွေးနွေးညှိနှိုင်းကြပြီး ချမှတ်သောမူများကို အခြေခံ၍ အခြေခံဥပဒေရေးဆွဲရေးကော်မရှင်က အခြေခံဥပဒေအဖြစ် ရေးဆွဲသည်။	၁၉၄၇ ခုနှစ် အခြေခံဥပဒေသည် အပူတပြင်း ရေးဆွဲရသဖြင့် ချို့ယွင်းချက်၊ အားနည်းချက်များရှိခဲ့သည်။
၂	အခြေခံဥပဒေ(မူကြမ်း)ကို ရေးဆွဲရေးကော်မရှင်၊ ဖဆပလနှင့် ပါလီမန်က အတည်ပြုသည်။	ပြည်လုံးကျွတ်ဆန္ဒခံယူအတည်ပြုသည်။	၂၀၀၈ ခုနှစ်၊ မေလ (၁၀) ရက်နှင့် (၂၄) ရက်တို့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆန္ဒမဲပေးခွင့်ရှိသူ (၂၇၂၈၈၈၂၇) ဦးအနက် ဆန္ဒမဲပေးသူဦးရေ (၂၆၇၇၆၆၇၅)ဦး (၉၈ ဒသမ ၁၂) ရာခိုင်နှုန်းက ဆန္ဒမဲ ပေးခဲ့ကြပြီး ထောက်ခံဆန္ဒမဲပေးသူ (၂၄၇၆၄၁၂၄)ဦး (၉၂ ဒသမ ၄၈) ရာခိုင်နှုန်းအရ ဖွဲ့စည်းပုံအခြေခံဥပဒေကို (၂၉-၅-၂၀၀၈) ရက်တွင် အတည်ပြုပါသည်။	၁၉၇၄ နှင့် ၂၀၀၈ ခုနှစ် အခြေခံဥပဒေများသည် လူထုက ဆန္ဒပေးအတည်ပြုသော အခြေခံဥပဒေများ ဖြစ်သည်။
၃	အခြေခံဥပဒေရေးဆွဲရေးကော်မရှင်အဖွဲ့ဝင် ၇၅ ဦးတို့က ရေးဆွဲသည်။ (အိန္ဒိယမှ ဥပဒေပညာရှင် ခြောက်ဦးကို ဖိတ်ခေါ်အကြံတောင်းသည်။)	အခြေခံဥပဒေရေးဆွဲရေးကော်မရှင်အဖွဲ့ဝင် ၉၇ ဦးတို့က ရေးဆွဲသည်။ (ပြည်သူလူထုထံ အကြံဉာဏ် သုံးခါတောင်းသည်)	အခြေခံဥပဒေရေးဆွဲရေးကော်မရှင်အဖွဲ့ဝင် ၅၄ ဦးသည် အထက်အပိုဒ် (၁)ပါ အမျိုးသားညီလာခံကိုယ်စားလှယ်များက ချမှတ်ပေးသော မူများကို အခြေခံပြီး ရေးဆွဲသည်။	မူချရာ၊ ရေးဆွဲရာ၌ ၂၀၀၈ ခုနှစ် အခြေခံဥပဒေက ပြည်သူ့ကိုယ်စားလှယ်များ ပိုမိုပါဝင်သည်။
၄	ပါလီမန် ဒီမိုကရေစီစနစ်ကျင့်သုံး၍ ပါလီမန်ဒီမိုကရေစီကို အခြေခံရေးဆွဲသည်။	မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံး၍ ဆိုရှယ်လစ်ဒီမိုကရေစီကို အခြေခံရေးဆွဲသည်။	အမျိုးသား အကျိုးစီးပွားကို အလေးဂရုပြုသော အမျိုးသားနိုင်ငံရေးစနစ် ကျင့်သုံး၍ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကို အခြေခံရေးဆွဲသည်။	နိုင်ငံတွင် ပေါ်ထွန်းခဲ့သော အခြေခံဥပဒေ သုံးခုစလုံးသည် ကျင့်သုံးသော နိုင်ငံရေး၊ စီးပွားရေးစနစ်အပေါ် အခြေခံ၍ တစ်ခုနှင့်တစ်ခု နိုင်ငံရေးအနှစ်သာရချင်း မတူကွဲပြားသည်။
၅	ပါတီစုံစနစ် ကျင့်သုံးကြောင်း အခြေခံဥပဒေ၌ ဖော်ပြခြင်းမရှိသော်လည်း ပါတီစုံစနစ်လက်ခံခဲ့သည်။	ပုဒ်မ ၁၁ တွင် နိုင်ငံတော်သည် တစ်ခုတည်းသော ပါတီစနစ်ကိုသာ ကျင့်သုံးရမည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီသည် နိုင်ငံတော်၏ တစ်ခုတည်းသော နိုင်ငံရေးပါတီဖြစ်၍ နိုင်ငံတော်ကို ဦးဆောင်သည်ဟု ဖော်ပြကာ တစ်ပါတီစနစ် ပြဋ္ဌာန်းကျင့်သုံးသည်။	နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျဖွဲ့စည်းနိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်သည်။	- ၁၉၄၇ အခြေခံဥပဒေ၌ ပါတီစုံစနစ်ကို တရားဝင်မပြဋ္ဌာန်းဘဲ ပါတီစုံဖွဲ့စည်းလှုပ်ရှားမှုခွင့်ပြုခဲ့ရသည်။ ပါတီများ စနစ်တကျ ဖွဲ့စည်း မှတ်ပုံတင်ခြင်းမရှိခဲ့။ - ၁၉၇၄ ခုနှစ် အခြေခံဥပဒေမှာမူ ပါတီစုံလက်မခံ၊ တစ်ပါတီစနစ်ကိုသာ ပြဋ္ဌာန်းခဲ့သည်။ - ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ စစ်မှန်၍ စည်းကမ်း ပြည့်ဝသော ပါတီစုံစနစ်ကျင့်သုံးရန် ပါရှိသည်။ - ပါတီများသည် ဒွိတာဝန်အရေးသုံးပါးကို ဦးတည်ချက် ထားရမည်။ - နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေရန် တာဝန်ရှိသည်။ - ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်တည်ဆဲဥပဒေများကို လိုက်နာရမည်။ - နိုင်ငံရေး ပါတီအဖြစ် ဥပဒေနှင့်အညီ ဖွဲ့စည်း မှတ်ပုံတင်ထားရမည်။ - ဥပဒေနှင့်အညီ လွတ်လပ်စွာ စည်းရုံးခွင့်၊ ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ - ပါတီများရှောင်ရမည့် စည်းကမ်းများ ပါရှိသည်။

စာမျက်နှာ ၈ သို့

ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ

စာမျက်နှာ ၇ မှ

စဉ်	(၁) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ	(၂) ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ	(၃) ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ	မှတ်ချက်
၆	- ပါလီမန် ဒီမိုကရေစီပုံစံ အတိုင်း အချုပ်အခြာ အာဏာ၏ ခက်မသုံးဖြာ ဖြစ်သော (၁)ဥပဒေပြုရေး၊ (၂)အုပ်ချုပ်ရေး၊ (၃)တရားစီရင်ရေးအာဏာများကို ရွေးကောက်ပွဲ၌ အမတ်နေရာ အများစုအနိုင်ရရှိသော ပါတီခေါင်းဆောင်က ဆုပ်ကိုင်ထားသည်။ - အာဏာရပါတီ ခေါင်းဆောင်က ဝန်ကြီးချုပ်လုပ်ပြီး အုပ်ချုပ်သည်။ အာဏာရပါတီ၏ အမတ်ဦးရေက အများဆုံးဖြစ်၍ ဝန်ကြီးချုပ် ပြဋ္ဌာန်းလိုသော ဥပဒေများသာ ပြဋ္ဌာန်းပြီး အတိုက်အခံတို့ တင်သွင်းသော ဥပဒေကြမ်းကို အမတ်(မဲ) နှင့် ပယ်ချလေ့ရှိသည်။ - ဝန်ကြီးချုပ်က ထိုအာဏာများကို အောက်အဆင့်ဆင့်သို့ ခွဲဝေအပ်နှင်းသည်။ ဒေါင်လိုက်(Division of powers) ဖြစ်သည်။ - တစ်ဦးတည်း (အာဏာရပါတီ ခေါင်းဆောင် ဝန်ကြီးချုပ်)က အာဏာအားလုံး ချုပ်ကိုင်သည်။ အာဏာရ ဝန်ကြီးချုပ်က အာဏာသုံးရပ်စလုံးနိုင်နင်းစွာ မကိုင်နိုင်ခဲ့၍ ပါလီမန် ဒီမိုကရေစီစနစ်တွင် အစိုးရတည်မြဲခိုင်ခံ့မှု အားနည်းသည်။	- ဆိုရှယ်လစ်ဒီမိုကရေစီပုံစံ အတိုင်း အချုပ်အခြာအာဏာ သုံးရပ်ကို အစိုးရ၊ လွှတ်တော်နှင့် တရားရုံးချုပ်တို့က တာဝန်ယူ ရသော်လည်း ဦးဆောင်ပါတီ (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ) ၏ ဦးဆောင်ညွှန်ကြားသည့် အတိုင်းလိုက်နာဆောင်ရွက်ရသည်။ - ပါတီက တာဝန်ပေးသော သမ္မတသည် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးတို့ကို ဦးဆောင်သည်။ တရားစီရင်ရေးကို ကြီးကြပ်ကွပ်ကဲသည်။သမ္မတအထက်တွင် ပါတီရှိသည်။ - သမ္မတက အာဏာ(လုပ်ပိုင်ခွင့်)များကို အောက်အဆင့်ဆင့်သို့ ခွဲဝေအပ်နှင်းသည်။ ဒေါင်လိုက် (Division of powers)ဖြစ်သည်။ - တစ်ပါတီတည်း (မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ) က အာဏာအားလုံး ချုပ်ကိုင်ဦးဆောင်လမ်းညွှန်သည်။ ပါတီလုပ်ငန်းစစ်ဆေးရေးနှင့် ပါတီစည်းကမ်းထိန်းသိမ်းရေး ကော်မတီ၊ ပါတီညီလာခံတို့က ထိန်းသိမ်းနိုင်စွမ်း ရှိသည်။	- ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်အရစစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီပုံစံအတိုင်းအချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ပိုင်းခြားပြီးခွဲဝေအပ်နှင်းသည်။ - ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆ပါ နိုင်ငံတော်အကြီးအကဲနှင့်နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲသည် နိုင်ငံတော် သမ္မတဖြစ်သည်ဟု ပြဋ္ဌာန်းချက်အရ သမ္မတက အုပ်ချုပ်ရေးကိုလုံးဝတာဝန်ယူ တာဝန်ခံရသည်။ ပြည်ထောင်စု လွှတ်တော်က ဥပဒေပြုရေးကို လုံးဝတာဝန်ယူ တာဝန်ခံရသည်။ပြည်ထောင်စု တရားလွှတ်တော်ချုပ်က တရားစီရင်ရေးကို လုံးဝ တာဝန်ယူ တာဝန်ခံရသည်။ - အာဏာ(၃)ရပ်ကို (၃)ဌာနသို့ အလျားလိုက်ပိုင်းခြားပေးအပ်ပြီးမှ အထက်အောက် ဒေါင်လိုက်ခွဲဝေအပ်နှင်းစေသည်။ (Separation of Powers+ Division of powers) - သမ္မတ၊ လွှတ်တော်၊ တရားလွှတ်တော်ချုပ်(၃)ဦး (၃)ဖလှယ်က အာဏာတစ်ရပ်စီ တာဝန်ယူကာ အာဏာ(၃)ရပ် စလုံးအတွက် အပြန်အလှန်ထိန်းကျောင်းသောစနစ်(Check and counter check or check and Balance)ပုံစံဖြင့် ထိန်းသည်။	- တစ်ဦးတည်းက အချုပ်အခြာအာဏာအားလုံးကို ချုပ်ကိုင်ရာ၌ ပါတီစုံအမည်ခံသော်လည်း တစ်ပါတီအာဏာရှင်စနစ်၊ တစ်ဦးတည်း အာဏာရှင်စနစ်ဘက် ရွေးရှူသွားတတ်သည်။(အာဏာယစ်မူးခြင်း) အာဏာတည်မြဲရန် မမှန်မကန်လုပ်ခြင်းများ ရှိလာတတ်သည်။ - တစ်ပါတီတည်းက ဦးဆောင်ခြင်းဖြင့် အရည်အချင်းနှင့်စေတနာပြည့်ဝမှန်ကန်သောပါတီဖြစ်လျှင် နိုင်ငံအကျိုးပြုလုပ်ငန်းများ သွက်လက်ထက်မြက်စွာ လုပ်ပေးနိုင်သော်လည်း ပါတီညံ့လျှင်၊ လူညံ့လျှင် နိုင်ငံပိုမိုထိခိုက် အကျိုးယုတ်စေသည့်အပြင် တစ်ပါတီအာဏာရှင်စနစ်သို့ ဦးတည်သွားတတ်သည်။ -အချုပ်အခြာအာဏာကို (၃)ပိုင်း ပိုင်းခြား၍ (၃)ဖွဲ့အား တာဝန်မျှပေးခြင်း၊ အပြန်အလှန် ထိန်းကျောင်းသောစနစ်သည် အာဏာရှင်စနစ်နှင့် လုံးဝခြားနားသွားသည်။ ပိုမိုသွက်လက်ထက်မြက် မှန်ကန်စေသည်။
၇	ပြည်ထောင်စုနိုင်ငံအဖြစ် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းဝိသေသတိုင်းတို့ဖြင့် ဖွဲ့စည်းသည်။ ၁၉၄၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်ခန့်အထိ ရှမ်းစော်ဘွားများ၊ ကယားစောဖျာများ၊ ကချင် ဒူးဝါးများ၏ ပဒေသရာဇ်စနစ်ရှိနေခဲ့သည်။ ဗဟိုချုပ်ကိုင်မှုများလွန်း၍ တစ်ပြည်ထောင်စနစ်ဆန်သည်ဟု တိုင်းရင်းသားနိုင်ငံရေးသမားအချို့က ဝေဖန်ခဲ့သည်။	ပြည်ထောင်စုအဖြစ် ကချင်၊ ကယား၊ ကရင်၊ချင်း၊မွန်၊ရခိုင်၊ ရှမ်း စသည့် ပြည်နယ်ခုနစ်ခု၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီ စသည့် တိုင်းခုနစ်တိုင်းဖြင့် ဖွဲ့စည်းသည်။	ပြည်ထောင်စုအဖြစ် ကချင်၊ ကယား၊ကရင်၊ ချင်း၊မွန်၊ရခိုင်၊ ရှမ်းစသည့် ပြည်နယ်ခုနစ်ခု၊ ယင်းပြည်နယ်များနှင့် အဆင့်တူ တိုင်းဒေသကြီးခုနစ်ခုဖြစ်သည့် စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊မန္တလေး၊ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးခုနစ်ခုနှင့် ပြည်ထောင်စုနယ်မြေတို့ဖြင့် ဖွဲ့စည်းသည်။ (၁) 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ (၂) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၃) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၄) နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၅) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၆) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တို့သည်လည်း ပြည်ထောင်စုကြီး၏ အစိတ်အပိုင်းများ ဖြစ်ကြသည်။	
၈	အခန်း(၁၀) ပုဒ်မ ၂၀၁၊၂၀၂၊ ၂၀၃၊ ၂၀၄၊၂၀၅၊၂၀၆ တို့တွင် ပြဋ္ဌာန်းထားသော စည်းကမ်းချက်များနှင့်အညီပြည်ထောင်စုမှ ခွဲထွက်နိုင်ရန် ပြည်နယ်တိုင်းတွင် အခွင့်အရေးရှိသည်ဟု ဖော်ပြပါရှိသည်။	ပြည်ထောင်စုမှ ခွဲထွက်ခွင့် ပေးမထား။ (ခွဲမထွက်ရဟူသော အခြေခံမူလည်းမပါရှိပေ။)	ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁)အခြေခံမူများ၏ ပုဒ်မ ၁၀တွင် "နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ပြည်ထောင်စုနယ်မြေများ၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများစသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ" ဟု ပြဋ္ဌာန်းထားသည်။	၁၉၄၇အခြေခံဥပဒေအခန်း(၁၀)မှ ခွဲထွက်ခွင့်မူများအရ ၁၉၆၂ခု မတ်လတွင် ဖက်ဒရယ် လှုပ်ရှားမှုဖြင့် ပြည်ထောင်စုမှ ခွဲထွက်ကာကွဲအက်ရေးလှုပ်ရှားလာခဲ့၍တပ်မတော်ကကာကွယ်ခဲ့ရသည်။၂၀၀၈ခုနှစ်အခြေခံဥပဒေတွင် ဦးတည်ချက် ၆ ရပ်အရ၊ နိုင်ငံတော်တည်ဆောက်ပုံ အခြေခံမူအရ ခွဲထွက်ခြင်းကို တားမြစ်ထားသဖြင့် ပြည်ထောင်စု မပြိုကွဲရေး အာမခံချက်ပါရှိပြီး ဖြစ်သည်။
၉	နိုင်ငံတော်သမ္မတသည် နိုင်ငံတော် အကြီးအကဲဖြစ်သော်လည်း ဝန်ကြီးချုပ်က အုပ်ချုပ်ရေး(အစိုးရအဖွဲ့) အကြီးအကဲအဖြစ် အာဏာသုံးရပ်စလုံး ဆုပ်ကိုင်ထားရာ သမ္မတသည် ဂုဏ်ထူးဆောင် (ရုပ်ပြ) အဆင့်တွင်သာ ရှိသည်။	နိုင်ငံတော်သမ္မတသည် ဦးဆောင် ပါတီတွင်လည်း အကြီးအကဲ (ဥက္ကဋ္ဌ)ဖြစ်လျှင် သမ္မတ၏ လုပ်ပိုင်ခွင့်အာဏာမှာ အမြင့်ဆုံးဖြစ်သည်။ အာဏာသုံးရပ်စလုံး ဆုပ်ကိုင်နိုင်သည်။ သမ္မတသည် ပါတီဥက္ကဋ္ဌ မဟုတ်သည့်တိုင် ၁၉၄၇ အခြေခံဥပဒေခေတ် သမ္မတထက် လုပ်ပိုင်ခွင့်ပိုရှိသည်။	ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၉၊ ပုဒ်မခွဲ(က)တွင် နိုင်ငံတော်အုပ်ချုပ်ရေး အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်ဟု ပြဋ္ဌာန်းချက်အရ နိုင်ငံတော်သမ္မတသည် အုပ်ချုပ်ရေး အာဏာပိုင်ဖြစ်ပြီး နိုင်ငံတော်အကြီးအကဲ၊ နိုင်ငံတော်၏ အထွတ်အထိပ်လည်း ဖြစ်သည်။	၂၀၀၈ခုနှစ် အခြေခံဥပဒေတွင်အာဏာသုံးရပ်ပိုင်းခြားပေးပြီး အပြန်အလှန် ထိန်းကျောင်းသောစနစ်အရ အုပ်ချုပ်ရေးတာဝန်ခံ သမ္မတ၊ ဥပဒေပြုရေး တာဝန်ခံ ပြည်ထောင်စု လွှတ်တော်၊ တရားစီရင်ရေး တာဝန်ခံ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တို့သည် အာဏာရှင် သုံးယောက်ဖြစ်မလာနိုင်၊ တစ်ဦးတည်း အာဏာရှင်စနစ်ကိုလည်း တားမြစ်ပြီးဖြစ်သည်။ သမ္မတဦးဆောင်သော ပြည်ထောင်စု အစိုးရထားရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်လည်း သက်ဆိုင်ရာ ဝန်ကြီးချုပ် ဦးဆောင်သော အစိုးရအဖွဲ့ထားရှိခြင်းဖြင့် ပြည်ထောင်စုစနစ်ပီပြင်မှု ရှိသည်။
၁၀	အပိုင်း(၄)၊ ပါလီမန်အာဏာများအောက်ပုဒ်မ ၉၀ တွင် "ဤအခြေခံဥပဒေရှိပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပြည်ထောင်စုနိုင်ငံတွင် ဥပဒေပြုနိုင်သော အာဏာသည် ပါလီမန်၌သာ တည်ရှိရမည်"ဟုဖော်ပြထားသည်။ အခန်း ၉ တွင် ပြည်နယ်ကောင်စီသည် ဥပဒေပြုခွင့်ရှိသော ဥပဒေကြမ်းကို အတည်ပြုပြီးသမ္မတကလက်မှတ်ရေးထိုး ထုတ်ပြန်ရန်ပေးပို့ရမည်။ တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်အရ အခြေခံဥပဒေနှင့် မဆန့်ကျင်လျှင် သမ္မတက လက်မှတ်ရေးထိုးရမည်ဟု ဖော်ပြထားသည်။	အခြေခံမူများ အခန်းတွင် "ပြည်သူ့လွှတ်တော်သည် ဥပဒေပြုအာဏာရပ်ကို မိမိကိုယ်တိုင်သာ သုံးစွဲ၍ စီမံခန့်ခွဲမှု အာဏာရပ်နှင့် တရားစီရင်မှု အာဏာရပ်တို့ကို ဤ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသော ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများသို့ ခွဲဝေအပ်နှင်း၍ သုံးစွဲခွင့်ပြုသည်"ဟု ဖော်ပြထားသည်။	ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရာ၌အခြေခံရန် အမျိုးသားညီလာခံကချမှတ်ထားပြီးဖြစ်သော အခြေခံမူများအရ "ပုဒ်မ ၁၂၊ပုဒ်မခွဲ(က)တွင် နိုင်ငံတော်၏ ဥပဒေပြုရေး အာဏာကို ပြည်ထောင်စု လွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်နှင့် ပြည်နယ် လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ဤဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းသည်"ဟု ပြဋ္ဌာန်းထားသည်။	၂၀၀၈ခုနှစ် အခြေခံဥပဒေတွင် ဥပဒေပြုမှုအာဏာကို အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်တို့ပါဝင်သည့် ပြည်ထောင်စု လွှတ်တော် တစ်ခုတည်းကသာမက ပြည်နယ်လွှတ်တော် ၇ခု၊ တိုင်းဒေသကြီး လွှတ်တော် ၇ခုတို့ကလည်း ဥပဒေပြုခွင့်များရကြသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ၆ခုတွင်လည်း အခြေခံဥပဒေက သတ်မှတ်ပေးထားသော ဥပဒေပြုရေးအာဏာ ခွဲဝေအပ်နှင်းထားသဖြင့် တိုင်းရင်းသားပြည်သူတို့ ဥပဒေပြုခွင့်အာဏာ ပိုမိုပါဝင်ကျင့်သုံးနိုင်မည် ဖြစ်သည်။ တိုင်းရင်းသား လူမျိုးတစ်ရာကျော် ရှိသော ပြည်ထောင်စုဖြစ်၍ ဒေသအလိုက် တိုင်းရင်းသားစုံ ပြည်သူများ အချုပ်အခြာ အာဏာကို ကိုယ်တိုင်ကျယ်ပြန့်စွာ ကိုင်တွယ်အသုံးပြုနိုင်၍ ဒီမိုကရေစီပုံစံကျသည်။
၁၁	လူမျိုးစုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှစ်ရပ် ရှိသည်။ ယင်းလွှတ်တော်နှစ်ရပ်ပူးတွဲကျင်းပသော ပါလီမန် လွှတ်တော်အစည်းအဝေးသည် ဥပဒေပြုခွင့် အာဏာကို အမြင့်ဆုံး ကျင့်သုံးသည်။	ပြည်သူ့လွှတ်တော်တစ်ခုတည်းသာရှိသည်။ဦးဆောင်ပါတီ၏ လမ်းညွှန်ချက်နှင့်အညီပြည်သူ့လွှတ်တော်တစ်ခုတည်းကသာ ဥပဒေပြုသည်။	အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် ယင်းလွှတ်တော်နှစ်ရပ်ပါဝင်သည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်နယ်လွှတ်တော် ၇ခု၊ တိုင်းဒေသကြီး လွှတ်တော် ၇ခုတို့ကလည်း ခွဲဝေအပ်နှင်းသော လုပ်ပိုင်ခွင့်နှင့်အညီ ဥပဒေပြုမည်။	ပြည်ထောင်စု၏ ဥပဒေပြုခွင့်အာဏာကို ဗဟိုတွင်သာ အပ်နှင်းထားခြင်းမဟုတ် တိုင်းဒေသကြီးနှင့် ပြည်နယ်များကိုပါ ခွဲဝေအပ်နှင်းထားသည်။
၁၂	အခြေခံဥပဒေပုဒ်မ ၈၇၏ နောက်ဆက်တွဲ ဇယား (ဒုတိယဇယား)တွင် "လူမျိုးစုလွှတ်တော်အမတ် နေရာ ၁၂၅ နေရာရှိသည့်အနက် (က) နှစ်ဆယ့်ငါးနေရာကို ရှမ်းပြည်နယ်မှကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။ (ခ)တစ် ဆယ့်နှစ်နေရာကို ကချင်ပြည်နယ်မှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။ (ဂ)ရှစ်နေရာကို ချင်းဝိသေသတိုင်းမှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။ (ဃ) သုံးနေရာကို ကယားပြည်နယ်မှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။ (င) တစ်ဆယ့်ငါးနေရာကို ကရင်ပြည်နယ်မှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။ (စ) ခြောက်ဆယ့်နှစ်နေရာကို ပြည်ထောင်စု မြန်မာနိုင်ငံရှိ ကျန်နယ်မြေများမှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်" ဟု ဖော်ပြထားသည်။ ပြည်သူ့လွှတ်တော်အမတ်များကိုမူ မဲဆန္ဒနယ်အလိုက် မဲဆန္ဒရှင်များက မဲပေးရွေးချယ်ရသည်။	ပြည်သူ့လွှတ်တော် တစ်ရပ်တည်းသာရှိ၍ လွှတ်တော်ကိုယ်စားလှယ် အားလုံးကို မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီမှ ရွေးချယ်သတ်မှတ်ပေးပြီးမှ(ပြိုင်ဘက်မရှိ)ရွေးကောက်ပွဲဝင်အရွေးခံကြရသည်။(မဲဆန္ဒနယ်အချို့၌ ပါတီမှ ကိုယ်စားလှယ်ကိုယှဉ်ပြိုင် အရွေးခံမှုရှိသော်လည်း မဲပေးအရွေးခံရသည့် အဆင့်အထိ မရောက်ခဲ့ပေ။)	- ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၉ပါ ပြဋ္ဌာန်းချက်အရ ပြည်သူ့လွှတ်တော်ကို ကိုယ်စားလှယ်၄၄၀ဖြင့် ဖွဲ့စည်းရမည်ဖြစ်ရာ မဲဆန္ဒဖြင့် ရွေးကောက်ခံရသူ ၃၃၀၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီတင်သွင်းသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁၀ တို့ ပါဝင်မည်။ - ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၄၁ ပါ ပြဋ္ဌာန်းချက်အရ အမျိုးသားလွှတ်တော်တွင် ကျန်ကိုယ်စားလှယ် ၂၂၄ ဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်ရာ ပြည်နယ်၊ တိုင်းဒေသကြီးတစ်ခုစီမှ ၁၂ ဦးကျစီ ရွေးကောက်သည့် ကိုယ်စားလှယ် ၁၆၈ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦးတို့ ပါဝင်မည်။ - ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၁၊ ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် မြို့နယ်တစ်မြို့နယ်လျှင် နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်မည်။ - ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၁၊ ပုဒ်မခွဲ (ခ)ပါ ပြဋ္ဌာန်းချက်အရပြည်နယ်/တိုင်းဒေသကြီးများတွင် တိုင်း၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ရရှိပြီးသော တိုင်းရင်းသားလူမျိုးမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် နိုင်ငံတော်ရှိ လူဦးရေ၏ သုည ဒသမ ၁ ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း သက်ဆိုင်ရာမှ သတ်မှတ်သော တိုင်းရင်းသားလူမျိုး အသီးသီးက လူမျိုးတစ်မျိုး တစ်ဦးကျစီ ရွေးကောက်သည့် ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များလည်း ပါဝင်မည်။	- ၂၀၀၈ ခုနှစ် အခြေခံဥပဒေတွင် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ပိုမို ကျယ်ပြန့်စွာ ပါဝင်လျက် အချုပ်အခြာအာဏာရပ်ကို ကျင့်သုံးနိုင်ကြရမည်။ - ၁၉၄၇နှင့် ၁၉၇၄ခုနှစ် အခြေခံဥပဒေများတွင် အမတ်လောင်းများကို အာဏာရပါတီ(ဖဆပလ နှင့် လမ်းစဉ်ပါတီ) တို့က ရွေးချယ်သတ်မှတ်ပေးခဲ့သည်။ - ၂၀၀၈ ခုနှစ် အခြေခံဥပဒေတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ လေးပုံတစ်ပုံ(၂၅ ရာခိုင်နှုန်း)ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသဖြင့် (Non elective seats) ခန့်အပ်တာဝန်ပေးသော လွှတ်တော်ကိုယ်စားလှယ်များဟု ဆိုကြသည်။ မြန်မာနိုင်ငံသည် လွတ်လပ်ရေး ရရှိပြီးနောက် ပြည်တွင်းသောင်းကျန်းမှုကြောင့် ၁၉၄၈-၄၉ ခုနှစ်များကတစ်ကြိမ်၊ အာဏာရ ဖဆပလအဖွဲ့ချုပ်အတွင်း အစိတ်စိတ် အမြွှာမြွှာကွဲကြပြီး အာဏာလု၊ လက်နက်စုကြဖြင့် သွေးချောင်းစီး လုနီး ၁၉၅၈-၅၉ ခုနှစ်များက တစ်ကြိမ်၊ ရှမ်းပြည်နယ် ဖက်ဒရယ်မူ လှုပ်ရှားမှုဖြင့် ပြည်ထောင်စုကြီး ပြိုကွဲလုဆဲဆဲ ၁၉၆၂ ခုနှစ်က တစ်ကြိမ်၊ တိုင်းဆူပြည်ဖျက် ဆူပူမှုဖြင့် မင်းမဲ့စရိုက်လွှမ်းမိုးလာကာ ပြည်ပအင်အားကြီးနိုင်ငံတစ်ခုမှ ရေတပ် စစ်သင်္ဘောငါးစင်း မြန်မာ့ရေပိုင်နက်အတွင်း ကျူးကျော် ဝင်ရောက်လာသည့်အတွက် နိုင်ငံပြိုကွဲပြီး အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးလုဆဲဆဲ ၁၉၈၈ ခုနှစ်က တစ်ကြိမ် တပ်မတော်က နိုင်ငံကို ဝင်ရောက် ထိန်းသိမ်းကာကွယ်ပေးခဲ့ရသဖြင့် နောင်တွင် အလားတူအခြေအနေမျိုး ထပ်မံမကြုံရအောင် တပ်မတော်ကိုယ်စားလှယ်များက လွှတ်တော်များ၌ ပါဝင်တင်ပြ၊ ဆွေးနွေး၊ အကြံပြု၊ တိုက်တွန်း၊ တားမြစ်ခွင့် ရှိစေသင့်ပါသည်။ အမှန်စင်စစ် တပ်မတော်သား ကိုယ်စားလှယ် လေးပုံတစ်ပုံသည် ဒီမိုကရေစီပုံစံအရ တပ်မတော်သား မဟုတ်သည့် ကိုယ်စားလှယ် လေးပုံသုံးပုံကို အရေအတွက် (မဲဆန္ဒ)အရ မကျော်လွှားနိုင်ပေ။ တပ်မတော်က နိုင်ငံ၏ ကျရောက်လာနိုင်သော အန္တရာယ်ထောက်ပြလာလျှင်ကျန်ကိုယ်စားလှယ်များအနက် နိုင်ငံအကျိုးကို အမျိုးသားရေး အမြင်ရှိသူအားလုံး သို့မဟုတ် လေးပုံသုံးပုံ၏ ထက်ဝက်နီးပါးက ထောက်ခံလျှင် နိုင်ငံ၌ မဖြစ်တန်သည်များ မဖြစ်အောင် ကာကွယ်နိုင်မည်ဖြစ်သည်။ ယနေ့ တပ်မတော်၏ အနေအထားသည် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ခြင်းကို လိုလားနေသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ လက်ရှိ နိုင်ငံတော်၏ အခြေအနေမှာ ဥပဒေပြုအဖွဲ့အစည်းဖြစ်သော လွှတ်တော်တွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သင့်သည်၊ သို့သော် ယင်းသို့ပါဝင်ခြင်းသည် တစ်ချိန်လုံးပါဝင်မည် မဟုတ်၊ - မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံ အများအပြားမှ ပါလီမန်(လွှတ်တော်)ကဲ့သို့ ဥပဒေပြုအဖွဲ့များတွင် မဲဆန္ဒရှင်လူထုက မဲပေးမရွေးဘဲ ခန့်အပ်တာဝန်ပေးသော အမတ်များရှိနေသည်၊ ယင်းတို့အနက် အောက်ပါ နိုင်ငံအချို့ကို လေ့လာတွေ့ရှိရပါသည်- ● ဗြိတိန်အထက်လွှတ်တော် (House of Lords) အမတ် ၆၅၉ ဦး စလုံးကို ဘုရင်မက ခန့်သည်။ ● ကနေဒါအထက်လွှတ်တော်အမတ်အားလုံးကို ဘုရင်ခံချုပ်က ခန့်သည်။ ● အယ်လ်ဂျီးရီးယား အထက်လွှတ်တော် အမတ် ၁၄၄ ဦးရှိရာ ၄၈ဦးမှာ သမ္မတက ခန့်၍ ကျန် ၉၆ဦးကို မြူနီစီပယ်ကောင်စီက ရွေးသည်။ ● ဘာရိန်းနိုင်ငံ အထက်လွှတ်တော် အမတ်နေရာ ၄၀ စလုံးကို ဘုရင်က ခန့်သည်။ ● ဘူတန်နိုင်ငံ အမျိုးသားလွှတ်တော် အမတ် ၁၅၀ အနက် ၅၀ ကို ဘုရင်က ခန့်သည်။ ● အိန္ဒိယအထက်လွှတ်တော်တွင် သမ္မတခန့်အမတ် ၁၂ဦး၊ အောက်လွှတ်တော်တွင် အင်္ဂလိပ်-အိန္ဒိယ ကပြားထဲမှ ခန့်သော အမတ် ၂ ဦး ပါဝင်သည်။ ● ဖီဂျီနိုင်ငံ အထက်လွှတ်တော် အမတ် ၃၂ ဦးရှိရာ လူမျိုးစုအကြီးအကဲများက အဆိုပြုသူ ၁၄ ဦး၊ ဝန်ကြီးချုပ်က အဆိုပြုသူ ၉ ဦး၊ အတိုက်အခံက အဆိုပြုသူ ၈ ဦးနှင့် Rotuma ကျွန်းအတွက် သမ္မတခန့်သော အမတ် ၁ ဦးတို့ ပါဝင်သည်။ ● အိုင်ယာလန် အထက်လွှတ်တော် အမတ် ၆၀ အနက် ၁၁ ဦးကို ဝန်ကြီးချုပ်က ခန့်သည်။ ● ဂျော်ဒန် ဆီနိတ်လွှတ်တော်အမတ် ၄၀ စလုံးကို ဘုရင်ကခန့်ပြီး အောက်လွှတ်တော်က အတည်ပြုရသည်။ ● မော်ရိုကို အထက်လွှတ်တော် အမတ်(၂၇၀) ဦး၏ ၆၀ ရာနှုန်းကို ဒေသကောင်စီများက ရွေးပြီး ကျန် ၄၀ ရာနှုန်းကို စီးပွားရေးနှင့် အလုပ်သမားအဖွဲ့အစည်းများက ရွေးသည်။ ● ရိုမေးနီးယား အောက်လွှတ်တော် အမတ်(၃၄၆)နေရာအနက် (၁၉) နေရာကို လူမျိုးစုအတွက် သီးသန့်သတ်မှတ်ပေးထားသည်။ ● စပိန်အထက်လွှတ်တော်၌ တိုက်ရိုက်ရွေးချယ်သည့် အမတ် (၂၀၈) နေရာ၊ ဒေသကိုယ်စားပြုအမတ် (၄၇) နေရာပါဝင်သည်။ ● တွန်ကိုလွှတ်တော်၌ ဘုရင်ခန့် အမတ် (၁၁)ဦး၊ လူမျိုးစုခေါင်းဆောင်များ ရွေးခန့်သူ (၉)ဦး၊ တိုက်ရိုက်ရွေးခန့်သူ (၉)ဦးပါရှိသည်။ ● အာရပ်စော်ဘွားပြည်ထောင်စု (UAE) တွင် ပြည်ထောင်စုအမျိုးသားကောင်စီ ခေါ် အကြံပေးအဖွဲ့ဝင် (၄၀)ဦးစလုံးကို ခန့်အပ်သည်။ ● ဇင်ဘာဘွေ၌ အမတ် (၁၅၀)ရှိရာ (၁၂)ဦးကို သမ္မတက ခန့်သည်။ ● အင်ဒိုနီးရှားတွင် ၂၀၀၄ ခုနှစ်အထိ လွှတ်တော်ကိုယ်စားလှယ် (၅၀၀)အနက် (၃၈)ဦးမှာ တပ်မတော်မှ ဖြစ်သည်။ - ကမ္ဘာ့နိုင်ငံ အများအပြားအနက် ပြည်သူ၏ ဆန္ဒမဲဖြင့် ရွေးချယ်ခြင်း မပြုဘဲ တိုက်ရိုက် တာဝန်ပေးခန့်ထားသော နိုင်ငံအချို့ကို ဖော်ပြခြင်း

စာမျက်နှာ ၁၀ သို့

ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ

စာမျက်နှာ ၉ မှ

စဉ်	(၁) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ	(၂) ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ	(၃) ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ	မှတ်ချက်
				ဖြစ်သည်။ ယင်းနိုင်ငံများတွင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးသော နိုင်ငံများပါဝင်သည်ကို တွေ့မြင်နိုင်သည်။ - မြန်မာနိုင်ငံ လွှတ်တော်များတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်မှုသည် လက်ရှိနိုင်ငံတော်၏ လိုအပ်ချက်အခြေအနေအရ ဖြစ်သည်။ အမြဲတစေပါဝင်နေမည်မဟုတ်။
၁၃	တိုင်းရင်းသား အရင်းရှင်၊ မြေရှင်ကို ပစားပေးသော အရင်းရှင်စီးပွားရေးပုံစံဖြစ်သော်လည်း နိုင်ငံခြားသား အရင်းရှင်တို့ လွှမ်းမိုးနိုင်ခဲ့သော စီးပွားရေးပုံစံဖြစ်သည်။ ပုဒ်မ ၂၃ တွင် စီးပွားရေးကိစ္စများ၌ ပစ္စည်းပိုင်ဆိုင်ခွင့်၊ ကိုယ်ပိုင်လုပ်ကိုင်တီထွင်ခွင့်၊ နိုင်ငံစီးပွားရေး ပျက်ပြားအောင် လုပ်သောအဖွဲ့များ၊ ကာတဲ၊ ဆင်ဒီကိတ်ထရပ်စ်စသော လက်ဝါးကြီးအုပ်အဖွဲ့များမရှိရ။ ပြည်သူ့အကျိုးအတွက် လိုအပ်လျှင် ကိုယ်ပိုင်ပစ္စည်းကို ကန့်သတ်ချုပ်ချယ်ခြင်း၊ သိမ်းပိုက်ခြင်းပြုနိုင်သည်။ လိုအပ်လျှင် စီးပွားရေးလုပ်ငန်းများ ပြည်သူပိုင်သိမ်းနိုင်သည်ဟု ဖော်ပြထားသည်။	အခြေခံမူများတွင် “နိုင်ငံတော်စီးပွားရေးစနစ်သည် ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြစ်သည်” ဟု ဖော်ပြထားသည်။ “နိုင်ငံတော်သည် နိုင်ငံအတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို ပြည်သူပိုင် မလုပ်နိုင်သေးသည်ကို သမဝါယမပိုင်လုပ်ရသည်”၊ “နိုင်ငံတော်သည် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို မထိခိုက်သော တိုင်းရင်းသား ပုဂ္ဂလိကပိုင်ဆိုင်လုပ်ကိုင်မှုကို ခွင့်ပြုနိုင်သည်” ဟူ၍လည်း စီးပွားရေးမူဝါဒများချမှတ်ပေးခဲ့သည်။	ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အခန်း(၁) နိုင်ငံတော်အခြေခံမူများတွင် စီးပွားရေးနှင့်စပ်လျဉ်း၍- (က) ပုဒ်မ ၃၅ တွင် နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်။ (ခ) ပုဒ်မ ၃၆၊ ပုဒ်မခွဲ(က)တွင် နိုင်ငံတော်သည် အမျိုးသားစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိက စသည့် စီးပွားရေးအင်အားစု အားလုံးကို စီးပွားရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်။ (ဂ) ပုဒ်မ ၃၆၊ ပုဒ်မခွဲ(ခ)၌ နိုင်ငံတော်သည် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွား ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်မည်။ (ဃ)ပုဒ်မ ၃၆၊ ပုဒ်မခွဲ(ဂ)၌ နိုင်ငံတော်သည် အများပြည်သူတို့၏ နေထိုင်မှုအဆင့်အတန်း မြှင့်တင်ရေးနှင့် အထွေထွေအရင်းအနှီးများတိုးတက်ဖွံ့ဖြိုးရေးကို ရှေးရှုဆောင်ရွက်မည်။ (င) ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ဃ) ၌ နိုင်ငံတော်သည် စီးပွားရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်း မပြု။ (စ) ပုဒ်မ ၃၆၊ ပုဒ်မခွဲ (င)၌ နိုင်ငံတော်သည် တရားဝင်ထုတ်ဝေထားသောငွေကြေးကို တရားမဝင် ငွေကြေးအဖြစ် သတ်မှတ်ခြင်း မပြုဟု မူချပြီးဖြစ်သည်။	- ၁၉၄၇ ခုနှစ် အခြေခံဥပဒေတွင် ဆိုရှယ်လစ်စနစ်မကျ၊ အရင်းရှင်စနစ်မကျသော စီးပွားရေးပုံစံချခဲ့ရာ ဆိုရှယ်လစ်လည်းဖြစ်မလာ၊ အရင်းရှင်လည်းဖြစ်မလာ၊ ပြည်သူအများစုဆင်းရဲ၍ နိုင်ငံခြားသားအရင်းရှင်များသာကောင်းစားခဲ့သည်။ - ၁၉၇၄ ခုနှစ် အခြေခံဥပဒေတွင် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ချပေးခဲ့သော်လည်း လက်တွေ့အကောင် အထည်ဖော်ရာ၌အကြောင်းကြောင်းကြောင့် တိုးတက်မှုမရရှိနိုင်ခဲ့ပေ။ - ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သော လွတ်လပ်ကျယ်ပြန့်သည့် ဈေးကွက်စီးပွားရေးစနစ် ချမှတ်ပေးခြင်း၊နိုင်ငံတွင်းမှ တိုင်းရင်းသားစီးပွားရေးအင်အားစုများကို ပါဝင်ဆောင်ရွက်ခွင့်ပြုခြင်း၊ ပြည်သူ့အကျိုးစီးပွား ကာကွယ်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ ပြည်သူပိုင်မသိမ်းခြင်း၊ နိုင်ငံသုံးငွေကြေးများကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြုဟု အာမခံကာပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများအား ယုံကြည်မှုရှိစေခြင်းဖြင့် နိုင်ငံစီးပွားတိုးတက်ရေး ရှေးရှုသော အမျိုးသားစီးပွားရေးပုံစံအဖြစ် ရှုမြင်နိုင်သည်။
၁၄	အပိုင်း (၄) ပါလီမန်၏ အာဏာများ အခန်းပုဒ်မ ၉၄တွင် “(၁)စစ်ကြောင့် ဖြစ်စေ၊ နိုင်ငံတွင်း ဆူပူမှုကြောင့်ဖြစ်စေ၊ပြည်ထောင်စုနိုင်ငံ၏ တည်တံ့မှုကိုအန္တရာယ်ဖြစ်စေအံ့သော အထူးအရေးတကြီး အခြေအနေဖြစ်ပေါ်နေပြီဟုလည်းကောင်း၊ ပြည်ထောင်စုကို ထိခိုက်နေသောစီးပွားရေးအရေးတကြီးအခြေအနေသည်ပြည်ထောင်စုနိုင်ငံ၏တစ်စိတ်တစ်ဒေသ၌ ပေါ်ပေါက်နေပြီဟူ၍ သော်လည်းကောင်း နိုင်ငံတော်သမ္မတက (ဤအခြေခံ ဥပဒေတွင် အရေးတကြီး ကြေညာ	အရေးပေါ်ကာလနှင့်ပတ်သက်၍ “နိုင်ငံတော် ကောင်စီသည် နိုင်ငံတစ်ဝန်းလုံး၌ အရေးပေါ် အခြေအနေ ပေါ်ပေါက်နေလျှင် အရေးပေါ် အခြေအနေကို ကြေညာ၍ ပြည်သူ့လွှတ်တော် အစည်းအဝေး ခေါ်ယူကျင်းပရမည်။ ယင်းအစည်းအဝေးသို့ အစည်းအဝေး ထမြောက်ရေး အတွက် သတ်မှတ်ထားသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ မတက်ရောက်နိုင်လျှင်အောက်ပါအတိုင်း ဆောင်ရွက်ခွင့်ရှိသည်- (၁) နိုင်ငံတော်ကောင်စီ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေ	ပုဒ်မ ၄၁၀မှ ပုဒ်မ ၄၃၂ ထိ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့် မူ (၂၃) ရပ်ချမှတ်ပြီးဖြစ်သည်။ အရေးပေါ်အခြေအနေကို နိုင်ငံတော်သမ္မတက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးအပေါ် အခြေအနေ ကြေညာနိုင်သည်။ ယင်းကြေညာချက်၌ အရေးပေါ် အခြေအနေအကျိုးသက်ရောက်သည့် နယ်မြေဒေသနှင့် အချိန်ကာလတို့ကို သတ်မှတ်ဖော်ပြရမည်။ လိုအပ်ပါက အရေးပေါ် အခြေအနေ	၁၉၄၇နှင့်၁၉၇၄ခုနှစ်အခြေခံဥပဒေများတွင် အရေးပေါ် အခြေအနေကြုံသည့် အခါဆောင်ရွက်ရမည့် မူများပါရှိသော်လည်း ယင်းမူများ၏ ပြည့်စုံလုံလောက်မှုမရှိခြင်း၊ အာဏာပိုင်များ၏ ဖြေရှင်းဆောင်ရွက်မှု နှေးကွေးခြင်း၊ မထက်မြက်ခြင်း၊ ဆုံးဖြတ်လုပ်ဆောင်ပုံ မှားယွင်းခြင်းတို့ကြောင့် ၁၉၄၈-၄၉ (ရန်ကုန်မြောက်ပိုင်း အစိုးရဟုခေါ်တွင်သော ကာလ)၊ ၁၉၅၈-၅၉ (ဖဆပလအကွဲကြောင့် လူသူလက်နက်စုကြသည့် ခက်ဖွယ်ရယ်ကြုံ လက်နက်ကယ်

စဉ်	(၁) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ	(၂) ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ	(၃) ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ	မှတ်ချက်
	ချက်ဟု ညွှန်းထားသော) ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သော ပုဒ်မ ၉၂ တွင် မည်သို့ပင် ဆိုထားစေကာမူ ပြည်နယ် ဥပဒေပြုစာရင်းတွင် သီးခြားရေတွက်ဖော်ပြထားသော ကိစ္စတစ်ခုနှင့် စပ်လျဉ်း၍ ပြည်နယ်တစ်နယ်၌ သော်လည်းကောင်း၊ ပြည်နယ်တစ်စိတ်တစ်ဒေသအတွက် သော်လည်းကောင်း ဥပဒေများကိုပြုရန်ပါလီမန်တွင် အာဏာရှိရမည်” ဟု ဖော်ပြထားသည်။ အရေးပေါ်ကာလ ပြဋ္ဌာန်းချက်ပင် ဖြစ်သည်။	အကျိုးဆောင် အဖွဲ့၊ ပြည်သူလုပ်ငန်းစစ်ဆေးရေးအဖွဲ့တို့စုပေါင်း၍ ပြည်သူ့လွှတ်တော်၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။ (၂) ပြည်သူ့လွှတ်တော်အစည်းအဝေး ခေါ်ယူကျင်းပရန် အခြေအနေပေးလျှင် ပေးချင်း ပြည်သူ့လွှတ်တော် အစည်းအဝေးကို ခေါ်ယူကျင်းပကာ ပြည်သူ့လွှတ်တော်၏ ကိုယ်စားဆောင်ရွက်ချက်များကို တင်ပြ၍ အတည်ပြုချက်ယူရမည်” ဟု ဖော်ပြပါရှိသည်။	အကျိုးသက်ရောက်သည့် နယ်မြေဒေသ၌ နေထိုင်ကြသော နိုင်ငံသားများ၏ မူလအခွင့်အရေးတစ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ ဖြစ်စေ လိုအပ်သလို ကန့်သတ်နိုင်သည်၊ ရပ်ဆိုင်းနိုင်သည်။ ယင်းအမိန့်ထုတ်ပြန်သည့်နေ့ မှ ရက်ပေါင်း (၆၀)အတွင်း ပြည်ထောင်စုလွှတ်တော်သို့တင်ပြအတည်ပြုချက်ယူရမည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုနှင့်အဓမ္မ နည်းများဖြင့် ရယူဆောင်ရွက်ခြင်း၊ အားထုတ်ခြင်းကြောင့် ပြည်ထောင်စုပြိုကွဲစေမည့် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုပြိုကွဲစေမည့် သို့မဟုတ် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးစေမည့် အရေးပေါ် အခြေအနေ ပေါ်ပေါက်လျှင် သို့မဟုတ် ပေါ်ပေါက်ရန် လုံလောက်သော အကြောင်းအရေးရှိလျှင်နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေဒေသသည်နိုင်ငံတစ်ဝန်းလုံးဖြစ်ကြောင်းနှင့် အချိန်ကာလ သတ်မှတ်ချက်သည် အမိန့်ထုတ်ပြန်သည့်နေ့မှ တစ်နှစ်အထိဖြစ်ကြောင်း ဖော်ပြရမည်ဖြစ်သည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အတွင်း မူလအခြေအနေသို့ ပြန်ရောက်စေခြင်းငှာ လိုအပ်သည့် အရေးယူဆောင်ရွက်မှုများပြုနိုင်ရန်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာများလွှဲအပ်ကြောင်း ကြေညာရမည်ဖြစ်သည်။ ကာကွယ်ရေးဦးစီးချုပ်က ပေးအပ်ထားသော တာဝန်ကျေပွန်အောင် ဆောင်ရွက်ပြီးသောအခါ နိုင်ငံတော်သမ္မတထံ အာဏာရပ်များ ပြန်လည်ပေးအပ်ရမည်စသည်ဖြင့်အရေးပေါ် အခြေအနေကို ကျော်လွှန်သည်အထိ တပ်မတော်ကို တာဝန်လွှဲအပ်ပြီးအခြေအနေတည်ငြိမ်သည်နှင့် နိုင်ငံတော်သမ္မတက မူလတာဝန်ပြန်လည်ထမ်းဆောင်မည်ဖြစ်သည်။	စုံညီစွာနဲ့ကာလ)၊၁၉၆၂ (ဖက်ဒရယ် ရှစ်ပြည်နယ်မူလှုပ်ရှားမှုကြောင့် ပြည်ထောင်စုကြီး အစိတ်စိတ် ကွဲမည့်ကာလ)၊ ၁၉၈၈(ဥပဒေစိုးမိုးမှုပျက်ပြား၊ အစိုးရလုပ်ငန်းများ မဆောင်ရွက်နိုင်အောင်တိုင်းဆူ ပြည်ဖျက်ဆူပူမှုကာလ)တို့တွင် တပ်မတော်ကနိုင်ငံနှင့် ပြည်သူတို့အားကာကွယ်စောင့်ရှောက်ခဲ့ရသည်။ ၁၉၄၈-၄၉ တွင် တပ်မတော်ကသောင်းကျန်းမှုဖြိုခွဲပြီး ဖဆပလ အစိုးရအား အာဏာ ဆက်လက်တည်မြဲစေခဲ့သည်။၁၉၅၈-၅၉-၁၉၆၀ ပြည့်နှစ်များတွင် တပ်မတော် (အိမ်စောင့်အစိုးရက)အာဏာရဝန်ကြီးချုပ်၏ မေတ္တာရပ်ခံချက်အရ နိုင်ငံတာဝန်ဝင်ယူရပြီးတည်ငြိမ်အေးချမ်းလုံခြုံမှုကိုအလေးထား ဆောင်ရွက်ကာ လွတ်လပ်၍ မျှတသော ရွေးကောက်ပွဲ ကျင်းပပေးခဲ့သည်။ အနိုင်ရသော သန့်ရှင်းဖဆပလ (ပထစ) အစိုးရလက် နိုင်ငံပြန်လွှဲပေးခဲ့သည်။ ၁၉၆၂ခုနှစ်နှင့် ၁၉၈၈ခုနှစ် အရေးပေါ်ပြဿနာများ(ဖက်ဒရယ်မူလှုပ်ရှားမှုနှင့် ၁၉၈၈ ခုနှစ်ဆူပူမှု) များကြောင့် တပ်မတော်က နိုင်ငံမပြိုကွဲအောင် အမျိုးသားရေးတာဝန်အဖြစ် နိုင်ငံတာဝန်ဝင်ယူခဲ့ရသည်။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ခိုင်မာသောအခြေခံဥပဒေမူများအရ၊ နိုင်ငံတော်သမ္မတ၏တာဝန်ပေးအပ်ချက်အရသာအရေးပေါ် အခြေအနေကြုံလျှင် တပ်မတော်က အချိန်ကာလသတ်မှတ်ချက်ဖြင့် ဝင်ရောက်ဖြေရှင်းတာဝန်ယူပြီး နိုင်ငံတော်သမ္မတထံ နိုင်ငံတာဝန်များ ပြန်လည်လွှဲအပ်ရန် ပြည့်စုံသောမူများ ပါရှိသည်။
၁၅	တည့်မတ်သော ကြားနေရေးဟူသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသည်။ ပုဒ်မ ၂၁၁-ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် စစ်မက်ကိုနိုင်ငံတော်ဝါဒ၏ လက်နက်သဖွယ် အသုံးမပြု၊ စွန့်ပယ်သည်။ ထို့ပြင် နိုင်ငံခြားနှင့် ဆက်ဆံရာ၌ ပြည်ထောင်အချင်းချင်းဥပဒေ၏သဘောတရားများကို ကျင့်စဉ်များအဖြစ် လိုက်နာလက်ခံသည်။ ပုဒ်မ ၂၁၂- ပြည်ထောင်စုမြန်မာနိုင်ငံသည် ပြည်ထောင်အချင်းချင်းတရားမျှတမှုနှင့် နိုင်ငံတကာတို့ စောင့်ရှောက်အပ်သော ကျင့်ဝတ်သိက္ခာတို့ကို အခြေခံ၍ ကမ္ဘာ့ငြိမ်းချမ်းရေးကိုလည်းကောင်း၊ နိုင်ငံတကာတို့နှင့် မိတ်ဝတ်မပျက် ပေါင်းဖက်ဆောင်ရွက်ရေးကိုလည်းကောင်း ရှေးရှုမည်ဟူ၍ ခိုင်မြဲသော အဓိဋ္ဌာန်ကို ပြုသည်။	“နိုင်ငံတော်သည် လွတ်လပ်သော နိုင်ငံခြားရေးဝါဒကို အစဉ်မပြတ် ကျင့်သုံး၍ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်”ဟူ၍ ကြားနေ၊ ဘက်မလိုက် နိုင်ငံခြားရေးမူဝါဒကို လွတ်လပ်စွာ ကျင့်သုံးကြောင်း ဖော်ပြခဲ့သည်။	နိုင်ငံခြားရေးဝါဒနှင့်စပ်လျဉ်းသည့် အခြေခံရမည့် မူများအဖြစ်- (က) ပုဒ်မ ၄၁တွင် နိုင်ငံတော်သည် လွတ်လပ်တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်။ (ခ) ပုဒ်မ ၄၁၊ ပုဒ်မခွဲ (က) တွင် နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမှ စတင်ကျူးကျော်တိုက်ခိုက်ခြင်းမပြု။ (ဂ) ပုဒ်မ ၄၁၊ ပုဒ်မခွဲ(ခ) တွင် နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့် မပြုဟူ၍ ပြဋ္ဌာန်းထားသည်။	နိုင်ငံခြားရေးမူဝါဒနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၌ရေးဆွဲကျင့်သုံးသော အခြေခံဥပဒေတိုင်းမှာပင် ဘက်မလိုက်နိုင်ငံခြားရေး မူဝါဒ၊ နိုင်ငံအားလုံးနှင့် ချစ်ကြည်စွာဆက်ဆံရေးမူဝါဒကို ခံယူကျင့်သုံးကြောင်း တွေ့နိုင်သည်။ ၁၉၇၄ ခုနှစ် အခြေခံဥပဒေနှင့် ရေးဆွဲရမည့် အခြေခံဥပဒေတွင်ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး (၅)ရပ်ကို အတိအလင်း ပြဋ္ဌာန်းကျင့်သုံး ကြသည်။ ၂၀၀၈ခုနှစ်အခြေခံဥပဒေတွင် မြန်မာကမည်သည့်နိုင်ငံကိုမှစတင်မကျူးကျော်၊ နိုင်ငံတော်အတွင်း မည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြုဟု မူချထားခြင်းဖြင့် မြန်မာ့ နိုင်ငံခြားရေးမူဝါဒကို ပိုင်နိုင်ခိုင်မာ အဓိပ္ပာယ်ပြည့်ဝစေပေသည်။

စာမျက်နှာ ၁၁သို့

စာမျက်နှာ ၁၀ မှ

စဉ်	(၁) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ	(၂) ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ	(၃) ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ	မှတ်ချက်
၁၆	နိုင်ငံသား၊ နိုင်ငံသားအခွင့်အရေးနှင့် တာဝန်နှင့်ပတ်သက်၍ ပုဒ်မ ၂၃ ခု ပါဝင်ပြဋ္ဌာန်းသည်။	နိုင်ငံသား၊ နိုင်ငံသားအခွင့်အရေးနှင့်တာဝန်နှင့်ပတ်သက်၍ ပုဒ်မ ၂၆ခု ပါဝင်ပြဋ္ဌာန်းသည်။	နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း၌ အသေးစိတ်အခြေခံရမည့် မူများအဖြစ် ပုဒ်မ ၃၄၅ မှ ပုဒ်မ ၃၉၀ ထိ ပုဒ်မပေါင်း (၄၆)ခု ပြဋ္ဌာန်းထားသည်။	၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးများ ပိုမိုကျယ်ပြန့်ပြည့်စုံစွာ ပါရှိသည်။
၁၇	လွှတ်တော်နှစ်ရပ် ပူးတွဲညီလာခံ၌ အမတ်အားလုံး၏ သုံးပုံနှစ်ပုံထောက်ခံမဲဖြင့် အခြေခံဥပဒေကို ပြင်ဆင်နိုင်သည်။ ပြည်နယ်ဥပဒေပြုစာရင်း၊ ပြည်နယ်အခွန်တော်စာရင်း၊ ပါလီမန်အက်ဥပဒေပါ အမတ်အရည်အချင်းဆိုင်ရာ ပြဋ္ဌာန်းချက်တို့ကို လွှတ်တော်နှစ်ရပ်၏ အမတ်များရာမဲဖြင့် ပြင်နိုင်သည်။	နိုင်ငံတော်အခန်း၊ အခြေခံမူများအခန်း၊ နိုင်ငံတည်ဆောက်ဖွဲ့စည်းမှုအခန်း၊ ပြည်သူ့လွှတ်တော်အခန်း၊ အခြေခံဥပဒေပြင်ဆင်ခြင်းအခန်းတို့မှ ပုဒ်မများစွာကို အမတ်သုံးပုံနှစ်ပုံသဘောတူပြီး ပြည်လုံးကျွတ်ဆန္ဒခံယူကာ မဲပေးသူ ထက်ဝက်ကျော်ထောက်ခံမှ ပြင်နိုင်သည်။ ကျန်အခြေခံမူများကို ကိုယ်စားလှယ် ၇၅ ရာနှုန်း ဆန္ဒမဲဖြင့် ပြင်နိုင်သည်။	ပုဒ်မ ၄၃၆၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်အရ နိုင်ငံတော်အခြေခံမူများ၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံတော်အကြီးအကဲ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းတို့ပါ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန်၊ သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ တစ်ဝက်ကျော်ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။ ပုဒ်မ ၄၃၆၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။	၁၉၄၇ ခုနှစ် အခြေခံဥပဒေ၌ အရေးပါသော မူများကို ကိုယ်စားလှယ် သုံးပုံနှစ်ပုံ (၆၇ ရာနှုန်း) ဖြင့် ပြင်နိုင်၍ လွယ်ကူစွာ ပြင်နိုင်သည်။ အခြေခံမူကြီးများ လွယ်လွယ်ပြင်နိုင်၍ နိုင်ငံပြိုကွဲမှုအန္တရာယ်နှင့် ကြုံကြိုက်ခဲ့ရသည်။ ၁၉၇၄ ခုနှစ် အခြေခံဥပဒေနှင့် ၂၀၀၈ ခုနှစ် အခြေခံဥပဒေတို့တွင် ကိုယ်စားလှယ် ၇၅ ရာနှုန်းကျော်က ပြင်ဆင်ရန် သဘောတူ လက်ခံပြီးနောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဖြင့်သာပြင်နိုင်၍ အရေးပါသောမူများ လုံခြုံစိတ်ချနိုင်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာနှင့် ပြည်တွင်းသတင်း

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပုံးပေါက်ကွဲ၍အသက်ပေးဆပ်ခဲ့ရသော စည်ပင်ဝန်ထမ်း၏ ကျန်ရစ်သူမိသားစုကို ကူညီထောက်ပံ့

နမ့်ခမ်း အောက်တိုဘာ ၂၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့ မိုခမ်းရပ်ကွက် ပြည်ထောင်စုလမ်းမ မြို့လယ်မဟာမုနိဘုရားရှေ့ လမ်းလယ်ပန်းခုံတွင် မသမာသူတစ်စုက ပြည်သူများ အထိတ်တလန့်ဖြစ်စေသည့်အပြင် အသက်ကိုပင် ထိခိုက်စေခဲ့သော ဖောက်ခွဲမှုကို ပြုလုပ်ခဲ့သည်။

၎င်းကဲ့သို့ အကျိုးမဲ့လုပ်ရပ်ကြောင့် နေ့စဉ်မြို့သန့်ရှင်းသာယာလှပရေးအတွက် တာဝန်ကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသော နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နေ့စားဝန်ထမ်း(သန့်ရှင်းရေး)ဦးဝင်းကို (၂၉နှစ်)သည် အောက်တိုဘာ ၁၇ ရက် နံနက် ၇ နာရီက အမှိုက်သိမ်းဆောင်ရွက်စဉ် ကြွပ်ကြွပ်အိတ်အမည်းဖြင့် ထုပ်ပိုးထားသော အိတ်မှပေါက်ကွဲမှုဖြစ်ကာ လည်ပင်းထိမှန်ပြီး နေရာတွင် ပွဲချင်းပြီး သေဆုံးခဲ့ရသည်။

ထောက်ပံ့

အပြစ်မဲ့ ဝန်ထမ်းတစ်ဦး တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေစဉ် ယခုကဲ့သို့ အသက်ကို ပေးဆပ်ခဲ့ရသည့်အတွက် စာနာထောက်ထားသော စိတ်စေတနာဖြင့် ကျန်ရစ်သူမိသားစုအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က နာရေးကူညီ ထောက်ပံ့ငွေကျပ် သုံးသိန်းနှင့်အတူ ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီ၊ ရှမ်းပြည်နယ်ရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီများက ငွေကျပ် ၁၃ ဒသမ ၇ သိန်း စုစုပေါင်း ၁၆ ဒသမ ၇ သိန်းကို ဝိုင်းဝန်းကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

(ဝ၁၇)

အကောက်ခွန်မဲ့ ကွမ်းစားဆေးများ ဘားအံမြို့နယ်အကောက်ခွန်ဌာန မီးရှို့ဖျက်ဆီး

ဘားအံ အောက်တိုဘာ ၂၅

ထိုင်းနိုင်ငံဘက်မှ အကောက်ခွန်မဲ့မှောင်ခိုတင်သွင်းလာပြီး စားသုံးသူများအား ဘေးဥပဒ်ဖြစ်စေနိုင်သော Parajat Queen ကွမ်းစားဆေးဘူးများကို ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနက အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီ ၂၅ မိနစ်က ဘားအံမြို့နယ် လှာကာကျေးရွာအုပ်စု မြေနီကုန်းပေါ်၌ မီးရှို့ဖျက်ဆီးခဲ့သည်။

မီးရှို့ဖျက်ဆီး

ဘေးဥပဒ် ဖြစ်စေနိုင်သော အဆိုပါ ကွမ်းစားဆေးဘူးများကို ဇူလိုင်လက ၇င/. . . ယာဉ်ဖြင့် တင်ဆောင်လာစဉ် ယာဉ်တိမ်းမှောက်မှု ဖြစ်ပွား၍ အဆိုပါယာဉ်ကို စစ်ဆေးရာ တရားမဝင် အကောက်ခွန်မဲ့တင်သွင်းလာသော Parajat Queen ကွမ်းစားဆေးဘူး ၃၀ ပါ ၁၄၉ ထုပ် ကာလတန်ဖိုးငွေကျပ် ၆၇၀၅၀၀၀ ကို စစ်ဆေးတွေ့ရှိရသဖြင့် ၎င်းပစ္စည်းများနှင့်ပတ်သက်၍ ကော့ကရိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ အမှုတွဲ ၁၁က/၂၀၁၃(၀၀၁) Parajat Queen ကွမ်းစားဆေးများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ပြီး ၎င်းကွမ်းစားဆေးများကို FDA ရုံးသို့ပေးပို့၍ ဓာတုဗေဒစစ်ဆေးခဲ့ရာ လူတို့စားသုံးရန်မသင့်ကြောင်း အကြောင်းပြန်ကြားခဲ့သဖြင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ကွမ်းစားဆေးများ ဖျက်ဆီးဆောင်ရွက်မှုကို ဘားအံမြို့နယ် အကောက်ခွန် ဦးစီးဌာနမှူးက ကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပြည်နယ်အုပ်ချုပ်ရေး၊ မြို့နယ် ရဲတပ်ဖွဲ့၊ အထူးစုံစမ်းရေးဦးစီးဌာနတို့မှ ကော်မတီဝင်ကိုယ်စားလှယ်များနှင့် ကော့ကရိတ်မြို့နယ် အကောက်ခွန် ဦးစီးဌာန မြို့နယ်မှူးက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး လှာကာကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဘားအံမြို့နယ် မီးသတ်တပ်ဖွဲ့မှ မီးသတ်ကားတစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လှာကာကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထွန်းထွန်းထွေး (ဘားအံ)

ပြည်တွင်းသတင်း

ရာသီမတိုင်မီ အရောင်းသွက်နေတဲ့ မန်းသက်န်းဈေးကွက်



မန္တလေး အောက်တိုဘာ ၂၅

မန္တလေးမြို့ သင်္ကန်းဈေးကွက်တွင် ဂျပန်နှင့် အီတလီပိုးသင်္ကန်းများ လူကြိုက်များလျက်ရှိကာ ရာသီအစမှာပင် အရောင်းသွက်လျက်ရှိကြောင်း မန္တလေးမြို့ သင်္ကန်းရောင်းဝယ်ရေးဆိုင်များမှ သိရသည်။

ယခင်နှစ်များက ရာသီချိန်ရောက်ရှိမှသာ သင်္ကန်းများအရောင်းသွက်သော်လည်း ယခုနှစ်တွင်မူ ရာသီမတိုင်မီကပင် သင်္ကန်းများကြိုတင်ဝယ်ယူလျက်ရှိပြီး အထူးသဖြင့် ဂျပန်ဘိုမတံဆိပ်သင်္ကန်းနှင့် အီတလီပိုးသင်္ကန်းများ လူကြိုက်များလျက်ရှိကြောင်း သင်္ကန်းများ လက်လီလက်ကား ရောင်းချပေးနေသည့်ဆိုင်မှ ဒေါ်ဌေးဌေးယဉ်က ပြောသည်။

"နှစ်စဉ်နှစ်တိုင်း ဂျပန်သင်္ကန်းတွေကအရောင်းသွက်တယ်။ အရည်အသွေးလည်းကောင်းတယ်။ လျှော်ပြီးရင်ခဏလေးနဲ့ခြောက်တယ်။ ပေါ့ပါးတဲ့သင်္ကန်းဖြစ်တဲ့အတွက် သံဃာတွေရုံရတာ လွယ်ကူတဲ့အတွက် အဝယ်လိုက်ပါတယ်။ ထူးခြားမှုအနေနဲ့ ဒီနှစ်မှာ ဂျပန်သင်္ကန်းအပြင် ဈေးကြီးတဲ့ အီတလီပိုးသင်္ကန်းတွေပါ အရောင်းသွက်လာတယ်။ ချည်နဲ့ရက်လုပ်ထားတဲ့ ပြည်တွင်းဖြစ် သင်္ကန်းတွေလည်း သင်္ကန်းများ ဝယ်ယူရာတွင်လည်း ယခင်ကကဲ့သို့ ဈေးနှုန်းအနည်းအများ မကြည့်တော့ဘဲ အရည်အသွေးကောင်းမွန်သည့်သင်္ကန်းကိုသာ ဦးစားကဆိုသည်။

"အရင်က ကထိန်သင်္ကန်း(ဥ တ်သင်္ကန်း)ကို လှူကြတဲ့အခါမှာ ကိုယ်တတ်နိုင်တဲ့ ငွေပမာဏနဲ့ ချိန်ပြီးလှူကြပေမယ့် ဒီနှစ်မှာတော့ ဈေးကြီးပြီး အခန်းအများဆုံး သင်္ကန်းတွေကို ရွေးချယ်ဝယ်ယူလာကြတယ်" ဟု ပြောသည်။

ထို့ပြင် ကထိန်ခင်းရန် အချိန်မီမပြင်ဆင်နိုင်သူများက မိုးပေါ်ကျကထိန်လှူဒါန်းနိုင်ရန်အတွက် သင်္ကန်းနှင့်ပရိက္ခရာအစုံပါသည့် ခြင်းတောင်းများကို အမျိုးအစားပေါ်မူတည်ပြီး ဈေးနှုန်း ငွေကျပ် ၁၂၀၀၀ မှ ငွေကျပ် ၆၅၀၀၀ အထိ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း ဒေါ်ဌေးဌေးယဉ်က ပြောကြားသည်။ လူကြိုက်များသည့် ဂျပန်ဘိုမတံဆိပ်သင်္ကန်းဈေးနှုန်းမှာ ငွေကျပ် ၂၅၀၀၀ မှ ၃၅၀၀၀၊ အီတလီပိုးသင်္ကန်းမှာ ငွေကျပ် ၆၀၀၀၀နှင့် တရုတ်တက်ထရွန်သင်္ကန်းမှာ ငွေကျပ် ၈၀၀၀ မှ၁၅၀၀၀ ဈေးနှုန်းများရှိကြောင်း သိရသည်။ **မင်းထက်အောင် (မန်းကိုယ်ပွား)**

သကျမဟာမြတ်မုနိဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

နတ်တလင်း အောက်တိုဘာ ၂၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ သကျမဟာမြတ်မုနိဘုရားကြီး တန်ဆောင်တိုင် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို နှစ်စဉ်နှစ်တိုင် စဉ်လာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်။ နိုဝင်ဘာ ၁၄ ရက်မှ ၁၈ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပမည်။ နိုဝင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ဗုဒ္ဓမြတ်စွယ်တော်နှင့် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များသည် မြို့တွင်းသို့ပင့်ဆောင်၍ လှည့်လည်ပူဇော်ခံယူမည်။ ထို့နောက် ဆွမ်းတော်ကြီးကပ်လှူပွဲ၊ သံဃာတော် ၁၂၀ ပါးတို့အား ဆွမ်းဆန်တော် လောင်းလှူပွဲ၊ ရိုးရာမပျက် ပျော်ပွဲရွှင်ပွဲများ၊ တေးဂီတဖျော်ဖြေပွဲ၊ ဇာတ်ပွဲအငြိမ့်ပွဲ၊ မြန်မာ့ရိုးရာ ခြင်းအလှခတ်ပြပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရသည်။ **တင်မြင့်**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၅-၁၀-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၈၉၅၀၀-၆၄၈၉၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၈၉၅၀၀-၆၄၈၈၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၃-၉၇၅	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၄၇	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၈၀-၇၉၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၆-၃၁. ၅	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၃-၁၅. ၈	ကျပ်
တရုတ်	တစ်ယွမ်	၁၆၀-၁၆၅	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၀-၃၀၇	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၂၀ ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၁၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၄၈၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၉၀၀-၄၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၈၀၀-၇၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၅၀၀-၆၈၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၈၅၀၀-၂၀၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၂၀၀-၁၄၅၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နွေဆန်	တစ်အိတ်	၁၇၈၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၁၀၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၄၀၀၀-၂၈၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၂၀
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၈၀၀-၁၂၀၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၁၈၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၅၀-၁၂၀၀
၉။ အာလူး (အောင်ပန်း)	တစ်ပိဿာ	၃၅၀-၃၈၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၁၀၀-၂၁၅၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၇၀၀-၃၂၀၀
၁၂။ သကြား	တစ်ပိဿာ	၁၀၅၀-၁၁၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး



အမည်ပြောင်း

ပုဏ္ဏားကျွန်းမြို့၊ စံပြရပ်ကွက်နေ ဦးထွန်းစံလှ၏သမီး မအေးယုခိုင် ၁၁/ပဏတ(နိုင်)၀၅၄၁၄၅ အား မနှင်းလှဲ့လှဲ့အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မနှင်းလှဲ့လှဲ့အောင်

စာအုပ်စာပေ လူ့မိတ်ဆွေ

ရက်ပေါင်း ၄၅ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို ပြေးခုန်ပစ်ပြိုင်ပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ မြန်မာပြည်စံချိန်သစ် နှစ်ခုတင်နိုင်

နေပြည်တော် အောက်တိုဘာ ၂၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်အားကစားနည်းအောင်မြင်စွာ လက်ခံကျင်းပနိုင်ရန်နှင့် အောင်မြင်မှုရရှိရန် ရည်ရွယ်၍အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို ပြေးခုန်ပစ် Championship ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို အောက်တိုဘာ ၂၃ ရက် နံနက် ၆ နာရီမှ စတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ကွင်း(၁)၌ ကျင်းပခဲ့ရာ မွန်းလွဲပိုင်း ပွဲစဉ်များကို (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ/ပိတ်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ ပြည်သူ့လွှတ်တော်အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအုန်းကျော်နှင့် ဦးခိုင်မောင်ရည်တို့ တက်ရောက်ကြည့်ရှုအားပေးကာ ဆုများချီးမြှင့်ခဲ့ကြသည်။

ဒုတိယနေ့ပြိုင်ပွဲများအပြီး အမျိုးသားသံကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ပထမရရှိသော အောင်မျိုးမင်းသည် ၄င်း၏ စံချိန်ဟောင်းဖြစ်သည့် ၄၄ ဒသမ ၇၅ မီတာကို ၄၆ ဒသမ ၉၁ မီတာဖြင့် မြန်မာပြည်စံချိန်သစ်ကိုတင်၍ အမျိုးသမီးတုတ်ထောက်ခုန်ပြိုင်ပွဲတွင် ပထမရရှိသော နှင်းရည်ဝေက စံချိန် ၃ ဒသမ ၂၇ မီတာဖြင့် ယခင် နေနေဝင်း လယ်ယာ/ဆည်မြောင်းဝန်ကြီးဌာန တင်ထားသော ၃ ဒသမ ၂၆ မီတာစံချိန်ကိုချိုးကာ စံချိန်သစ်တင်ခဲ့ကြောင်း သတင်းရရှိပါသည်။

(သတင်းစဉ်)

MNL Cup ချန်ပီယံ ကမ္ဘောဇအသင်းအား ဂုဏ်ပြု

တောင်ကြီး အောက်တိုဘာ ၂၅

2013 MNL Cup ဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော ကမ္ဘောဇအသင်း ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ညပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ကမ္ဘောဇဘောလုံးအသင်းဥက္ကဋ္ဌ ဦးခင်မောင်လတ်နှင့် CEO ဦးဝင်းမြင့်ဦးတို့က ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်ထံ ဆုဖလားအပ်နှံသည်။ (ဓာတ်ပုံ)ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုက်စစ်မှူး စိုးမင်းဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ကမ္ဘောဇအသင်းမှာ 2013 MNL Cup ပြိုင်ပွဲတွင် ရှုံးပွဲမရှိ ဗိုလ်စွဲနိုင်ခဲ့ခြင်းဖြစ်ပြီး MNL ပြိုင်ပွဲသက်တမ်းတစ်လျှောက် ပထမဆုံးဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

သတင်း-ဖိုးသော်ဇင်/ ဓာတ်ပုံ-စိုးညွန့်

မြန်မာကာယအားကစားသမားများ ဆီးဂိမ်းတွင် အနည်းဆုံးရွှေနှစ်ဆုမျှော်မှန်း

နေပြည်တော် အောက်တိုဘာ ၂၅

ဒီဇင်ဘာလတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲတွင် ကာယဗလအားကစားအနေဖြင့် အနည်းဆုံး ရွှေတံဆိပ်ဆုနှစ်ဆု၊ သုံးဆု ဆွတ်ခူးနိုင်အောင် မျှော်မှန်းလေ့ကျင့်နေကြောင်း မြန်မာနိုင်ငံကာယဗလအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်သန်းက ပြောကြားသည်။

"ကျွန်တော်တို့ ဒီဆီးဂိမ်းပြိုင်ပွဲကြီးမှာ အတန်းငါးတန်း ထည့်သွင်းယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ မြန်မာကာယဗလ အားကစားသမားများအနေနဲ့ ပြည်ပသို့ Joint Training သွားရောက်လေ့ကျင့်နေတာတော့ မရှိပါဘူး။ စင်ကာပူက နည်းပြနဲ့ အာရှအဖွဲ့ချုပ်က နည်းပြတွေနဲ့ ရန်ကုန်မှာပဲ လေ့ကျင့်နေကြပါတယ်။ ပြိုင်ပွဲမှာ ငါးတန်းပြိုင်မှာပါ။ တစ်တန်းကို တစ်ဦးနှုန်းနဲ့ ယှဉ်ပြိုင်မှာပါ။ အရန်နှစ်ဦးအပါအဝင် အားလုံးပေါင်း ခုနစ်ဦး လေ့ကျင့်လျက်ရှိပါတယ်။ ပြိုင်ပွဲမှာ အနည်းဆုံး ရွှေနှစ်ခုမှ သုံးခုအထိ ဆွတ်ခူးနိုင်ဖို့ ကြိုးစားလေ့ကျင့်နေပါတယ်" ဟု ဦးကျော်သန်းက ဆက်လက်ပြောကြားသည်။

ဆွတ်ခူးခဲ့

အဆိုပါ ရွေးချယ်လေ့ကျင့်လျက်ရှိသော ကာယဗလ အားကစားသမားများတွင် ထွန်းမင်းသည် ၅၅ ကီလိုတန်း၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ၄င်းသည် ကမ္ဘာ့အဆင့်ပြိုင်ပွဲတွင် တတိယဆုအထိ ဆွတ်ခူးခဲ့ဖူးကြောင်း သိရသည်။ ထို့အတူ အောင်ခိုင်ဝင်းသည် ၆၀ ကီလိုတန်းတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ၄င်းသည် ထိုင်းတွင်ကျင်းပသော ဆီးဂိမ်း၌ ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့ဖူးသူ ဖြစ်သည်။ ၇၀ ကီလိုတန်းယှဉ်ပြိုင်မည့် မင်းဇော်ဦးသည် အာရှအဆင့်တွင် ရွှေနှင့် ငွေတံဆိပ်များ ဆွတ်ခူးခဲ့သူဖြစ်သည်။ ချင်းအမျိုးသား ဆလိုင်းကျော်မင်းသည် ၈၀ ကီလိုတန်း၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြည်တွင်းပြိုင်ပွဲများတွင် ဆုများရရှိထားပြီး ဆုမျှော်မှန်းနိုင်သူဖြစ်သည် ဟု ဆိုသည်။ ၉၀ ကီလိုတန်းယှဉ်ပြိုင်မည့် အောင်ဆွေနိုင်သည် နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေတံဆိပ်နှင့် ငွေတံဆိပ်များ ဆွတ်ခူးခဲ့ဖူးသူဖြစ်သည်။

ကျင်းပမည်

ထို့ကြောင့် လာမည့်ဆီးဂိမ်းပြိုင်ပွဲကြီးတွင် အိမ်ရှင်မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆု ဆွတ်ခူးပေးမည့် အားကစားတွင် ကာယဗလအားကစားသည် ထိပ်ဆုံး၌ ရှိနေသည်။ ယင်းပြိုင်ပွဲများကို ရန်ကုန်မြို့ MCC ခန်းမ၌ ဒီဇင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်ရွှေရိုး



မြန်မာကာယဗလမောင်များ၏ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

နိုင်ငံတကာအားကစားသတင်း

နိုင်ငံတကာ ပြည်တွင်းလိဂ် ပွဲစဉ်များ (သီဟ)

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်-၉ အောက်တိုဘာ ၂၆

ပဲလေ့စ်	-	**အာဆင်နယ်**	ည	၆း၁၅	(-)
အက်စတွန်ဗီလာ	-	အဲဗာတန်	ည	၈း၃၀	(ယခင်နှစ် ၁-၃)
လီဗာပူး	-	ဝက်စ်ဘရွန်း	ည	၈း၃၀	(ယခင်နှစ် ၀-၂)
မန်ယူ	-	စတုတ်စီးတီး	ည	၈း၃၀	(ယခင်နှစ် ၄-၂)
နော်ဝှစ်ချ်	-	**ကာဒစ်ဖ်**	ည	၈း၃၀	(-)
ဆောက်သမ်တန်	-	ဖူလ်ဟမ်	ည	၁၁း၀၀	(ယခင်နှစ် ၂-၂)

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်-၁၀ အောက်တိုဘာ ၂၆

ဘိုင်ယန်မြူးနစ်	-	ဟာသာဘာလင်	ည	၈း၀၀	(-)
ရှော်လ်ကေး	-	**ဒေါ့မွန်**	ည	၈း၀၀	(ယခင်နှစ် ၂-၁)
လေဗာကူဆင်	-	အော့စ်ဘတ်	ည	၈း၀၀	(ယခင်နှစ် ၂-၁)
ဟန်နိုဗာ	-	ဟော့ဖန်ဟိမ်း	ည	၈း၀၀	(ယခင်နှစ် ၁-၀)
မိန့်ဇ်	-	ဘရန်းဝှစ်ချ်	ည	၈း၀၀	(-)
ဝုဖ်ဘတ်	-	ဝါဒါဘရီမင်	ည	၁၁း၀၀	(ယခင်နှစ် ၁-၁)

အီတလီစီးရီးအေ ပွဲစဉ်-၉ အောက်တိုဘာ ၂၆/၂၇

ဆမ်ဒိုးရီးယား	-	**အတ္တလန်တာ**	ည	၁၀း၃၀	(ယခင်နှစ် ၁-၂)
အင်တာမီလန်	-	**ဗီရိုနာ**	နံနက်	၁း၁၅	(-)

စပိန်လာလီဂါ ပွဲစဉ်-၁၀ အောက်တိုဘာ ၂၆/၂၇

မာလာဂါ	-	ဆဲလ်တာဗီဂို	ည	၈း၃၀	(ယခင်နှစ် ၁-၁)
ဘာစီလိုနာ	-	ရီးရဲမက်ဒရစ်	ည	၁၀း၃၀	(ယခင်နှစ် ၁-၃)
အဲလ်ချီ	-	ဂရန်နာဒါ	နံနက်	၀၀း၃၀	(-)
လီဗန်တေး	-	**အက်စ်ပန်ညို**	နံနက်	၂း၃၀	(ယခင်နှစ် ၃-၂)

ပြင်သစ်လီဂူး ပွဲစဉ်-၁၀ အောက်တိုဘာ ၂၆/၂၇

မာဆေး	-	ရိမ်း	ည	၉း၃၀	(ယခင်နှစ် ၀-၀)
ဘတ်စတီယာ	-	**နိုက်စ်**	နံနက်	၀၀း၃၀	(ယခင်နှစ် ၀-၁)
ဂူအင်ဂမ့်	-	အဂျာစီယို	နံနက်	၀၀း၃၀	(ယခင်နှစ် ၂-၁)
လော်ရီရန့်	-	ဆိုးချော့စ်	နံနက်	၀၀း၃၀	(ယခင်နှစ် ၂-၀)
တူးလော့စ်	-	**ရန်းနက်စ်**	နံနက်	၀၀း၃၀	(ယခင်နှစ် ၂-၂)
ဗလင်စီနက်	-	အီဗီယန်	နံနက်	၀၀း၃၀	(ယခင်နှစ် ၂-၁)

လာလီဂါပွဲစဉ်(၁၀)မှာ မက်ဆီနဲ့ စီရော်နယ်ဒိုဆုံပြီ

လာလီဂါခရီးကြမ်းရဲ့ ပွဲစဉ် (၁၀)ကို အောက်တိုဘာ ၂၆ ရက် ညပိုင်းမှာ ဆက်လက်ဖြတ်သန်းဖို့ တာစူနေကြပြီဖြစ်ပါတယ်။ ဒီတစ်ပတ်မှာတော့ ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့ပွဲက ပရိသတ်အကြိုက် အသုံးတော်ခံမှာဖြစ်သလို မက်ဆီနဲ့စီရော်နယ်ဒိုတို့ရဲ့ စီးချင်းထိုးပွဲအဖြစ်လည်း မြင်တွေ့ကြရမှာမို့ ရင်ခုန်စရာကောင်းနေပါတယ်။

ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်

ဒီနှစ်ဘောလုံးရာသီမှာ လာလီဂါဖလားရယူရေး မျှော်လင့်ချက်ကိုယ်စီနဲ့တိုက်ပွဲဝင်နေကြတဲ့ အသင်းတွေမို့ အမှားမရှိအောင် ကစားကြပါလိမ့်မယ်။ ဘာစီလိုနာဟာ အိမ်ကွင်းမှာ သေသပ်စွာကစားတတ်ပြီး ရလဒ်ကောင်းအောင် စွမ်းဆောင်တတ်တာမို့ ဒီပွဲမှာအမှတ်ပြည့်ရယူဖို့ ကြိုးစားပါလိမ့်မယ်။ ဘာစီလိုနာရော ရီးရဲမက်ဒရစ်ပါ ချန်ပီယံလိဂ်ပွဲစဉ်တွေကြောင့် ပွဲပန်းနေပေမယ့် ဒီပွဲကိုလည်း အားလျှော့လို့မရပြန်ပါဘူး။ အိမ်ရှင်အတွက် တိုက်စစ်၊ ခံစစ်တွေက ကျေနပ်စရာ အနေအထားရှိတာကြောင့် တိုက်စစ်ပိုင်းအားသာချက်ရှိတဲ့ ရီးရဲမက်ဒရစ်ကို ထိန်းချုပ်ကစားနိုင်ပါလိမ့်မယ်။ အကြိုက်က ရီးရဲမက်ဒရစ်ဖြစ်ပေမယ့် ဒီပွဲရဲ့ ရလဒ်အတွက်ဆိုရင်တော့ ရီးရဲမက်ဒရစ်ကိုပဲ ကျောခိုင်းရပါလိမ့်မယ်။

ဗယ်လက်ကာနိုနှင့် ဗယ်လာဒိုလစ်

နိုင်ပွဲလိုအပ်နေတဲ့ ဗယ်လက်ကာနိုတို့ အိမ်ကွင်းမှာ အမှတ်ပြည့်ရယူရေးအစွမ်းကုန်အားထုတ်ပါလိမ့်မယ်။ ဒီနှစ်သင်းဆုံတိုင်း အကြိတ်အနယ်ရှိတတ်တာမို့ ပွဲကောင်းတစ်ပွဲအဖြစ် မြင်တွေ့ရပါလိမ့်မယ်။ ဗယ်လက်ကာနိုမှာ ဖာနန်ဒက်ဇ်၊ ကားလို့စ်၊ ကတ်စထရိုတို့ဒဏ်ရာရရှိနေပြီး ဗယ်လာဒိုလစ်မှာလည်း အော်စကာ၊ ဟိန်နဲ့ဇ်၊ ဗစ်တာပီရက်ဇ်တို့ ဒဏ်ရာတွေရရှိနေပါတယ်။ ဗယ်လက်ကာနိုဟာ ခြေစွမ်းတက်ရိပ်ပြနေတာမို့ ဒီပွဲမှာ အနိုင်ဆိုတာ သူတို့အတွက်ဖြစ်ကြောင်း ပြသပါလိမ့်မယ်။

မာလာဂါနှင့် ဆဲလ်တာဗီဂို

ခြေစွမ်းဖရိုဖရဲဖြစ်နေတဲ့ ဆဲလ်တာဗီဂိုဟာ အခုပွဲအဝေးကွင်းမှာ ခက်ခဲမှုတွေနဲ့ ကြုံတွေ့ရပါဦးမယ်။ တိုက်စစ်ရော ခံစစ်ပိုင်းပါ ယိုယွင်းနေတဲ့ ဆဲလ်တာဗီဂိုတို့ ဗျူဟာအခင်းအကျင်းမှားရင် ဒီပွဲမှာမျှော်လင့်ချက်ကင်းမဲ့သွားနိုင်ပါတယ်။ ဆဲလ်တာဗီဂိုမှာ ဆင်မြူရယ်၊ ဘာမီဂျိုနှင့် ဘဲလ်ဗစ်တို့ဒဏ်ရာရှိနေတာမို့ နိုင်ပွဲပျောက်ဆုံးနေတဲ့ မာလာဂါတို့ဒီပွဲမှာ မျှော်လင့်ချက်တွေ အကောင်အထည်ဖော်နိုင်ပါတယ်။ မာလာဂါဟာ အသင်းလိုက် ကစားအားကောင်းပြီး စိတ်ဓာတ်လည်း ပြင်းထန်ကြတာမို့ ဒီပွဲဟာ အိမ်ရှင်တို့အတွက် မင်္ဂလာရှိတဲ့ရလဒ်ကို ဖော်ဆောင်နိုင်ပါလိမ့်မယ်။

မိုးမြင့်လင်းလက်

ဝီဂန်တို့ အုပ်စုတက်ရန် ရှုန်းကန်ရဆဲ

ယူရိုပါလိဂ်အုပ်စု(D)တွင် ဝီဂန်တို့ ရူဘင်ကာဇန်ကို တစ်ဖက်တစ်ဂိုးစီ သရေကစားပြီး အုပ်စုအဆင့်ကျော်ရေး ရုန်းကန်နေရဆဲဖြစ်သည်။ ရုရှား ချန်ပီယံရူဘင်ကာဇန်က ပွဲစပြီး မကြာမီ ပရောက်နီဘော့ဇ်က အဖွင့်ဂိုး သွင်းယူခဲ့သည်။ ယင်းဂိုးကို ဝီဂန်အတွက် အငှားခေါ်ယူထားသော နစ်ပိုဝဲလ်က ချေပခဲ့သည်။ ဝီဂန်တို့ ယင်းပွဲ သရေကျခဲ့၍ သုံးပွဲတွင် ငါးမှတ်ရပြီး ရူဘင်နောက်မှ နှစ်မှတ်ခွာ၍လိုက်နေသည်။ ဝီဂန်အတွက် ချေပဂိုးကို အသက် ၁၉ နှစ်ရှိ နစ်ပိုဝဲလ်က ကိုက် ၂၀ အကွာမှ ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ရုရှားအသင်းသည် ပြီးခဲ့သည့်နှစ်က ကွာတားအထိ တက်နိုင်ခဲ့သည်။

ဆွမ်ဆီးပယ်နယ်တီ ချေပဂိုးကြောင့် အနိုင်ပွဲနှင့်လွဲ

ယူရိုပါလိဂ်ပြိုင်ပွဲတွင် ဆွမ်ဆီးအသင်းသည် ရုရှားကလပ် ကူဘင်ခရက်စ်နိုဒါ၏ လေလွင့်ချိန် ပယ်နယ်တီ ချေပဂိုးကြောင့် အနိုင်ပွဲနှင့်ကပ်လွဲသွားသည်။ မီချူးက အိမ်ရှင်ဆွမ်ဆီးအတွက် ၆၈ မိနစ်တွင် သွင်းယူခဲ့သည်။ သို့သော်လည်း လီဗာပူးတိုက်စစ်မှူးဟောင်း ဆစ်ဆေးက ကူဘင်အတွက် လေလွင့်ချိန်တွင် ပယ်နယ်တီဂိုးကန်သွင်းယူခဲ့၍ ဆွမ်ဆီးတို့အနိုင်ရခါနီးမှ သရေပွဲနှင့် ကျေနပ်ခဲ့ရသည်။

ကောင်းမြတ်သူ-စုစည်းသည်

ယူရိုပါလိဂ် စပါးရှုံးထွက်အဆင့်တက်ရန်နီးလာ

ယူရိုပါလိဂ်ပြိုင်ပွဲအဖြစ် စပါးက မော်ဒိုဗာကလပ် ရှရစ်တာရာစပေါ်နှင့် ယှဉ်ပြိုင်ကစားရာ စပါးတို့ခက်ခဲစွာကစားခဲ့ရပြီး နှစ်ဂိုးပြတ်ဖြင့် အနိုင်ရလိုက်သည်။ စပါးတို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် ရှုံးထွက်အဆင့်သို့ တက်ရန်ချဉ်းကပ်သွားပြီဖြစ်သည်။ စပါးအသင်းအတွက် အဖွင့်ဂိုးကို ဗာတွန်ဂန်က အဲရစ်ဆင်၏ ဖြတ်တင်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ ဒုတိယဂိုးကို ဒီဖိုးက သွင်းယူပေးခဲ့သည်။ စပါးတို့ အုပ်စု(K)တွင် သုံးပွဲကစားရာတွင် သုံးပွဲအနိုင်ရထားသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ် ၉(က)၊ ဘူတာရုံလမ်းနေ ဦးမြသိန်း ၁၂/လမန(နိုင်)၀၅၉၆၉၄ က အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးဇော်ထွန်း အမည်ပေါက်ပိုင်ဆိုင်ခဲ့သော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ကျွဲနွားထောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၇၁၀၊ ကွင်းအမည် လက်ပံကုန်း၊ ဦးပိုင်အမှတ် N ၄၀ နှင့် N ၄၁၊ မြေအကျယ်အလျားပေ ၃၀၀×အနံပေ ၁၂၀ရှိ မြေနှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအား မူလပိုင်ရှင် ဦးဇော်ထွန်းမှ ဒေါ်နန်းခမ်းမိုင်နှင့် ဦးစိုင်းလောင်မိန်တို့ကို ရောင်းချခဲ့ပြီး ၄င်းတို့နှစ်ဦးမှဒေါ်မိုးမိုးခိုင် ၉/မရမ(နိုင်)၀၆၂၅၀၃ တစ်ဆင့်ရောင်းချခဲ့ပါသည်။ ယခုအခါ ဒေါ်မိုးမိုးခိုင်မှ အထက်ပါရည်ညွှန်းမြေကွက်အား ၄င်းပိုင်ဆိုင်ကြောင်း ရောင်းချခွင့်ရှိကြောင်း မြွက်ဆိုပြီး တာဝန်ခံရောင်းချထားသောကြောင့် ဦးမြသိန်းမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ဒေါ်မိုးမိုးခိုင်အား ပေးပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စအား အပြီးအပိုင်ငွေပေးချေ၊ စာချုပ်စာတမ်းမှတ်ပုံတင်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများ၊ တရားရုံးဒီကရီတားဝရမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပြီးနောက် ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်ကိစ္စနှင့် ပိုင်ဆိုင်မှု လျှောက်ထားခြင်းကိစ္စအား ဥပဒေနှင့်အညီ ဆောင်ရွက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြသိန်း ၁၂/လမန(နိုင်)၀၅၉၆၉၄
အမှတ် ၉(က)၊ ဘူတာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၅၃၇၉၈၀၊ ၀၉-၅၁၂၇၀၅၄

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် မောင်ရဲရင့်ဝင်း BTHG-၀၁၃၀၃၆ နှင့် ကျွန်မ မပန်းနုဖြူ PZDG- ၀၀၉၁၆၈ တို့သည် ၂၁-၁၀-၂၀၁၃ ရက်တွင် ပဲခူးမြို့ ကျွန်းသာယာအုပ်ချုပ်ရေးမှူးရုံးတွင် လူကြီးမင်းများ၏ရှေ့၌ နှစ်ဦးသဘောတူလက်ထပ်ပြီးစီးကြောင်း အသိပေး ကြေညာအပ်ပါသည်။

မောင်ရဲရင့်ဝင်း
မပန်းနုဖြူ

အိမ်ငှားမည်

ရန်ကင်း၊ မိုးကောင်းလမ်းမ ဂုတ်ခြိမ့ဂွင်လမ်း၊ ပေ (၃၀ × ၇၀)၊ RC နှစ်ထပ်၊ 2MBR, 2BR, SQ, Ph, 2AC, ၁၆သိန်း၊ ဖုန်း-၀၉-၇၃၂၃၃၅၇၀၊ ၀၉-၇၃၂၂၅၃၇၄

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရှမ်းပြည်နယ်အစိုးရအဖွဲ့
အင်းလေးဒေသဟိုတယ်ဇုန် ဖော်ထုတ်ရေးဦးစီးကော်မတီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့် BOT စနစ်ဖြင့် ရင်းနှီးမြှုပ်နှံလိုသူများခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသဟိုတယ်ဇုန်တွင် အောက်ဖော်ပြပါလုပ်ငန်းများအား ဆောင်ရွက်ရန်ရှိပါသဖြင့် လုပ်ငန်းအားလုံးကိုဖြစ်စေ၊ လုပ်ငန်း တစ်ခုချင်းစီဖြစ်စေ ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁)	ပေ ၆၀ နှင့် ပေ ၄၀ ကျောက်လမ်းခင်းခြင်းလုပ်ငန်း	၅ မိုင်
(၂)	ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း	၁၁.၃၁၃ မိုင်
(၃)	ရေပြွန်တံတားတည်ဆောက်ခြင်းလုပ်ငန်း	၁၄ စင်း
(၄)	လမ်းလယ်ကျွန်းပြုလုပ်ခြင်းလုပ်ငန်း	၄ ပေ×၃၀၀၀၀ ပေ
(၅)	ကျောက်/အုတ်ရိုးစီရေမြောင်းပြုလုပ်ခြင်း လုပ်ငန်း (၃ပေ×၃ပေ×၆မိုင်)	၁၂ မိုင်
(၆)	လူသွားစင်္ကြံ ပြုလုပ်ခြင်းလုပ်ငန်း (၄ ပေအကွက် ၁၀ မိုင်)	၁၀ မိုင်
(၇)	ဟိုတယ်ဇုန် ၆၂၂ ဧကအတွင်း 11 KV/0.4 V လျှပ်စစ်လိုင်း သွယ်တန်းခြင်းလုပ်ငန်း	

(ခ) BOT စနစ်ဖြင့် ရင်းနှီးမြှုပ်နှံလိုသူများခေါ်ယူခြင်း

(၁) စက်လှေဆိပ်တည်ဆောက်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၄-၁၀-၂၀၁၃ရက်မှစတင်၍ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၈-၁၁-၂၀၁၃ ရက် ၁၆း၃၀ နာရီနောက်ဆုံးထား၍တင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့်တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပေးသွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက်ပို၍ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် သက်ဆိုင်ရာ လုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါ ပုံစံ တစ်ခုချင်း တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါရောင်းချမည့် လိပ်စာနှင့် အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်လိပ်စာမှာ အင်းလေးဒေသ ဟိုတယ်ဇုန်ဖော်ထုတ်ရေးဦးစီးကော်မတီ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့ ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသည့် အချက်များကို ဖုန်း-၀၈၁-၂၀၁၈၆၆၊ ၂၀၁၉၀၄၊ ၂၀၁၈၇၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
အင်းလေးဒေသ ဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ
ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့

မှတ်တမ်းများ ထိန်းသိမ်းမှုသည် အမျိုးသားရေး တာဝန်

ဒေါက်တာဥမ္မာလင်း(မော်ကွန်းတိုက်)

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသည် **အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဥပဒေအရ** ပြည်ထောင်စုဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်များမှမှတ်တမ်းများနှင့်မော်ကွန်းများကို တစ်စုတစ်စည်းတည်းလုံခြုံစွာမပျက်မစီးထိန်းသိမ်းထားနိုင်ရန်အတွက် ရယူစုဆောင်းလျက်ရှိသည်။ "မှတ်တမ်းများတွင် ခေတ်အဆက်ဆက်က တည်ရှိခဲ့သော အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များ"က ရေးသားချမှတ်ပြုလုပ်ခဲ့သည့် မူဝါဒများ၊ ဆုံးဖြတ်ချက်များ၊ ဆောင်ရွက်ချက်၊ စီမံချက်၊ ဖွဲ့စည်းပုံများ၊ အလားတူကိစ္စရပ်များနှင့် စပ်လျဉ်းသော မှတ်တမ်းများပါဝင်သည်။

"မှတ်တမ်းများ"သည် ရုံးလုပ်ငန်းများတွင် ဖြည့်စွမ်းနိုင်ခြင်း၊ နိုင်ငံတော်၏ အရေးအရာများကို တစ်စိတ်တစ်ဒေသဖော်ဆောင်နိုင်ခြင်း၊ အမျိုးသားရေးရာများကို ပြန်လည်ဖော်ထုတ်နိုင်ခြင်း၊ အများပြည်သူတို့၏ အခွင့်အရေးများကို အကာအကွယ်ပေးနိုင်ခြင်း၊ အစိုးရဌာနများမှ ရည်ညွှန်းကိုးကားနိုင်ခြင်းနှင့် သုတေသီများ မှီငြမ်းကိုးကားနိုင်ခြင်း စသည့်အရေးပါမှုများပါဝင်ပါသည်။ ထို့အပြင် မှတ်တမ်းများတွင် ပါရှိသော အတိတ်၏ဖြစ်ရပ်၊ သာဓကများမှ သင်ခန်းစာနှင့်အထောက်အထားများ ရယူနိုင်သည့်အပြင် လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့်သမိုင်းအထောက်အထားဖြစ်တည်မှုများအတွက်လည်း အရေးကြီးလှပေသည်။

ထိုမှတ်တမ်းများသည် သဘာဝအန္တရာယ်သို့မဟုတ်အခြားအကြောင်းအမျိုးမျိုးကြောင့် ပျက်စီးသွားပါက နောင်အစားပြန်မရနိုင်သည့် အထောက်အထားများပင် ဖြစ်သည်။ နိုင်ငံအနေနှင့် သော်လည်းကောင်း၊ နိုင်ငံသားများအနေနှင့် သော်လည်းကောင်း ကြီးမားသောဆုံးရှုံးမှုကြီးတစ်ရပ် ဖြစ်ပေသည်။ ကမ္ဘာပေါ်ရှိ မော်ကွန်းတိုက်တိုင်းသည် နိုင်ငံအလိုက် မည်သို့ပင်အသိအမှတ်ပြု သုံးစွဲခေါ်ဝေါ်ကြစေကာမူ အစိုးရဌာနအသီးသီးအတွက် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများဖြစ်ကြသည်။ ထိုမှတ်တမ်းမှတ်ရာများအား သက်ဆိုင်ရာနိုင်ငံအသီးသီးရှိ မော်ကွန်းတိုက်များ၏ ထိန်းချုပ်မှုအောက်တွင်သာ လုပ်ငန်းများဆောင်ရွက်နေကြသည်ကို တူညီစွာတွေ့ရှိရသည်။

ဌာနအသီးသီးမှ မှတ်တမ်းများအား မော်ကွန်းတိုက်တွင် ထားရှိခြင်းသည် တန်ဖိုးရှိလှသော မှတ်တမ်းများကို အကာအကွယ်ပြုပြီးဖြစ်သကဲ့သို့ ပြန်လည်ရည်ညွှန်းကိုးကားရန်အတွက် ပြင်ဆင်ပြီးသား ဖြစ်နေပေသည်။ ထို့အပြင် ကနဦးဌာနမှ မှီငြမ်းကိုးကားရန် လိုအပ်လာသည့်အချိန်တွင်လည်း အခက်အခဲမရှိစေဘဲ ပြန်လည်အသုံးပြုနိုင်သည့်အခွင့်အလမ်းကို အလိုအလျောက်ဖြစ်ပေါ်စေပါသည်။

အမျိုးသားမော်ကွန်းတိုက်သည် နိုင်ငံ၏အမျိုးသားရေးရာမှတ်တမ်းများအား တစ်စုတစ်စည်းတည်း အခြေအနေမပျက် သက်တမ်းကြာစွာထိန်းသိမ်းနိုင်ရန်အတွက် မှတ်တမ်း၊ မော်ကွန်းများထားရှိရာ အခန်းများတွင် နံရံများမှ အစိုဓာတ်စိမ့်ဝင်ထိုးဖောက်မှုမရှိစေရန် ဆောင်ရွက်ထားရှိခြင်း၊ လျှပ်စစ်မီးအသုံးပြုမှုကိုလည်း လိုက်လျောညီထွေထားရှိခြင်း၊ စိုထိုင်းဆနှင့်အပူချိန်ကို ပုံမှန်အနေအထားဖြင့် ထားရှိခြင်း၊ ဗဟိုမှ လေအေးပေးစက်များဖြင့် ကောင်းစွာထိန်းသိမ်း၍ စနစ်တကျထားရှိရာ အမျိုးသားမော်ကွန်းတိုက်သည် မှတ်တမ်းများ၏ နားခိုရာနေရာပင်ဖြစ်ပေသည်။

နိုင်ငံတော်သည် နိုင်ငံတစ်ဝန်းလုံးတွင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍအသီးသီး၌တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့ပြနှင့်ကျေးလက်ဒေသမကျန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အမျိုးသားရေးစရိုက်လက္ခဏာများ၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ခြင်းလုပ်ငန်းများကို သိမ်မွေ့စွာဆောင်ရွက်လျက်ရှိပေသည်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန လက်အောက်ရှိ အမျိုးသားမော်ကွန်းတိုက်သည်လည်း နိုင်ငံ၏အုပ်ချုပ်မှုဆိုင်ရာ အရေးပါသော မှတ်တမ်းများစုဆောင်းမှုကို အမျိုးသားရေးတာဝန်ကြီး တစ်ရပ်အနေဖြင့် စွမ်းဆောင်လျက်ရှိပါသည်။

ရယူ၊ သိမ်းဆည်း၊ ထိန်းသိမ်းကာ အမျိုးသားရေးတာဝန်ကို ကျေပွန်စွာဆောင်ရွက်နေသည့် မြန်မာပြည်မှ အမျိုးသားမော်ကွန်းတိုက်သည် International Council of Archives (ICA) တို့၏ အလယ်တွင် သင်းပျံ့သော ပန်းတစ်ပွင့်အလား၊ မွှေးထုံသောသတင်းကောင်းများဖြင့် အနာဂတ်ကို ရည်မျှော်၍ မှတ်တမ်းများကို ရယူ. . . သိမ်းဆည်း. . . ထိန်းသိမ်းလျက်ရှိနေသည်ကို ရေးသားတင်ပြလိုက်ရပါသည်။ ။

သတင်းကောင်းပါးနှင့်နယ်သတင်း

ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

မန္တလေး အောက်တိုဘာ ၂၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် မိုးကောင်းကျောင်းတိုက် သုခပါရမီဓမ္မရိပ်သာ၌ ဒုတိယအကြိမ်မြောက် ကျောင်းသားကျောင်းသူလူငယ်များ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းနှင့် ဝိပဿနာတရားစခန်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက် ၈ နာရီကအဆိုပါ သုခပါရမီဓမ္မရိပ်သာ မိုးကောင်းကျောင်းတိုက်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဟောပြောပို့ချ

အဆိုပါ သင်တန်းကို မိုးကောင်းကျောင်းတိုက်ကျောင်းထိုင်ဆရာတော် ဦးသြဘာသက ကြီးမှူးလျက် ဆရာတော်လေးပါးမှ အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ကျောင်းသား ကျောင်းသူများအား ကိုယ်ကျင့်တရားကောင်းမွန်ပြီး ယဉ်ကျေးသိမ်မွေ့သော လူငယ်များဖြစ်စေရန်၊ မြတ်ဗုဒ္ဓဟောကြားခဲ့သော ဓမ္မဒေသနာတရားတော်နှင့်အညီ အကုသိုလ်တရားကင်းရှင်း၍ ကုသိုလ်တရားများပွားစေရန် ယဉ်ကျေးလိမ္မာနှင့် ဝိပဿနာအခြေခံတရားဒေသနာများကို ဟောပြောပို့ချသည်။

တက်ရောက်

အဆိုပါသင်တန်းတွင် သီတင်းကျွတ်ကျောင်းပိတ်ရက်ကာလအတွင်း ဝမ်းတွင်း၊ သဲတောမြို့ အထက ကျောင်းများမှ ပဉ္စမတန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား ကျောင်းသူ ၁၄၀သင်တန်းတက်ရောက်ခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရက်တိုသင်တန်းဖွင့်

ညောင်ဦး အောက်တိုဘာ ၂၅

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ စီစဉ်မှုဖြင့် သမဝါယမလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ပညာပေး ရက်တိုသင်တန်းကို ညောင်ဦးမြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌အောက်တိုဘာ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့ရာ အောက်တိုဘာ ၂၃ ရက် နံနက် ၁၁နာရီတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဦးအောင်ဇံ၊ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်းနှင့်တိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ်ဒုတိယဥက္ကဋ္ဌ ဦးစန်းလွင်တို့ တက်ရောက်၍ ကြည့်ရှုအားပေးသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် သင်တန်းဆင်းပွဲကို ညနေ ၄ နာရီတွင် ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ငြိမ်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းထူးချွန် ပထမဆုရ ဦးကျော်မြင့်(ပညာရေးငွေစုငွေချေး)၊ ဒုတိယဆုရဦးမြင့်ဆွေဦး (မဏ္ဍိုင်စည်သူဈေးသမ)နှင့် တတိယဆုရဦးကြည်ဌေး (ပြည်တော်သာစိုက်/ထွေ)တို့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ငြိမ်း၊ မြို့နယ်အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် မြို့နယ်သမဝါယမအသင်းစု ဒုတိယဥက္ကဋ္ဌ ဦးမြင့်အောင်တို့က ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် သင်တန်းဆင်း လက်မှတ်များကို မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သန်းက ပေးအပ်ရာ သင်တန်းသား၊သင်တန်းသူများကိုယ်စား သန့်စင်ကြယ် စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက် အသင်းသားစာရင်းစစ် ဒေါ်အိချိုချိုရှိန်က လက်ခံယူသည်။

အဆိုပါ သင်တန်းသို့ မြို့နယ်အတွင်းရှိ အခြေခံ သမဝါယမအသင်း ၃၃ သင်းမှ အမှုဆောင်ဒါရိုက်တာနှင့်အသင်းသားစာရင်းစစ် စုစုပေါင်း ၃၅ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သီဟကျော်(ပုဂံ)

သထုံခရိုင်၌ မီးဘေးကာကွယ်ရေး ကြိုတင်ပြင်ဆင်

ကျိုက်ထို အောက်တိုဘာ ၂၅

သထုံခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြင်ထွန်းသည် အောက်တိုဘာ ၂၂ ရက် နံနက် ၈ နာရီခွဲက ကျိုက်ထိုမြို့မီးသတ်စခန်းသို့ ရောက်ရှိပြီး မီးသတ်ယာဉ်စက်များ မွမ်းမံကြံ့ခိုင်ရေးနှင့် အသင့်ရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေ၊ စခန်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ကျိုက်ထီးရိုးတောင်ပေါ်ရှိ သာသနိကအဆောက်အအုံများ၊ ဈေးဆိုင်ခန်းအဆောက်အအုံများ မီးဘေးကာကွယ်ရေးအတွက် အသင့်တပ်ဆင်တည်ဆောက်ထားရှိသည့် မီးသတ်အင်ဂျင်၊မီးသတ်ပန့်များ၊အပေ့ါစား မီးသတ်စက်များ၊ မီးသတ်ရေတိုင်ငုပ်များနှင့် မီးငြိမ်းသတ်ရေးအတွက် ရေရရှိနိုင်မှု အခြေအနေများကို စိစစ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

၂၀၁၂ ခုနှစ်အတွက် ချီးမြှင့်မည့်
မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်းအခမ်းအနား၏ အောက်ပါလုပ်ငန်းရပ်များကို ရန်ကုန်မြို့တွင် ကြော်ငြာခြင်းလုပ်ငန်းနှင့်အတူ တစ်ပေါင်းတည်းဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) Digital စနစ် စင်မြင့်ဆောက်လုပ်ခြင်း၊ စင်မြင့်ပြင်ဆင်ခြင်းနှင့် မီးအလှဆင်ခြင်း
(ခ) အခမ်းအနားကျင်းပမည့်နေရာနှင့် ပတ်ဝန်းကျင်ပြင်ဆင်ခြင်း
(ဂ) ဖိတ်ကြားဧည့်သည်နှင့် အနုပညာရှင်များဧည့်ခံကျွေးမွေးခြင်း
(ဃ) ဖျော်ဖြေရေးအစီအစဉ်ဆောင်ရွက်ခြင်း
(င) အစီအစဉ်ကြေညာသူ၊ ဆုဗန်းကိုင်၊ မိတ်ကပ်၊ လက်ဝတ်ရတနာနှင့် ပန်းအလှပြင်ခြင်းများ စီစဉ်ဆောင်ရွက်ခြင်း
(စ) ဖိတ်စာများနှင့်မှတ်တမ်းစာအုပ်ရိုက်နှိပ်ခြင်း
(ဆ) လက်မှတ်ရောင်းချခြင်းနှင့်လုံခြုံရေးအစီအစဉ်ဆောင်ရွက်ခြင်း
(ဇ) လိုအပ်ပါက ရုပ်မြင်သံကြားတိုက်ရိုက်ထုတ်လွှင့်ခြင်း အစီအစဉ်ဆောင်ရွက်ခြင်းနှင့် သတင်းမီဒီယာများနှင့်ပတ်သက်၍ ပွဲကျင်းပချိန်တွင် စနစ်တကျရှိသော သတင်းရယူမှုအစီအစဉ် ဆောင်ရွက်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၁-၁၀-၂၀၁၃ ရက်မှစတင်၍ ရုံးချိန်အတွင်း တစ်စုံလျှင် ကျပ် ၁၀၀၀၀ိ/ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ၂၈-၁၀-၂၀၁၃ ရက်မှစတင်၍ ၂၂-၁၁-၂၀၁၃ ရက် ညနေ ၄ နာရီအထိ လျှောက်လွှာများလက်ခံခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ရွေးချယ်ကြော်ငြာမည့်ရက်အား ထပ်မံဆက်သွယ်ကြော်ငြာအကြောင်းကြားမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ရုံးချုပ်၊ အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန် ဖုန်း-၅၃၇၄၃၉၊ ၅၃၄၈၈၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြန်မာ့ရုပ်ရှင်လုပ်ငန်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ အောက်ပါဌာနများမှ အသုံးပြုရန်လိုအပ်သော (စာရေးကိရိယာပစ္စည်းများ၊ ကွန်ပျူတာများ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာထိုင်ခုံများ၊ Air Conditioner၊ တာယာ၊ ဘက်ထရီ၊ စက်ဆီချောဆီများ)နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ [Internet Conection System၊ ထွန်၊ ထယ်၊ ထွန်စက်ဘီး၊ မျိုးစေ့ချ ကိရိယာ၊ အခြောက်ခံစက်၊ ကောက်စိုက်စက်၊ (22)HP လက်တွန်းထွန်စက်၊ Thresher With Engine၊ Water Pump With Engine] များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ (အမှိုက်ပုံးကြီး၊ ဘီးပါ၊ လက်တွန်းပါ)၊ အမှိုက်ပုံး(လတ်)၊ အမှိုက်ပုံး(သေး)၊ တာယာ၊ ဘက်ထရီများ၊ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာနမှ (ရုံးသုံးပရိဘောဂပစ္စည်းများ)အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁-၁၁-၂၀၁၃ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၉-၁၁-၂၀၁၃ရက်
(ဂ) **တင်ဒါပိတ်မည့်အချိန်** - မွန်းတည့် ၁၂နာရီ

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာများတွင် စုံစမ်းထုတ်ယူနိုင်ပါသည်-

(က)	ဝန်ကြီးရုံး	ရုံးအမှတ်(၁၅)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၀၉၄
(ခ)	စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန	ရုံးအမှတ်(၄၃)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၁၁၇
(ဂ)	စိုက်ပျိုးရေးဦးစီးဌာန	ရုံးအမှတ်(၄၃)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၅၁၅
(ဃ)	ဆည်မြောင်းဦးစီးဌာန	ရုံးအမှတ်(၄၃)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၃၁၇
(င)	ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန	ရုံးအမှတ်(၁၅)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၁၂၉
(စ)	စက်မှုလယ်ယာဦးစီးဌာန	ရုံးအမှတ်(၅၀)၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၁၂၁၉
(ဆ)	စိုက်ပျိုးရေးသုတေသနဦးစီးဌာန	ရေဆင်း၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၆၅၉၂
(ဇ)	ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်	ရေဆင်း၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၆၆၈၆

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် အောက်ဖော်ပြပါလုပ်ငန်းနှစ်ခု ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) ကျောက်တံတားမြို့နယ်၊ ကမ်းနားလမ်း၊ အမှတ် ၁၃၂ ရှိ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) လေးထပ်အဆောက်အအုံ ပေ (၁၀၉×၇၇×၃၅)အား လျှပ်စစ်မီးလိုင်းများအသစ် ပြုပြင်တပ်ဆင်မွမ်းမံခြင်း။
(ခ) အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်ရှိ အကောက်ခွန်ဦးစီးဌာန ထောက်/ပို့ဌာနခွဲ၊ ပစ္စည်းသိုလှောင်ရုံဝင်းတွင် ဝင်းတံခါးသံပန်း ပေ(၃၀×၇)တပ်ဆင်ခြင်း။

၂။ **တင်ဒါတင်သွင်းရမည့် ရက်/အချိန်** - ၁-၁၁-၂၀၁၃ ရက်

၃။ **တင်ဒါတင်သွင်းရမည့်နေရာ** - အလုံမြို့နယ်၊ စောရန်ပိုင်ရပ်ကွက်ရှိ အကောက်ခွန်ဦးစီးဌာနခွဲ၊ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၂၆၂၈၈၊ ၀၁-၂၂၇၅၃၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကြီးကြပ်ရေးအဖွဲ့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၁ဓယ/၇၃၅၄၇ Zong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိမွန် ၉/ခမစ(နိုင်)၀၁၉၇၇၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ပြည်တွင်းသတင်းနှင့်ဓါတ်ပုံ

ခရီးသွားလာမှုများပြား၍ ယာဉ်လိုင်းများလည်းတိုးမွားလာ

ရေး အောက်တိုဘာ ၂၅

ပြည်တွင်းခရီးသွားများနှင့် နိုင်ငံခြားခရီးသွားများဝင်ရောက်မှုများပြားလာသည်နှင့်အမျှ အဆင့်မြင့်မှန်လုံယာဉ်လိုင်းများလည်း တိုးချဲ့ပြေးဆွဲလျက်ရှိရာ မွန်ပြည်နယ် ရေးမြို့နယ်ဒေသတွင်းရှိ လက်ရှိပြေးဆွဲနေသောယာဉ်လိုင်းများမှာ ရေး-ရန်ကုန်တိုက်ရိုက်ခရီးစဉ်အဖြစ် အဆင့်မြင့်မှန်လုံယာဉ်လိုင်းများမှ ရာဇာမင်း၊ ရွှေပြည်စိုး၊ သန်မြန်သူ၊ အာကာမင်း၊ ရိုးရိုးလေး၊ လမိုင်း-ရန်ကုန်ခရီးစဉ်မှ တလမွန်အဆင့်မြင့် မှန်လုံယာဉ်လိုင်းများ လက်ရှိအချိန်တွင် ပြေးဆွဲလျက်ရှိသည်။ ရေး-ရန်ကုန်ခရီးစဉ်တွင် ခရီးသည်တစ်ဦးလျှင် လက်မှတ်နှုန်းထား ငွေကျပ် ၈၀၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိပြီး ခရီးသည်ယာဉ်ထွက်ခွာချိန်မှာ အချို့ယာဉ်လိုင်းများက တစ်နေ့တစ်စီး သို့မဟုတ် နှစ်စီးခန့်ထွက်ခွာပေးကြပြီး အောက်တိုဘာ ၂၃ ရက်ကလည်း ရွှေစင်စကြာ အဆင့်မြင့်မှန်လုံယာဉ် ယာဉ်လိုင်းမှ ရေး-ရန်ကုန် တိုက်ရိုက်ခရီးစဉ် အဖြစ် ယာဉ်လိုင်းသစ်ထပ်မံတိုးချဲ့ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

နေမျိုးထွဋ်(ရေး)

နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တွင်းသို့ အပူဇော်ခံကြွ

ရမည်းသင်း အောက်တိုဘာ ၂၅

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တစ်ခုလုံး၏ အထင်ကရပွဲတော်ကြီးတစ်ခုဖြစ်သည့် နှစ်စဉ်မပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည့် နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တွင်းရပ်ကွက်များသို့ အပူဇော်ခံကြွရောက်ပွဲကို ရန်အောင်မြင်ဘုရား ဂေါပကအသင်းက ဦးစီးကျင်းပခဲ့ရာ အောက်တိုဘာ ၁၉ ရက် ညနေ ၄ နာရီမှစပြီးရန် အောင်မြင်ဘုရားမှစတင် ကြွရောက်သည်။ နှစ်ကျိပ်ရှစ်ဆူ ဘုရားများကို ဘုရားဂေါပကမှ တစ်ပတ်အလိုတွင် ခရိုင်၊ မြို့နယ်ဌာနအသီးသီး၊ ဘာသာရေး၊ လူမှုရေးအသင်း၊ စာသင်ကျောင်းများ၊ ပုဂ္ဂလိကအလှူရှင်များ၊ ရပ်ကွက်များမှ လူငယ်များ၊ ပြည်သူ၊ ဈေး၊ ခရိုင်၊ မြို့နယ် ရဲစခန်းရဲသင်တန်းကျောင်းစသည်တို့က ဘုရားတစ်ဆူချင်း ပင့်ဆောင်ကြသည်။ **(ဝ၁၁)**

သတ်မည်ဟုခြိမ်းခြောက်ပြီး တုတ်ဖြင့်ရိုက်သူ အရေးယူခံရ

ဖန်းမော် အောက်တိုဘာ ၂၅

ဖန်းမော်မြို့ အနောက်သာစည်ရပ်နေ ဦးမြင့်သောင်း (အင်းသူကြီး)သည် အောက်တိုဘာ ၂၁ ရက် ည ၇ နာရီခွဲခန့်က မြို့မြစ်ရိုးအင်းအတွင်း ငါးခိုးဖမ်းခြင်း၊ အင်းလုပ်သားများ ရပ်နားခွန်မဆောင်ခြင်းတို့ကို စက်လှေဖြင့် လိုက်လံစစ်ဆေးစဉ် ဦးညိုရေဆိပ်နေရာတွင် ကျင်စက်ဖြင့် ငါးဖမ်းသည်ဟု ယူဆရသော လူမပါ ရပ်ထားသည့် စက်လှေတစ်စင်းတွေ့ရသဖြင့် အနီးပတ်ဝန်းကျင်ကို မေးမြန်းရာ မည်သူမျှဖြေကြားခြင်းမရှိခြင်းကြောင့် ၎င်းစက်လှေကို မိမိ၏စက်လှေဖြင့် အင်းထဲသို့ ဆွဲယူသွားခဲ့ကြောင်း အင်းထဲရောက်ပြီး ခဏအကြာတွင် နိုင်ဦးနှင့်အမည်မသိ လူတစ်ဦးရောက်ရှိလာကာ ဦးမြင့်သောင်းဆွဲယူလာသည့်စက်လှေမှာ ၎င်း၏ညီဇော်မိုးကျော်၏ စက်လှေဖြစ်သည်ဟု ပြောနေစဉ် ဇော်မိုးကျော်နှင့်အမည်မသိလူတစ်ဦးထပ်မံ ရောက်ရှိလာသည်။ ယင်းနောက် ဇော်မိုးကျော်က ဦးမြင့်သောင်း မျက်နှာအား ဓာတ်မီးဖြင့်ထိုးကာ သတ်မည်ဟု ခြိမ်းခြောက်ပြောဆိုပြီး အနီးရှိ ဝါးလုံးဖြင့် ရိုက်ခဲ့ခြင်းကြောင့် ဘယ်ညာလက်ဖျံတို့တွင် ဖူးရောင်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ခြိမ်းခြောက်တုတ်ဖြင့် ရိုက်နှက်သူ ဇော်မိုးကျော်အား ဖန်းမော်မြို့မရဲစခန်းမှ အမှုစစ်ဒုရဲအုပ်သန်းဇော်မင်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မင်းတံတားသား**

ပန်းတနော်မြို့နယ် အင်းချောင်းများအတွင်း ငါးမျိုးစိုက်ထည့်

ပန်းတနော် အောက်တိုဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက အင်းချောင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီက ပန်းတနော်မြို့နယ် ဒေါဝါးကျေးရွာအုပ်စု ဒေါဝါးရေတံခါး၌ ငါးခုံးမကောင်ရေနှစ်သိန်းနှင့် ငါးမြစ်ချင်းငါးသားပေါက် နှစ်လက်မအရွယ်ကောင်ရေ ရှစ်သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၀သိန်းကို စိုက်ထည့်ပေးကြသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ ပန်းတနော်မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးသိန်းသန်းနှင့် ဝန်ထမ်းများ၊ ပသွယ်ငါးသားဖောက်စခန်းတာဝန်ခံ ဦးမြင့်မောင်နှင့်ဝန်ထမ်းများ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဒေါဝါးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ပန်းတနော်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် သဘာဝရေပြင်များ၊ ကြေးတိုင်အင်းများနှင့်အင်းချောင်းများအတွင်းတွင် ငါးမျိုးစိုက်ထည့်သည့် ငါးသားပေါက်ကောင်ရေမှာ သိန်း၂၀ ရှိပြီဖြစ်ကြောင်း သိရသည်။

ခင်မောင်ဇော်မြင့်

မြောင်မြို့နယ်၌ မိုးမြေပဲစံကွက် တစ်ဧကတင်း ၁၅၀ ကျော် ထွက်ရှိ

မြောင် အောက်တိုဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကင်းကျေးရွာရှိ ဧက ၁ ဒသမ ၅၃ တွင် စိုက်ပျိုးထားသည့် မိုးမြေပဲအမျိုးအစား ဆင်းပဒေသာ (၁၁) တောင်သူ ဦးခင်မောင်ဆွေ၏ မြေကွက်တွင် အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီက မိုးမြေပဲ စံကွက်နှုတ်သိမ်းပွဲသို့ မြို့နယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးညွန့်ရွှေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်၊ မြို့နယ်အထောက်အကူပြုကော်မတီအဖွဲ့ဝင် ဦးစိုးတင့်နှင့် ဦးသိန်းလင်း၊ မြို့နယ် စိုက်/ကြပ်အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် အနီးဝန်းကျင်မှ တောင်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးမြေပဲစိုက်တောင်သူများ မိုးအဆက်မပြတ်ရွာသွန်းခဲ့ခြင်းကြောင့် ယခင်နှစ်များထက် မြေပဲထွက်ရှိခဲ့သဖြင့် မြို့နယ်အတွင်းရှိ တောင်သူများနှင့် အလုပ်သမားများ ဝင်ငွေတိုး၍ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

သန်းခေါင်စာရင်းကောက်ယူရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်

ဝက်လက် အောက်တိုဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရုံးပင်ကုန်းကျေးရွာအုပ်စု ပဝင်းတပ်ကျေးရွာတွင် သန်းခေါင်စာရင်းကောက်ယူရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲကို အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ဝက်လက်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်နန်းမြင့်က ၂၀၁၄ ခုနှစ်တွင် စာရင်းကောက်ယူမည့် လူဦးရေနှင့်အိမ်အကြောင်းအရာ၊ သန်းခေါင်စာရင်းအကြောင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်များကို ဆွေးနွေးဟောပြောခဲ့ပြီး ပြည်သူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ယာဉ်ပေါ်ပါဂက်စ်အိုးအကာအရံများ သေသေသပ်သပ်ရှိစေလို

ရန်ကုန်တိုင်းဒေသကြီးအတွင်း နေ့စဉ်သွားလာလှုပ်ရှားနေကြသည့် ခရီးသည်များ ဈေးရောင်းဈေးဝယ်များ၊ ရုံးသူရုံးသားများနှင့်ကျောင်းသားကျောင်းသူများအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် သက်ဆိုင်ရာက မော်တော်ယာဉ်လိုင်းသစ်များကို တိုးချဲ့ပြေးဆွဲ ပေးလျက်ရှိသည်။ ရန်ကုန်မြို့တွင် ပြေးဆွဲနေသော မီနီဘတ်စ်ကားအချို့တွင် စက်ပိုင်းနှင့် အပြင်ပိုင်းကိုယ်ထည်ကောင်းသော်လည်း ထိုင်ခုံများကို ပြင်ဆင်ထားမှုအပိုင်း၌ လိုအပ်ချက်များရှိကြောင်းကို လိုင်းကားပုံမှန်စီးနေသူတစ်ဦးအနေဖြင့် တွေ့မြင်သိရှိနေရသည်။ ယာဉ်ပေါ်တွင်ထားရှိသည့် ဂက်စ်အိုးပေါ်ရှိ ထိုင်ခုံတို့မှာ ကောင်းမွန်သော်လည်း နောက်ဘက်ထိုင်ခုံရှိ ဂက်စ်အိုးကာရံထားသော သံပြားစတို့မှာ မသေသပ်မှု၊ အစွန်းများ ထိုးထိုးထောင်ထောင်ရှိမှုတို့ကြောင့် ခရီးသည်အချို့၏ လုံချည်၊ ထဘီ၊ လွယ်အိတ်စသည်တို့နှင့် ညှိကာစုတ်ပြဲမှုကိုလည်း မကြာခဏတွေ့ရသည်။

သို့ပါ၍ မီနီဘတ်စ်ကားပေါ်ရှိ ဂက်စ်အိုးကာရံထားမှု မသေသပ်မှုတို့ကို သေသေသပ်သပ်ရှိစေရေးအတွက်သက်ဆိုင်ရာက လိုအပ်သလိုကြပ်မတ်ပြုပြင်ပေးစေလိုကြောင်း၊ ဂက်စ်အိုး အကာအရံများ သေသပ်လုံခြုံမှုသည် ခရီးသည်များအတွက် မမျှော်မှန်းနိုင်သော အန္တရာယ်ဖြစ်ပေါ်မှုကိုပါ ကြိုတင်ကာကွယ်တားဆီးရာရောက်ပါကြောင်း တင်ပြအပ်ပါသည်။ **ခင်ချိုဝင်း**

သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့် ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။

၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။

၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P (Dry Chemical Power Extin guisher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက်မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

မီးသတ်ဦးစီးဌာန

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းတို့အတွက် လိုအပ်သောပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်-

(၁) Kyaukphyu GT-Ramree 66KV Transmission Line

(၂) 66 KV Switch Bay Extension at Kyaukphyu GT

(၃) 66/11 KV.5 MVA Ramree Substation

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၈-၁၀-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက် - ၂၈-၁၁-၂၀၁၃ ရက်

တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(လားရှိုး)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ်(လားရှိုး)တွင် တစ်ထပ် သံကူကွန်ကရစ် အလုပ်ရုံတစ်လုံး (၁၂၅×၆၀×၁၈)ပေ ဆောက်လုပ်ခြင်း လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၇-၁၀-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(လားရှိုး)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၈-၁၁-၂၀၁၃ ရက် ညနေ၁၆:၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များကို ငွေစာရင်းဌာန၊ နည်းပညာတက္ကသိုလ်(လားရှိုး) ဖုန်း-၀၈၂-၂၀၀၇၆၊ ၀၉-၅၂၆၂၆၂၈တို့သို့ စုံစမ်းနိုင်ပါသည်။

နည်းပညာတက္ကသိုလ်(လားရှိုး)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နယ်မြေအတွင်း ကတ္တရာလမ်းအဆင့်မြင့် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် လုပ်ငန်းရှင်များ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ ကတ္တရာလမ်းအဆင့်မြင့် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း အတိုင်းအတာမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

(က) ၃၀၁၀'×၁၆'×၀'-၉"

(ခ) ၆၁၀'×၂၀'×၀'-၉"

(ဂ) ၁၂၉၉'×၁၂'×၀'-၄.၅"

(ဃ) ၅၀၀'×၁၆'×၀'-၄.၅"

၃။ တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၂၂-၁၁-၂၀၁၃ရက် ၁၆:၀၀နာရီ ဖြစ်ပါသည်။

၄။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉-၄၉၂၀၁၀၅၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့

ပျောက်ဆုံးခြင်း

ကျွန်မ ယဉ်ယဉ်ထွန်း ၁၄/ဖပန(နိုင်)၁၃၅၈၀၄၏ နိုင်ငံကူးလက်မှတ် ခရီးသွားရင်း ပျောက်ဆုံးသွားပါကြောင်း။

ဖုန်း-၀၉-၄၃၀၄၂၀၉၁

မိတ္တူထုတ်ခြင်းကို ကန့်ကွက်ရန်

ယာဉ်အမှတ် ၃ခ/၆၀၅၅ Isuzu TS 55 HPY Pick Up (4x2) Extra Cup ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်ရီ ၆/ကသန(နိုင်)၀၃၆၇၃၉က (ကမ-၃)ပျောက်ဆုံးသဖြင့် မိတ္တူထုတ်ပေးရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

မိတ္တူထုတ်ခြင်းကို ကန့်ကွက်ရန်

ယာဉ်အမှတ် ၉ယ/၃၃၈၁၁၊ Honda Wave NF 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်လတ် ၆/ထဝန(နိုင်)၀၇၇၃၁၃က (ကမ-၃)ပျောက်ဆုံးသဖြင့် မိတ္တူထုတ်ပေးရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သဃ်န်းကျွန်းမြို့နယ်၊ ၁၆/၁ ရပ်ကွက်၊ ဇဋ္ဌိလလမ်းနေ ဦးသောင်းကြွယ်-ဒေါ်မိုးမိုးခင်တို့၏သား မောင်ကျော်ဇင်ဦး ၁၂/သဃက(နိုင်)၁၆၀၉၈၃သည် မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ ၂၁-၁၀-၂၀၁၃ရက်မှစ၍ သားအဖြစ်မှစွန့်လွှတ်လိုက်ပြီးဖြစ်ကြောင်း ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဖခင်-ဦးသောင်းကြွယ်

လူကုန်ကူးမှုတားဆီးကာကွယ်ရေး တေးဂီတဖျော်ဖြေပွဲ မော်လမြိုင်နှင့်ဘားအံတို့၌ကျင်းပ

မော်လမြိုင် အောက်တိုဘာ ၂၅

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် MTV Exit အဖွဲ့မှ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး တေးဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၁၈ ရက်က မော်လမြိုင် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း မြက်ခင်းပြင်၌ လည်းကောင်း၊ အောက်တိုဘာ ၂၀ ရက်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌လည်းကောင်း ကျင်းပခဲ့သည်။

World Vision နှင့် FXB တို့မှ လူငယ်သရုပ်ပြအဖွဲ့တို့က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးပြဇာတ်ကပြခဲ့ပြီး တေးသံရှင် ဖြူဖြူကျော်သိန်း၊ ဖြိုးကြီး၊ သန္တာဗိုနှင့် ထက်နေကြည်တို့က အကအဖွဲ့များဖြင့် သီဆိုဖျော်ဖြေကာ လူကုန်ကူးမှုရပ်ဆောင်ပုဒ်ကို ပရိသတ်နှင့် သံပြိုင်ကြွေးကြော်ခြင်း၊ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဆိုင်ရာ အသိပညာပေးပြောကြားခြင်းပြုလုပ်ခဲ့ကြသည်။

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဉက္ကဋ္ဌများကလည်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးပြောကြားခဲ့ပြီး လူမှုဝန်ထမ်းမှ လူကုန်ကူးခံရသူများအား ကယ်တင်စောင့်ရှောက်ခြင်း လုပ်ငန်းစဉ်များအကြောင်းကိုလည်းကောင်း၊ World Vision (Myanmar)မှ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း ပြောကြားခဲ့သည်။

အောက်တိုဘာ ၂၅ ရက်တွင်လည်း ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းမိုးလုံလေလုံ အားကစားကွင်း၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး တေးဂီတဖျော်ဖြေပွဲကို ဆက်လက်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်မျိုးနိုင်

ခြေကန်တွန်းလာသည့် ဆိုင်ကယ်နှစ်စီးကို ရပ်တန့်စစ်ဆေးရာမှ ခိုးမှုပေါ်ပေါက်

ဗန်းမော် အောက်တိုဘာ ၂၅

ဗန်းမော်ရဲစခန်းမှ နယ်ထိန်း ဒုရဲအုပ် ဖြိုးသူရအောင်နှင့်အဖွဲ့သည် ဗန်းမော်မြို့ နှစ်မိုင်ဘီးခွန်ဂိတ်အနီး၌ ရပ်ကင်းဆောင်ရွက်စဉ် အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲက ဗန်းမော်မြို့ဘက်မှ သုံးမိုင်ရွှေပြည်သာကျေးရွာဘက်သို့ ဆိုင်ကယ်တစ်စီးကို လူလိုက်ပါလျက် စက်နှိုးထားခြင်းမရှိဘဲ ဘေးမှ အခြားဆိုင်ကယ်တစ်စီးဖြင့် ခြေကန်တွန်းကာ မောင်းနှင်သွားသည်ကို တွေ့ရ၍ မသင်္ကာသဖြင့် ၎င်းတို့နောက် လိုက်သွားခဲ့သည်။ သုံးမိုင်ရွှေပြည်သာ နည်းပညာအထက်တန်းကျောင်း အဝင်ဝ အရောက်တွင် ၎င်းဆိုင်ကယ်နှစ်စီးကို အစစ်ဆေးခံရန် ရပ်တန့်ခိုင်းရာ အတွန်းခံရသည့်ဆိုင်ကယ်ပေါ် ခွထိုင်လာသူမှာ ထွက်ပြေးသွားခဲ့ပြီး ခြေကန်တွန်းလာသူ ဆန်းအောင်ကို စစ်ဆေးရာ ၎င်းဆိုင်ကယ်နှစ်စီးကိုပိုင်ဆိုင်ကြောင်း အထောက်အထား မပြနိုင်သဖြင့် ဗန်းမော်မြို့မရဲစခန်းသို့ ခေါ်ဆောင်စစ်ဆေးခဲ့သည်။

စစ်ဆေး ပေါ်ပေါက်ချက်အရ ထွက်ပြေးသွားသူမှာ သုံးမိုင် ရွှေပြည်သာနေ ယောဆက်ဆိုသူဖြစ်ကြောင်း၊ ၎င်းတို့တွန်းလာသည့် ဆိုင်ကယ်ကို သာစည်ရပ်ကွက် လျှပ်စစ်ကုန်းလမ်းကြားရှိ စကိတ်ကွင်းမှ တွန်းယူလာကြောင်း သိရသဖြင့် သုံးမိုင်ရွှေပြည်သာနေ ဆန်းအောင် (ခ) အောင်ကလိ (၂၈ နှစ်) နှင့် ထွက်ပြေးသွားသူ ယောဆက်တို့နှစ်ဦးအား ဗန်းမော်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

မင်းတံထားသား

မှျစ်နှင့်ချဉ်ပေါင်

ဆယ့်နှစ်လရာသီပတ်လုံး အလွယ်တကူရနိုင်သော မှျစ်နှင့် ချဉ်ပေါင်ပင်ကို လူတိုင်းသိပြီး ဖြစ်ပါသည်။ မှျစ်ကို ကြော်၍ဖြစ်စေ၊ အသုပ်သုပ်၍ဖြစ်စေ၊ အခြားသော ဟင်းသီးဟင်းရွက်များနှင့် ရောနှော၍ဖြစ်စေ၊ ချဉ်ရည်ဟင်းများတွင်ဖြစ်စေ ထည့်သုံးကာ အမျိုးမျိုးစားသုံးလေ့ရှိကြပါသည်။ မှျစ်များကို အင်ဖက်အုပ်၍ ပြုတ်လျှင် ဝါပြီး ကျွန်းရွက်အုပ်၍ ပြုတ်လျှင် နီသောမှျစ်များကို ရရှိမည်ဖြစ်ပါသည်။ ဝါးအမျိုးအစားအလိုက် မှျစ်အရောင်ကွဲပါသည်။ မှျစ်တွင် ဖီနောလစ်အက်စစ်၊ ပိုတက်စီယမ်၊ ဖိုင်ကိုကမ်မီကယ်၊ အမျှင်ဓာတ် စသည်ဖြင့်ပါဝင်ပါသည်။

မှျစ်တစ်ခွက်စာ စားပေးခြင်းဖြင့် တစ်နေ့တာ လိုအပ်သောအမျှင်ဓာတ်ကို ရရှိစေသည့်အပြင် နှလုံးကျန်းမာရေးကို ကောင်းမွန်စေခြင်း၊ မှိုနှင့်ဗက်တီးရီးယား ကာကွယ်နိုင်သော အာနိသင်နှင့် ကင်ဆာတားဆီးနိုင်သော အာနိသင်ရှိခြင်း၊ သွေးတိုးကျစေခြင်း၊ အူလမ်းကြောင်းရှိ သန်ကောင်များကို လျော့ကျစေခြင်းနှင့် မကြာခဏ ဆာလောင်မှုကို လျော့နည်းစေသောကြောင့် အဝလွန်သူများနှင့် ကိုယ်အလေးချိန် ထိန်းလိုသူများအတွက် သင့်တော်ပါသည်။ မှျစ်သည် အမျိုးသမီးများ၏ ရာသီစက်ဝန်းကို လှုံ့ဆော်ပေးပြီး ရာသီမှန်မှန်လာစေသည့်အပြင် လိပ်ခေါင်းသွေးထွက်ခြင်းနှင့်ဂနိုဆီးပူညောင်းကျရောဂါများအတွက် မှျစ်ကိုစားပေးပါက သက်သာပျောက်ကင်းကြောင်း သိရသည်။

ချဉ်ပေါင်ပင်ကို ဘိလပ်ချဉ်ပေါင်၊ ဗမာချဉ်ပေါင်နှင့် လက်ခြားချဉ်ပေါင် စသည်ဖြင့် အမျိုးမျိုးရှိပြီး ချက်၍လည်းကောင်း၊ ကြော်၍လည်းကောင်း၊ ဟင်းချို၊ ချဉ်ရည်ဟင်းစသည်ဖြင့် ထမင်းမြိန်ဟင်းလျာအဖြစ် စားသုံးကြပါသည်။ ထို့ပြင် ချဉ်ပေါင်ဖူးနှင့် ချဉ်ပေါင်ပွင့်တို့ကို ထန်းလျက် သို့မဟုတ် သကြားဖြင့် ယိုထိုး၍သော်လည်းကောင်း၊ ဖျော်ရည်အဖြစ်လည်းကောင်း၊ သကြားရည်အနှစ်၊ ရှာလကာရည်အဖြစ်လည်း စားသုံးနိုင်သည်။ ချဉ်ပေါင်ရွက်တွင် ဟိုက်ဒရောက်ဆီနှင့် အမိုင်နိုအက်စစ်များ ကြွယ်ဝစွာပါရှိခြင်း၊ ကယ်ဆီယမ်ဓာတ်များပါရှိခြင်း၊ဗီတာမင်စီနှင့်သတ္တုဓာတ်များပါရှိသောကြောင့် ကိုယ်ခံအားကောင်းမွန်ခြင်း၊ ဆဲလ်များသေဆုံးခြင်းမှ ကာကွယ်ပေးခြင်း၊ သွားဖုံးနှင့်သွားတို့ကို ကျန်းမာစေခြင်း၊ အရွယ်ကိုနုပျိုစေခြင်း၊ အဆုတ်ကို ကျန်းမာစေခြင်း၊ အရိုးကိုမာစေခြင်း၊ အာရုံကြောအဖွဲ့အစည်းများနှင့် ကြွက်သားများဖွဲ့စည်းမှုကို တိုးတက်ကောင်းမွန်စေခြင်း၊ ကလေးငယ်များ ဖွံ့ဖြိုးမှု နှေးကွေးခြင်းမှ ကာကွယ်ပေးခြင်း၊ ဆီးရွှင်၍ ဝမ်းကို သက်စေခြင်း၊ ခြေလက်များ တဆစ်ဆစ် နာကျင်ခြင်းနှင့် ထုံထိုင်းလေးလံခြင်းတို့ကို



သက်သာစေသည်။ ချဉ်ပေါင်ပွင့်သည် နှလုံးရောဂါကို ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

ချဉ်ပေါင်ရွက်ခြောက်ကို ရေနွေးတွင်ခတ်၍ သောက်သုံးခြင်းဖြင့် ကိုယ်အလေးချိန်ကိုကျစေပြီး သွေးလည်ပတ်နှုန်းကို ကောင်းမွန်စေသည့်အပြင် ကင်ဆာရောဂါ အမျိုးမျိုးကို ဟန့်တားကာကွယ်ပေးကြောင်း သိရသည်။ ဒူးရင်းသီးစားပြီးနောက် ချဉ်ပေါင်သီးဖျော်ရည်ကိုသောက်ပါက အပူကန်ခြင်းကို ကာကွယ်နိုင်ပါသည်။ ချဉ်ပေါင်စေ့အဆီဖြင့် အရေပြားပေါ်ရှိ အနာရောဂါအမျိုးမျိုးကို လိမ်းပေးခြင်းဖြင့် အနာကျက်စေပြီး ရောင်ရမ်းခြင်းကို သက်သာစေသည်။ အစာနင်ခြင်းနှင့် အစာမကြေခြင်းတို့တွင် ချဉ်ပေါင်စေ့ပြုတ်ရည်ကို သောက်သုံးခြင်းဖြင့် သက်သာပျောက်ကင်းစေပါသည်။

စင်စစ် မှျစ်နှင့်ချဉ်ပေါင်သည် ဟင်းလျာအတွက် မိတ်ဖက်အစားအစာ တစ်မျိုးဖြစ်ပါသည်။ ချဉ်ပေါင်ဟင်းရည်တွင် မှျစ်ကိုခတ်၍ဖြစ်စေ၊ ချဉ်ပေါင်ကြော်တွင် မှျစ်ထည့်၍ဖြစ်စေ လျှာရင်းမြက်စေသော ဟင်းလျာကို ဖြစ်စေပါသည်။ မှျစ်နှင့်ချဉ်ပေါင်ကို စားသုံးခြင်းဖြင့် ကျန်းမာရေးကို အထောက်အကူပြုနိုင်သော ဓာတ်များကို ရရှိစေနိုင်သည့်အပြင် ဈေးနှုန်းကြီးမြင့်ခြင်းမရှိသဖြင့် ချွေတာရေးကိုလည်း အားပေးရာရောက်ပါသည်။ ထို့ကြောင့် ဆယ့်နှစ်ရာသီလုံး အလွယ်တကူရနိုင်သော မှျစ်နှင့်ချဉ်ပေါင်ရွက်ကို မကြာခဏ စားသုံးခြင်းဖြင့် ကျန်းမာရေးအတွက် အထောက်အကူဖြစ်သော အဖိုးနည်းဝန်ပါ ဟင်းအမည်များဖြစ်ကြောင်း ဝေမျှလိုက်ပါသည်။

လပြည့်သော်တာ

တိုင်းဒေသကြီးအဆင့် ပုဂ္ဂလိကပိုင်လူထုအခြေပြု လူနာတင်ယာဉ်စနစ်ဖော်ဆောင်

ပုသိမ် အောက်တိုဘာ ၂၅

ကုသိုလ်ဖြစ် ပုဂ္ဂလိကပိုင် လူထုအခြေပြု လူနာတင်ယာဉ် (Community Based Ambulance Serice)နှင့် အရေးပေါ်ထိခိုက်ဒဏ်ရာနှင့် ဖျားနာလူနာများ ရှေးဦးပြုစုခြင်း၊ ပို့ဆောင်ခြင်းသင်တန်းကို အောက်တိုဘာ ၁၂ ရက်က ပုသိမ်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း (ပုသိမ်)က ကြီးမှူးကျင်းပခဲ့သည်။

သင်တန်းသို့ ဧရာဝတီတိုင်းဒေသကြီးရှိ ကုသိုလ်ဖြစ် ပုဂ္ဂလိကပိုင် လူထုအခြေပြုလူနာတင်ယာဉ်ပို့ဆောင်ရေးအသင်းပေါင်း ၁၄ သင်းမှ စေတနာ့ဝန်ထမ်း ၃၂ ဦးနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင် လေးဦး၊ ယာဉ်ထိန်းရဲနှစ်ဦးတို့ တက်ရောက်ကြသည်။

သင်တန်းတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(ပုသိမ်) ဉက္ကဋ္ဌ ဒေါက်တာဦးကြည်ဖေက အရေးပေါ်ထိခိုက်ဒဏ်ရာရလူနာများ၊ ဖျားနာလူနာများအား အချိန်မီ လုံခြုံစိတ်ချစွာ သယ်ပို့ခြင်းဖြင့် အသက်ကယ်ရန်၊ သဘာဝဘေးအန္တရာယ်များပေါ်ပေါက်လျှင် စနစ်တကျ အရေးပေါ်ကုသမှု၊ လုံခြုံစိတ်ချသောစနစ်နှင့် လူထု၏ အသက်အန္တရာယ်ဆုံးရှုံးမှုကို ကာကွယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အရေးပေါ်လူနာတင်ယာဉ်ဖြင့် ပို့ဆောင်ခြင်းမှာ လွန်စွာလိုအပ်သောစနစ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သင်ကြားပို့ချ

သင်တန်းသားများအား အသက်ရှူလမ်းကြောင်းဖွင့်ခြင်း၊ ချွဲစုပ်ခြင်း၊ အသက်ရှူအားကူခြင်း၊ နှလုံးဖိနှိပ်လှုံ့ဆော်ခြင်း၊ သွေးတိတ်အောင်ပြုလုပ်ခြင်း၊ အရိုးကျိုးလူနာအား ကျပ်စည်းခြင်း၊ ထမ်းစင်နှင့်သယ်ဆောင်ခြင်းများကို သင်တန်းဆရာဝန်ကြီး ရှစ်ဦးတို့က လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရှိရ သည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့
(စည်ပင်သာယာရေးဝန်ကြီးဌာန)
ဧရာဝတီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
ကုန်တင်ယာဉ်ရပ်နားစခန်းအား (B.O.T)စနစ်ဖြင့် ဆောင်ရွက်ရန် အဆိုပြုလွှာခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ် ၁၃ရပ်ကွက်၊ မဋ္ဌူလမ်းပေါ်တွင်တည်ရှိသော ကုန်တင်ယာဉ်ရပ်နားစခန်းအား (B.O.T)စနစ်ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အဆိုပြုလွှာခေါ်ယူအပ်ပါသည်။
၂။ အဆိုပြုလွှာတင်သွင်းရာတွင် အောက်ပါအချက်များပါဝင်ရပါမည်-
(က) လုပ်ငန်းရှင်/ကုမ္ပဏီအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
(ခ) လုပ်ငန်းရှင်/ကုမ္ပဏီ၏ အထောက်အထားများ၊
(ဂ) ၎င်းရမ်းဆောင်ရွက်မည့် အဆိုပြုလွှာ၊
(ဃ) ရင်းနှီးမြှုပ်နှံမည့်ပမာဏ၊
၃။ (B.O.T)စနစ်ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ရန် အဆိုပြုလွှာအား ဧရာဝတီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ပုသိမ်မြို့သို့ ၁-၁၁-၂၀၁၃ရက်နောက်ဆုံးထား၍ ပေးပို့ရန်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက တိုင်းဒေသကြီးစည်ပင်ရုံးဖုန်း-၀၄၂-၂၂၆၅၅၊ ပုသိမ်မြို့နယ်စည်ပင်ရုံး ဖုန်း-၀၄၂-၂၂၀၀၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဦးပိုင်အမှတ်(ဒ-၃၀၃၇၃)၊ ဧရိယာ ၀ဒသမ ၁၄၆ဧကရှိ ဒေါ်လှမြတ်မွန်အမည်ဖြင့်ပိုင်ဆိုင်သော ပါမစ်မြေကွက်အား ဒေါ်လှမြတ်မွန် ၅/စကန(နိုင်)၀၁၀၀၄၄ (ဘ) ဦးလှမောင်မှ မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်ပျောက်ဆုံး၍ မြေကွက်နေရာ (ယာယီ)ချထားပေးသည့်လက်မှတ်မိတ္တူမှန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/မကျီးတော(မီးလောင်ပြင်)၊ ဦးပိုင်အမှတ် ၆၄၊ ဧရိယာ ၀ဒသမ ၀၆၂ဧကရှိ ဦးစံဖူးအမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးငြိမ်းမောင် ၉/ပမန(နိုင်)၀၂၅၀၂၁ (ဘ) ဦးမြင့်ကပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက် အမည်ပြောင်းလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ်(၂၁၀) အမည်ပေါက် ဦးမြင့်အေး၏ မြေကွက်ကို ဝယ်ယူပိုင်ဆိုင်သူ ဦးဇော်မြင့် ၁၂/မရက(နိုင်)၀၉၈၅၂၈က မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်း၊ မြေကွက်အမှတ် ၄၄၊ အမည်ပေါက် ဒေါ်အုံးရင် KTN-၀၉၇၉၂၈ ၏မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးမောင်ငွေ ၁၂/ကတန(နိုင်)၀၀၈၉၀၅က မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဝန်ထမ်းအလိုရှိသည်

Driver ကျား(၉)ဦး (လစာ-၁၈၀၀၀၀+စရိတ်ငြိမ်း)
Office Staff မ(၂၀)ဦး
အခြေခံလစာ-ညှိနှိုင်း+နေ/စားငြိမ်း၊ အသက်(၂၁)နှစ်အောက် ဖြစ်ရမည်။
ဖုန်း-၀၉-၄၂၀၀၃၃၃၃၉၊ ၀၉-၇၃၂၃၀၀၀၃
office@qsilimited.com. သို့ပို့ရန်

ဂုဏ်ပြုဆုချီးမြှင့်သည့်(ပခုက္ကူ)ဆရာတော်ဦးမာဃိန္ဒအား သာဓုခေါ်ဆိုခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ မြို့နယ်ပညာရေးမှူးဒိုင်းဘောလုံးပြိုင်ပွဲတွင် ဒိုင်းဆုရရှိသည့် အထက(၂) ကျောင်းသားဘောလုံးအသင်းအား ဂုဏ်ပြုဆုနှင့် အားကစားပစ္စည်းများချီးမြှင့်သည့် ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ် ရတနာပုံရိပ်မြိမ်ကျောင်းတိုက် (ပခုက္ကူ)ဆရာတော် ဦးမာဃိန္ဒအား တပည့်တော်တို့က ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာခေါ်ဆိုအပ်ပါသည်။

ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် ဘောလုံးနည်းပြများနှင့်အသင်းသားများ
အထက(၂) အမှတ်(၃)ရပ်ကွက် ကျောင်းကုန်းမြို့

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၀၊ မြေကွက်အမှတ် ၂၄၊ ဦးသက်တင်ဦး MMN-၅၃၆၁၀၈ အမည်ပေါက် ပါမစ်မြေကွက်၊ မြေအကျယ်အဝန်း ပေ(၄၀×၆၀) မြေကွက်နှင့်ပတ်သက်၍

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါမြေကွက်နှင့်ပတ်သက်၍ ဦးညီညီဇော် ၅/ကလတ(နိုင်)၀၀၀၆၈၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနိုင်ထွဋ်လင်း (ဥပဒေဘွဲ့)၊ အထက်တန်းရှေ့နေ
ဖူးပွင့်စံစာချုပ်စာတမ်းနှင့်ဥပဒေအတိုင်ပင်ခံ
အမှတ်(၉၉)၊ ဒုတိယထပ်(ယာ)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၃၁၁၁၆၄၄၄

မှုခင်းသတင်းနှင့်ကြော်ငြာ

မိုဘိုင်းတင်းမ်(၂)အဖွဲ့မှ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ဝေါ အောက်တိုဘာ ၂၅

ဝေါမြို့နယ် ညောင်ခါးရှည်-မြစ်ကျိုးလမ်းဆုံရှိ မိုဘိုင်းတင်းမ်(၂) စားသုံးသူကာကွယ်ရေးနှင့်တရားမဝင်ကုန်သွယ်မှုလျှော့နည်းကျဆင်းရေးစစ်ဆေးရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ကူးသန်းရောင်းဝယ်မှုနှင့် စားသုံးမှုရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးအောင်ဇော်မိုးနှင့် ဒိုက်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ညွှန့်ဝေတို့ပါဝင်သောပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲက မြဝတီဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်းဦးမျိုးညွှန့်(သနပ်ပင်မြို့)မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဦးပေါက်စ(သနပ်ပင်မြို့)လိုက်ပါလာသောယာဉ်အမှတ် ၃စ/...ကိုရပ်တန့်ရှာဖွေစစ်ဆေးရာ ယာဉ်ပေါ်တွင် သွင်းကုန်လိုင်စင်နှင့်အကောက်ခွန်ပေးဆောင်ထားသောကုန်ပစ္စည်းများနှင့် ရောနှော၍ တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် Deedo တံဆိပ် အချိုရည်ဘူး ၃၀ပါ ၁၄၁ ဖာ၊ Sprite တံဆိပ် အချိုရည်ဘူး ၁၂ ဘူးပါ ၁၉၅ ကတ်၊ Cocacola တံဆိပ် အချိုရည်ဘူး ၁၂ ဘူးပါ ၁၅၄ ကတ် စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၃၀၂၀၄၀၀ တန်ဖိုးရှိပစ္စည်းများကို စစ်ဆေးတွေ့ရှိခဲ့သည်။

တရားမဝင် အကောက်ခွန်မဲ့ပစ္စည်းများနှင့် တင်ဆောင်သည့် ယာဉ်အပါအဝင် ယာဉ်မောင်းမျိုးညွှန့်နှင့် ယာဉ်နောက်လိုက် ပေါက်စတို့ကို ဝေါမြို့ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)**

ရဲထွန်း(မင်းရွာ)

စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးရမိ

ဇန်းမော် အောက်တိုဘာ ၂၅

အောက်တိုဘာ ၂၀ ရက် နံနက် ၈ နာရီခွဲက ဇန်းမော်မြို့နယ် မြစေတီကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ငြိမ်း၏ အကြောင်းကြားချက်အရ ဇန်းမော်မြို့မရဲစခန်းမှ ဆိပ်ကမ်းနယ်မြေရဲကင်းမှူး ဒုရဲအုပ်မျိုးအေးနှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ အောက်တိုဘာ ၁၉ ရက် ည ၇ နာရီကျော်က ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် မြစေတီကျေးရွာ ရွာလယ်ရေဆိပ်၌ တွေ့ရသူ မတင်ကွန့်အား ရှာဖွေခဲ့ရာ ၄င်းထံမှ WY စာတန်းပါအနီရောင်စိတ်ကြွရူးသွပ်ဆေးပြား ၅၆ ပြား ၅ ဒသမ ၆ ဂရမ် တွေ့ရှိခဲ့ကြောင်း၊ အဆိုပါစိတ်ကြွရူးသွပ်ဆေးပြားများအား သဖန်းပင်ကျေးရွာနေ မဝိုင်းထံမှ တစ်ပြားလျှင် ငွေကျပ် ၁၀၀၀နှုန်းဖြင့်ဝယ်ယူခဲ့ကြောင်း သိရှိရ၍ မဝိုင်းနေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဖမ်းဆီးရမိခဲ့သည်။ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မြစေတီကျေးရွာနေ မတင်ကွန့်(၄၅နှစ်)နှင့် သဖန်းပင်ကျေးရွာနေ မဝိုင်း (၅၀နှစ်)တို့ကို ဇန်းမော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မင်းတံတားသား

အမျိုးသားတစ်ဦး ကြိုးဆွဲချသေဆုံး

ညောင်လေးပင် အောက်တိုဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် မြို့မ(၄)ရပ်ကွက် တောင်စက်ရုံလမ်း၌ အောက်တိုဘာ ၂၃ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ က အမျိုးသားတစ်ဦး ကြိုးဆွဲချသေဆုံးမှုဖြစ်ပွားခဲ့သည်။

ညောင်လေးပင်မြို့နယ်ရဲတပ်ဖွဲ့စခန်း၌ ဒုရဲအုပ်သိမ်းအောင် တာဝန်ထမ်းဆောင်နေချိန် မြို့မ(၄)ရပ်ကွက် တောင်စက်ရုံလမ်း၌ အမျိုးသားတစ်ဦးကြိုးဆွဲချသေဆုံးနေကြောင်း သတင်းပေးပို့လာသဖြင့် ညောင်လေးပင်ရဲတပ်ဖွဲ့စခန်းမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ ဦးစိုးဝင်း (၅၉ နှစ်)သည် ၄င်းနေအိမ် အိမ်ရှေ့ခန်း ထုပ်တန်းတွင် နိုင်လွန်ကြိုးဖြင့် ကြိုးဆွဲချ သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရ၍ ညောင်လေးပင်ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

လွန်ခဲ့သောနှစ်လခန့်က ဇနီးဖြစ်သူ မနော်နှင့် ကွဲကွာခဲ့ကြောင်း၊ ယခင်ပထမဇနီးဖြစ်သူ ဒေါ်ခင်ရီနှင့် ကွဲကွာစဉ်ကာလကလည်း ပိုးသတ်ဆေးသောက်ခဲ့ရာ အချိန်မီကုသနိုင်ခဲ့၍ အသက်ရှင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ညောင်လေးပင်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

ဝိုင်ယာရှော့ခ်ဖြစ်ရာမှ
မော်တော်ယာဉ်တစ်စီး မီးလောင်

နေပြည်တော် အောက်တိုဘာ ၂၅

အောက်တိုဘာ ၂၂ ရက် ညနေပိုင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ မော်တော်ယာဉ်တစ်စီး ဝိုင်ယာရှော့ခ်ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)**

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ဌာနပိုင် ဆူဇူကီးဝက်ဂွန်(အစိမ်းပုပ်ရောင်)သည် ရုံးဆင်းချိန် ပျဉ်းမနား-တောင်ညိုလမ်းအတိုင်း မောင်းနှင်လာစဉ် မြို့မဈေး မီးပွိုင့်မှ ရန်မျိုးသန့်စင်လမ်းသို့ အကွေ့ ညနေ ၅ နာရီ ၇ မိနစ်တွင် အင်ဂျင်ခန်း ဝိုင်ယာရှော့ခ်ဖြစ်ပွားရာမှ မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် နှစ်စီးဖြင့်လာရောက်ငြိမ်းသတ်မှုကြောင့် မီးလောင်ပြီး ၁၀ မိနစ်ကျော်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ရှေ့လေကာမှန်ကွဲ၊ ဘယ်ဘက်မီးသီးကွဲ၊ အင်ဂျင်ခန်းဝိုင်ယာပိုင်း ပျက်စီးခဲ့ကြောင်း သိရသည်။

မျိုးသန်း (သတင်းစဉ်)

ကျွဲမှောင်ခိုကူးသူများအား ဖမ်းဆီးရမိ

ကသာ အောက်တိုဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့ စံပြရပ်ကွက် ကျောင်းကုန်းနှင့် ထီးချိုင့်သွားကားလမ်းမပေါ်တွင် တရားမဝင်မှောင်ခိုကျွဲကုန်ကူးသူများကို သက်သေခံကျွဲများနှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၂ ရက် ည ၈ နာရီ မိနစ်၄၀က ထီးချိုင့်ရဲစခန်းမှ နယ်ထိန်းဒုရဲအုပ်သောင်းထိုက်ဦးနှင့်အဖွဲ့သည် ကသာခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ကျော်ထွဋ်၏ တရားမဝင် ကျွဲ/နွားမှောင်ခို ပပျောက်ရေးစီမံချက်အရ ခရိုင်ထ/နမှ ဒုတပ်ကြပ်ကြီး မင်းသန့်အဖွဲ့နှင့် ပူးပေါင်းကာ နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် သတင်းအရ သက်သေများနှင့်အတူ ထီးချိုင့်မြို့ စံပြရပ်ကွက်ရှိ ထီးချိုင့်-ကျောင်းကုန်းသွား ကားလမ်းဘေးတွင် မောင်ထွန်း(ခ)မြတ်ထွန်းပါလေးဦးကို ကျွဲ ၁၀ ကောင်နှင့်အတူ သယ်ဆောင်မောင်းနှင်လာသည်ကို တွေ့ရှိရ၍ စစ်ဆေးမေးမြန်းရာ အထောက်အထားတစ်စုံတစ်ရာမပါဘဲ ကျောက်မော်ကျေးရွာဘက်မှ ဝယ်ယူသယ်ဆောင်လာပြီး တစ်ဖက်နိုင်ငံသို့ပို့မည့် မှောင်ခိုကျွဲများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရ၍ ဥပဒေအရ အရေးယူဆောင်ရွက်ထားသည်။

ဖမ်းဆီးရမိသော သက်သေခံပစ္စည်းများမှာ ကျွဲမခြောက်ကောင်၊ ကျွဲထီးလေးကောင် စုစုပေါင်း ၁၀ ကောင် ကာလတန်ဖိုးငွေကျပ် ၄၅ သိန်းခန့်ဖြစ်ကြောင်း သိရသည်။

ကျွဲမှောင်ခိုပြုလုပ်သူ ပေါက်ကုန်းရွာ ထီးချိုင့်မြို့နယ်နေ မောင်ထွန်း(ခ)မြတ်ထွန်း (၄၃ နှစ်)၊ ဝင်းကျော်(၃၃ နှစ်)၊ ကျော်ခိုင် (၃၃ နှစ်)နှင့် စိုးမင်း(၃၁နှစ်)တို့ကို ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

လူအောင်(ကသာ)

ကမ္ဘားဖြူချောင်း ကုန်တင်ယာဉ်တစ်စီးနစ်မြုပ်၍ ယာဉ်အသွားအလာ ခေတ္တပိတ်

ပေါက် အောက်တိုဘာ ၂၅

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ်အတွင်း ကမ္ဘားဖြူချောင်းသည် မတူပီ၊ မင်းတပ်၊ ကျောက်ထု၊ ပေါက်၊ ပခုက္ကူသွားလမ်းပိုင်းတွင် ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များ မဖြစ်မနေဖြတ်သန်းသွားလာရသည့်ချောင်းတစ်ချောင်းဖြစ်ပြီး မိုးတွင်းကာလ၌ ရေအတက်အကျဖြစ်ကာ အချိန်အခါအလိုက် ကားလမ်းအပြောင်းအလဲရှိသည်။

အဆိုပါကားလမ်းပိုင်းတွင် အောက်တိုဘာ ၂၃ ရက် နံနက် ၁၀ နာရီက ကမ္ဘားဖြူဘက်မှ ပေါက်ဘက်သို့ ဖြတ်ကူးလျက်ရှိသော ကုန်တင်ယာဉ် ၃ခ/---ယာဉ်တစ်စီးသည် လမ်းလွဲချော်ကာ ကျောချောင်းအတွင်း၌ နစ်မြုပ်ခဲ့ခြင်းဖြစ်၍ ကမ္ဘားဖြူကူးတို့ဆိပ်တွင် ရပ်နားလျက်ရှိသော ကုန်တင်ယာဉ်ကြီးများနှင့် ဆိပ်ကမ်းရှိအလုပ်သမားများ ဆွဲတင်ခဲ့ကြသော်လည်း ညနေပိုင်းအထိ ဆိပ်ကမ်းပေါ်သို့ ပြန်လည်ရောက်ရှိခြင်း မရှိသေးပေ။

ည ၁၁ နာရီတွင် စက်ကြီးများဖြင့် ဆွဲတင်ခဲ့ရာ ဆိပ်ကမ်းပေါ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

အဆိုပါကား ရေနစ်မြုပ်မှုကြောင့် ခရီးသည်တင်ယာဉ်များ၊ ကမ္ဘားဖြူကူးတို့ဆိပ်ကမ်းနှင့်ပေါက်မြို့ မြို့ဝင်ဂိတ်အနီးအနားတွင် ကားများ တန်းစီရပ်နားကာ ယာဉ်အသွားအလာ ခေတ္တပိတ်ထားခဲ့ရကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လှိုင်မဟာစည် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ
ဖိတ်ကြားခြင်း

လှိုင်မဟာစည်၏ (၃၅)ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် မိဂဒါဝုန်ဝိပဿနာသင်တန်း (၁၇)ရက် တရားစခန်းသိမ်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ လှိုင်မဟာစည်ယောဂီများ၊ အကျိုးတော်ဆောင်များ၊ ဖြတ်ပိုင်းအကျိုးတော်ဆောင်များ၊ စဘူးအလှူရှင်များ၊ ဝေယျာဝစ္စအလှူရှင်များ ဓမ္မမိတ်ဆွေများအားလုံး မပျက်မကွက် (ဆက်ဆက်) ကြွရောက်တော်မူကြပါရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ရက် (၃-၁၁-၂၀၁၃ရက်) တနင်္ဂနွေနေ့
ကျင်းပမည့်အချိန် - နံနက် ၉နာရီတိတိ၊ (နံနက် ၈း၃၀နာရီအရောက် ကြွရောက်တော်မူကြပါရန်)
ကျင်းပမည့်နေရာ - သာသနာ့မာရ်အောင်ဓမ္မာရုံတော်ကြီး၊ လှိုင်မဟာစည်ဝိပဿနာကျောင်းတိုက်၊ ယောဂီကျောင်းလမ်း၊ ၁၁ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၂၆၁၈၂၊ ၅၁၉၇၅၀

ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်

၁။ ကျိုက္ကဆံလမ်းမကြီးပေါ် တာမွေဈေးအနီး ပေ(၄၀×၉၀) နှစ် ၆၀ ဂရန် နေရာအလွန်ကောင်းသည်။
၂။ ပေ(၅၀×၅၀) RC သုံးထပ်ခွဲ နှစ် ၆၀ ဂရန်ပြင်ဆင်ပြီး အသင့်နေနိုင်သည်။
ရေ၊ မီးအစုံ

ဆက်သွယ်ရန်
ဖုန်း-၀၉-၇၃၁၅၃၂၂၁၊ ၀၉-၅၁၄၇၆၅၉၊ ၀၉-၄၂၀၂၃၀၂၅၅၊ ၀၉-၃၁၂၅၈၉၈၄၊ ၀၉-၄၂၅၂၈၉၇၇၁

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၉၇၃၆ Hino FR 279B Container Carrier ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ခင်အေး ၁၃/နမတ(နိုင်)၀၀၈၄၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာမြို့)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၀၊ မြေကွက်အမှတ် ၃၂၀၊ ပုဏ္ဏမီလမ်း၊ အကျယ်အဝန်းပေ(၄၀×၆၀)၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို မြို့မြေစာရင်းတွင် အမည်ပေါက်သူထံမှ စာချုပ်စာတမ်းဖြင့်ဝယ်ယူပိုင်ဆိုင်ထား၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးမြင့် ၁၂/ပဘတ(နိုင်)၀၁၀၀၈၈ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို	**ဒေါ်အိမ့်ဖြူနိုင်**
LL.B	**LL.B, D.B.L, D.M.L**
(စဉ်-၂၃၂၉၉)	**(စဉ်-၂၉၇၄၆)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**

အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၃၉၄၁၆၀

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့၊ ဝါတိုးရပ်ကွက်၊ အကွက်အမှတ်/အမည် (၅၇၊ သီလ၀-၂)၊ ဦးပိုင်အမှတ်(၇၃၊ ၇၅)၊ မြေဧရိယာ ၀ဒသမ ၁၇၂ဧကရှိ ဦးကျော်မြင့် ဂရန်အမည်ပေါက်မြေအတွင်းမှ ဦးပိုင်အမှတ် ၇၅၊ မြေဧရိယာ ၀ဒသမ ၀၈၆ဧကရှိ မြေအား ဦးကျော်မြင့်ထံမှ တရားဝင်ဝယ်ယူထားပြီးဖြစ်၍ ဂရန်ဦးပိုင်ခွဲချထားပေးပါရန် ရမည်းသင်းမြို့၊ ဝါတိုးရပ်ကွက်နေ ဒေါ်ဝေဝေအောင် ၉/ရမသ(နိုင်)၁၀၁၀၇၄ က လျှောက်ထားလာသဖြင့် ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စိစစ်ဆောင်ရွက်လျက်ရှိရာ ဦးကျော်မြင့်အမည်ဖြင့် ဂရန် အမှုအမှတ် ၇၇/၂၀၀၀-၂၀၀၁အရ ထုတ်ပေးထားသော ဂရန်စာချုပ်မူရင်းမှာ ပျောက်ဆုံးလျက်ရှိကြောင်း စိစစ်သိရှိရပါသည်။

၂။ အဆိုပါ ဦးကျော်မြင့်အမည်ဖြင့် ထုတ်ပေးထားသော ဂရန်စာချုပ်မူရင်းအား အကြောင်းအမျိုးမျိုးကြောင့် လက်ဝယ်ရရှိပိုင်ဆိုင်ထားသူများရှိပါက မိမိပိုင်ဆိုင်ကြောင်း ခိုင်လုံသောအထောက်အထားများတင်ပြလျက် ယနေ့မှစ၍ ရက်ပေါင်း ၃၀အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် အဆိုပါနေ့ရက်ကျော်လွန်ပါက ဒေါ်ဝေဝေအောင်၏ ဂရန်ဦးပိုင်ခွဲ လျှောက်ထားမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ရမည်းသင်းမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၇၇၀၂၊ နစ်ဆန်းဒီဇယ် CWF3U ၊ ထရပ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ခင်အေး ၁၃/နမတ(နိုင်)၀၀၈၄၂၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာမြို့)

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀(က+ခ)၊ မြေကွက်အမှတ် ၅၄၆၊ မြေကွက်တည်နေရာအမှတ်-၄၂၊ ပါရမီလမ်း၊ ၁၆ ရပ်ကွက်၊ လှိုင်မြို့နယ် ဦးစံအေးအမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက်ခင်ပွန်း ဦးစံအေးကွယ်လွန်သဖြင့် ဒေါ်အေးမေ ၁၂/လမန(နိုင်)၀၁၇၇၈၃က တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

နယ်သတင်းနှင့်ဆောင်းပါး

မချမ်းဘောမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

မချမ်းဘော အောက်တိုဘာ ၂၅

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ်၏ ၂၀၁၃ ခုနှစ် မိုးစပါး ပုလဲသွယ်စပ်မျိုးစပါး စံပြစိုက်ကွင်းရိတ်သိမ်းပွဲကို အောက်တိုဘာ ၁၈ ရက် နံနက် ၁၁ နာရီက နမ့်ခမ်ကျေးရွာ ရွာမကွင်း ဦးပိုင်အမှတ် (၈) တောင်သူဦးခမ်လွမ်း ဂျုံလယ်ယာမြေတစ်ဧက၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်း၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးစိုးတင့်၊ ပူတာအိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ မ ချမ်းဘောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ နမ့်ခမ်ကျေးရွာရှိ တောင်သူ ၇၀ ဦးတို့က စံပြစိုက်ကွက်တစ်ဧကကို စုပေါင်းရိတ်သိမ်းကြသည်။

ထိုသို့ မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် ပုလဲသွယ်စပ်မျိုးစပါး တစ်ဧကလျှင် အစို ၁၀၄ ဒသမ ၆၉ တင်း၊ အခြောက် ၉၄ ဒသမ ၃၁ တင်းနှုန်း ထွက်ရှိမှုကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။ အဆိုပါတောင်သူ ဦးခမ်လွမ်း ဂျုံလယ်မြေ(၃)ဧကတွင် ပုလဲသွယ် စပ်မျိုးစပါးတစ်ဧက ဆင်းရေ (၃) စပါးမျိုးတစ်ဧက၊ ပဲမစိဒေသမျိုးစပါးတစ်ဧကကို ပထမအကြိမ်အနေဖြင့် စမ်းသပ်စိုက်ပျိုးထားကြောင်း မချမ်းဘောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးနန်ခေါ့ယောဟန်ထံမှ သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သရက်ချောင်းမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

သရက်ချောင်း အောက်တိုဘာ ၂၅

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် မြို့နယ်ဘောလုံးကွင်း၌ အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၂နာရီက ၂၀၁၃ခုနှစ် သရက်ချောင်းမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။ **(အပေါ်ပုံ)** ကွင်းဖွင့်ပွဲအခမ်းအနားကို ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌရဲမှူးသက်ဝင်းက ဦးစီးဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါ ပြိုင်ပွဲတွင် ဘောလုံးအသင်း၁၀သင်း ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ဉာဏ်ဝင်း

(၃၆)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်

စစ်ကိုင်း အောက်တိုဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီးကောလင်းမြို့အောင်မင်္ဂလာရပ်/မင်္ဂလာကျောင်းသစ်ကျောင်းပဋ္ဌာန်းဓမ္မာရုံတွင်ကျောင်းတိုက်ဦးစီးပဓာနဆရာတော် ဘဒ္ဒန္တမေဃိရ (ဓမ္မာစရိယ)မှ ကြီးမှူး၍ (၃၆)ကြိမ်မြောက်အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကိုကျင်းပရာ ပင့်သံဃာ ၃၀ တို့က အောက်တိုဘာ ၂၂ရက် သီတင်းကျွတ်လပြည့်ကျော်၃ရက်မှအောက်တိုဘာ ၂၆ရက် သီတင်းကျွတ် လပြည့်ကျော်၇ရက်ငါးညတိုင်တိုင်ရွတ်ဖတ်ပူဇော်ကြကြောင်းသိရသည်။ **(၀၉၂)**

ကျေးလက်မီးလင်းရေး ရမ်းဗြဲတွင် မီးစက်ရုံဖွင့်

ရမ်းဗြဲ အောက်တိုဘာ ၂၅

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ပံ့ပိုးကူညီမှုဖြင့် ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးအဖြစ်သရက်ချိုကျေးရွာ ကိုယ့်အားကိုယ်ကိုးဒီဇယ်အင်ဂျင်သုံးမီးစက်ဖွင့်ပွဲကို အောက်တိုဘာ၁၇ ရက်ကအဆိုပါကျေးရွာ၌ ကျင်းပရာ ရမ်းဗြဲမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ကျေးလက်စွမ်းအင်ဖွံ့ဖြိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ ကျေးရွာရပ်မိရပ်ဖများ၊အလှူရှင်များတက်ရောက်ကြပြီး မီးစက်ရုံသစ်ကိုမြို့နယ်အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးက ဖွင့်လှစ်ပေးခဲ့သည်။ **(အပေါ်ပုံ)** သရက်ချိုကျေးရွာ မီးလင်းရေးအတွက် အိမ်ခြေ ၂၀၀ ခန့်အား လျှပ်စစ်မီးဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သာသနာတော်ညှိုးနွမ်းစေသူ လူဝတ်လဲအရေးယူ

ကောလင်း အောက်တိုဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ ရထားရဲစခန်း(ဘူတာ) နယ်ထိန်းအဖွဲ့ခေါင်းဆောင်တပ်ကြပ်ကိုကိုအေး၊ ဒုတပ်ကြပ်မျိုးနွယ်အောင်၊ တပ်သားသဲကိုကိုအောင်၊ တာဝန်ကျလက်မှတ်သိမ်း ဦးအောင်သူဆင့်တို့ ပါဝင်သောပူးပေါင်းအဖွဲ့က မှုခင်းကျဆင်းရေးအတွက် လှည့်ကင်းတာဝန်ဆောင်ရွက်စဉ် ကောလင်းဘူတာရှေ့တွင် ရဟန်းအသွင်ဆောင်ထားသူတစ်ဦး အရက်သောက်စားမူးယစ်ပြီး သင်္ကန်းဝတ်ဖြင့် သာသနာညှိုးနွမ်းအောင် မူးယစ်ရမ်းကားရာ ခေါ်ယူမေးမြန်းကြသည်။

၎င်း၏အမည်မှာ ဦးသူရိယဟုဆိုပြီး အထောက်အထားခိုင်လုံစွာပြောဆိုနိုင်ခြင်းမရှိသဖြင့် ကောလင်းမြို့ မြောင်အင်းရပ်ကွက်ရှိ မြောက်အင်းကျောင်းသံဃာဝိနည်းမိုရ်ဆရာတော် ဘဒ္ဒန္တကောသလ္လ(စူဠဂန္ထ ဝါစက) မြို့နယ်သံဃနာယကအဖွဲ့ ဒုဥက္ကဋ္ဌဆရာတော်ထံပို့ဆောင်၍ ဆရာတော်က စစ်မေးပြီးလူဝတ်လဲစေ၍ တာဝန်ရှိသည့်အတိုင်းလုပ်ဆောင်ရန်မိန့်ကြားသဖြင့် ၎င်းဝတ်ဆင်ထားသောသင်္ကန်းအား သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် ရေးသွင်းသိမ်းဆည်းပြီး ဥပဒေအရအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။**(၀၉၂)**

မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

မုဒုံ အောက်တိုဘာ ၂၅

မွန်ပြည်နယ် မုဒုံမြို့နယ် ကွင်းအမှတ်(၈၆၈)ရှိ တော်ကူးကျေးရွာအုပ်စုတွင် သိပ္ပံနည်းကျ စံပြကွက်မျိုးသန့်စံပြရွာအဖြစ်တောင်သူပညာပေးစိုက်ပျိုးထားသော ပေါ်ဆန်းရင်စပါးမျိုးသန့်ဧက၅၀ စိုက်ခင်းမျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ကြသည်။ **(ဝဲပုံ)**

အဆိုပါမျိုးနုတ်ပယ်ခြင်းလုပ်ငန်းသို့ အောက်မြန်မာပြည် မျိုးစေ့ထုတ်လုပ်ရေးနှင့် မျိုးစေ့အရည်အသွေးထိန်းသိမ်းရေးဌာနစိတ် (ရန်ကုန်)မှ ဦးစီးအရာရှိ ဒေါ်လှလှဌေးနှင့် ဒေါ်မိမိချိုတက်ရောက်ပြီး မြို့နယ်ဦးစီးမှူး ဦးမင်းအေးမောင်နှင့် ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးပညာပေး ဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါထွက်ရှိသော မျိုးသန့်စပါးများကို မုဒုံမြို့နယ်တစ်မြို့နယ်လုံးသို့ ပြန်လည်ဖြန့်ဖြူးပေးမည်ဖြစ်သည်။ **(၁၀၈)**

ပုလဲရတုမင်္ဂလာဆုတောင်းလွှာ

၂၆-၁၀-၂၀၁၃ရက်တွင်ကျရောက်သော မြင်းခြံမြို့နေ **ချစ်ဖေကြီး ဦးလတ်-ချစ်မေကြီး ဒေါ်ခင်မာထွေး**တို့၏မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သော သား၊ သမီး၊ တူ၊ တူမ၊ တပည့်များနှင့်အတူ ကျန်းမာပျော်ရွှင်သော ဘဝခရီးလမ်းကို နောင်နှစ်ပေါင်းများစွာတိုင် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

သားသားကြီး - စည်သူလတ်-မဝါဝါဆွေ (B.A, Eco)

သမီးလေး - နှင်းပွင့်လတ် (B.Sc) (Hons) (M.Sc) (Chem;) PGDE (MUFL)

ချောက်မြို့၊ သခင်ဘိုးလှကြီးစက်မှုလက်မှုသိပ္ပံမိသားစု (၂၄)ကြိမ်မြောက် မဟာဘုံကထိန်သင်္ကန်းကပ်လှူပွဲ ဖိတ်ကြားလွှာ

ချောက်မြို့ သခင်ဘိုးလှကြီး စက်မှုလက်မှုသိပ္ပံမိသားစု၏ (၂၄)ကြိမ်မြောက် မဟာဘုံကထိန် သင်္ကန်းကပ်လှူပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် သူငယ်ချင်းများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(သီးခြားဖိတ်စာ မပို့ပါ)

အစီအစဉ်

ကျင်းပမည့်ရက် - ၂-၁၁-၂၀၁၃ရက်(စနေနေ့)

ကျင်းပမည့်အချိန် - နံနက် ၉နာရီမှ မွန်းတည့် ၁၂း၀၀နာရီအထိ

ကျင်းပမည့်နေရာ - အဘိဓမ္မာရတနာဃရ ဓမ္မဗိမာန်တော်ကြီး ဗဟန်း(၃)လမ်းမှတ်တိုင်အနီး၊ ကမ္ဘာအေးဘုရားလမ်း၊ဗဟန်းမြို့နယ်၊ ရန်ကုန်

ဆက်သွယ်လှူဒါန်းရန်

(၁) ဦးကြည်ဝင်း ဖုန်း-၀၉-၅၀၈၃၉၃၄

(၂) ဒေါ်လှလှဝေ ဖုန်း-၀၉-၅၀၇၃၈၀၈

(၃) ဦးညီညီထွန်း ဖုန်း-၀၉-၅၁၀၄၃၃၅၊ ၀၉-၅၁၀၂၉၉၄

(၄) ဦးခင်စိုး ဖုန်း-၀၉-၅၁၃၆၄၈၁

(၅) ဦးအောင်မြ ဖုန်း-၀၉-၅၀၅၇၀၂၄

မန္တလေးမြို့၊ ၇၁ လမ်းနှင့် ၃၁လမ်းထောင့်ရှိ နန်းဦးတိုက်၊ မော်လမြိုင်ကျောင်းတွင် ၁၀-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့)၌ ကျောင်းသားဟောင်းများက ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ဦးညွန့်တင်(77C) ဖုန်း-၀၉-၂၀၁၅၆၀၁နှင့်ဦးစိန်ဝင်း (79T) ဖုန်း-၀၉-၄၃၁၇၂၄၄၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်ဃ/၁၆၊ မြေကွက်အမှတ် ၆၂၀၊ မြေကွက်တည်နေရာအမှတ် ၆၂၀၊ အာဇာနည်လမ်းသွယ်၊ ရွှေပြည်သာမြို့နယ် ဒုဗိုလ်မှူးကြီးရဲမြင့်လှိုင် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒုဗိုလ်မှူးကြီးရဲမြင့်လှိုင်ထံမှ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့်ရရှိသူ ဒေါ်ခင်ဝုဝါဝါလှိုင် ၁၂/ကတတ(နိုင်)၀၂၃၃၃၆က ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁ဒီ၊ မြေကွက်အမှတ် ပဥ္စမတန်းစား၈၅၊ မြေကွက်တည်နေရာအမှတ် ၂၀၊၁၁၃လမ်း၊မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဒေါ်ချိုတီအမည်ပေါက် နှစ်၉၀ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်ချိုတီ၊ ဖခင်ဦးလှထွန်း(ခ)ဦးအီစွတ် ကွယ်လွန်သဖြင့် (၁)ဒေါ်ပြုံးချို ၆/မအရ(နိုင်)၀၃၆၀၆၆၊ (၂)ဒေါ်အေးအေးဝင်း ၁၂/တမန(နိုင်) ၀၈၆၉၈၁၊ (၃)ဦးလှဝင်း(ခ)ဦးဟူဆင် ၁၂/တမန(နိုင်) ၀၃၀၄၃၅၊ (၄)ဒေါ်အေးအေးမြင့် ၆/မအရ(နိုင်)၀၃၆၀၆၈၊ (၅)ဦးလှမျိုး ၁၂/မဂတ(နိုင်)၀၅၆၇၅၃၊ (၆)ဒေါ်အေးအေးမော် ၁၂/မဂတ(နိုင်)၀၅၆၄၆၅၊ (၇)ဦးသိန်းဇော် ၁၂/မဂတ(နိုင်)၀၇၀၅၈၁ တို့က သားသမီးများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဘုမ္မာ၈လမ်း၊ အိမ်အမှတ် (၂၇၀-ခ)ဟုခေါ်တွင်သော ပေ(၂၀×၆၀)နှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်အိမ်၊ လျှပ်စစ်မီတာ၊ ရေနှင့်သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဂရန်အမည်ပေါက် ဦးမောင်မောင် ၁၂/မရက(နိုင်)၁၁၃၉၅၂ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းနှင့်အတူ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

ဒေါ်ဝေဝေဖြိုး ၁၀/မဒန(နိုင်)၁၄၃၈၈၃

အမှတ် ၁၇၇၊ ၂၉ လမ်းအပေါ်၊ ပန်းဘဲတန်းမြို့နယ်၊ ဖုန်း-၃၁၃၃၃၂၅၈

ဥပဒေဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

အယူခံမှုဆိုင်ရာ ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ သိစေသည့်အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
မွန်ပြည်နယ်တရားလွှတ်တော် မော်လမြိုင်မြို့
၂၀၁၃ခုနှစ် တရားမပထမအယူခံမှုအမှတ်-၃၀

ဦးအောင်ဖေ
(၄င်း၏အထွေထွေ ကိုယ်စားလှယ်
စာရသူ ဦးသန်းညွန့်) **နှင့်**

၁။ မောင်သန်းထွေး
၂။ မအေးမြင့်
၃။ မအေးဝင်း
၄။ မောင်ကျော်ဝင်း
၅။ မအေးသန်း
၆။ မမိုးမိုးစန်း
၇။ မောင်သန်းစိုးဦး

အယူခံတရားလို **အယူခံတရားပြိုင်များ**

၂၀၁၃ခုနှစ် မေ ၃၀ရက်စွဲပါ မော်လမြိုင်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၅၅/၂၀၁၁ အမှု၏စီရင်ချက်နှင့် ဒီကရီအယူခံမှု။

အယူခံတရားပြိုင် (၁) မောင်သန်းထွေး၊ (၂) မအေးမြင့်၊ (၃) မအေးဝင်း၊ (၄) မောင်ကျော်ဝင်း၊ (၅) မအေးသန်း၊ (၆) မမိုးမိုးစန်း၊ (၇)မောင်သန်းစိုးဦး ဝါဂရူကျေးရွာ အလယ်ပိုင်း၊ သဖြူဇရပ်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် မော်လမြိုင်ခရိုင်တရားရုံးက ချပေးသည့် ဒီကရီကို အယူခံတရားလို ဦးအောင်ဖေ (၄င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးသန်းညွန့်)က အယူခံတင်သွင်း၍ ၂၀၁၃ခုနှစ် အောက်တိုဘာ ၃၀ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၁ရက်)တွင် ဆိုင်ဆိုရန် ရုံးတော်ကချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ အယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် အခြားဥပဒေအရ ခွင့်ပြုထားသည့် ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၄င်းအမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းဆိုထားသည့် အချိန်အတွင်း ကန့်ကွက်လိုကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံတင်သွင်းရမည်။

၂၀၁၃ခုနှစ် အောက်တိုဘာ ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ-

(နန်းသင်းသင်းဆွေ)
လက်ထောက်ညွှန်ကြားရေးမှူး
မွန်ပြည်နယ်တရားလွှတ်တော်

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ဖျာပုံခရိုင်တရားရုံး
၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ်-၂၇

မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် **နှင့်** ဒေါ်အုန်းသန်း
တရားနိုင် **တရားရှုံး**

ဖျာပုံခရိုင်တရားရုံး၊ တရားမကြီးအမှုအမှတ် ၃၁/၂၀၁၁အမှုတွင် အနိုင်ဒီကရီကျငွေ ၅၅၈၁၈၀၃၄/- ၂၄ါး ကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်း ကို ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၉ရက် နံနက် ၁၀နာရီတွင် ၄င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်သော် လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ဘိုကလေးမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ကွင်းအမှတ်(၁)မြောက်ပိုင်း၊ ဦးပိုင်အမှတ် ၂၃၅၊ (၇၅×၃၀)ပေ၊ မြေချိန်ဧရိယာ ၀ဒသမ ၀၅၂ဧကရှိ ဒေါ်အုန်းသန်းအမည်ပေါက် နှစ် ၃၀ဂရန် မြေနှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ဦးပိုင်အမှတ် ၆၃၅ရှိ အစိုးရမြေ လျှောက်ထားမြေပို (၇၅ပေ×၃ပေ)၊ ဧရိယာ ၀ ဒသမ ၀၀၅ဧကရှိ တိုးချဲ့မြေအပါအဝင် စုစုပေါင်း (၇၅×၃၃)ပေရှိ မြေနှင့်မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး ပါဝင်သည်။

ကြမ်းခင်းဈေး ကျပ်သိန်း ၁၂၀၀။
လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်ယူသူအား လေလံဆွဲယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်း ရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရပါမည်။
၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်၍ ပထမ ရုံးဖွင့်သည့် ရက်တွင် အပြေအကျေပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်း ကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းသည့်လေလံများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၃ခုနှစ် အောက်တိုဘာ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

(ခင်မြင့်ချို)
ဒုတိယခရိုင်တရားသူကြီး
ဖျာပုံခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၃၂က၊ မြေကွက်အမှတ် ၁/ခ၊ မြေကွက်တည်နေရာအမှတ် ၆၇၃၊ ရတနာလမ်း၊ (ဆ/ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် (၁) အေးအေးစန်း၊ (၂) ဦးခင်မောင်စိုး၊ (၃)မောင်ဇင်လင်းနိုင်အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးခင်မောင်စိုး(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်မော်မော်စန်း ၁၂/ဥကတ(နိုင်)၀၃၁၈၉၄က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ထပ်ဆင့်ကျမ်းကျိန်လွှာများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် ကျန်အမည်ပေါက်များဖြစ်သော ဒေါ်အေးအေးစန်း ၁၂/သဃက(နိုင်)၀၆၆၃၇၆၊ မောင်ဇင်လင်းနိုင် ၁၂/ဥကတ(နိုင်)၁၆၅၉၀၅တို့နှင့်အတူ ပူးတွဲ၍ မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ကျိုက်ဖနဲရပ်ကွက်၊ အကွက်အမှတ် ၆၊ ဦးပိုင်အမှတ် ၁၀၂၊ ဧရိယာ ၀ ဒသမ ၀၄၁ဧကရှိ ဒေါ်သောင်းခင် အမည်ပေါက် နှစ် ၃၀ အငှားဂရန်ရရှိထားသော မြေအား ဦးဆိုဖီရာမွတ်မှ မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် ၁၃၀/၂၀၀၇ ဖြင့် ဝယ်ယူထားရာ ဝယ်ယူထားစဉ်ကပင် အငှားဂရန်စာချုပ် ရရှိထားခြင်းမရှိခဲ့ကြောင်း အဆိုပါမြေအား ဦးဆိုဖီရာမွတ်မှ နှစ် ၃၀ အငှားဂရန်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိက ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသည့် အထောက်အထားဖြင့် မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးထံ လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ခရိုင်အုပ်ချုပ်ရေးမှူး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မော်လမြိုင်ခရိုင် - မော်လမြိုင်မြို့

ကရင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့်ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေး အဖွဲ့များတွင်လစ်လပ်လျက်ရှိသော အငယ်တန်းအင်ဂျင်နီယာ-၃လစာနှုန်းတူ(၇၃၀၀၀/-၁၀၀၀/-၇၈၀၀၀/)၊အငယ်တန်းစာရေးစာရင်းကိုင်-၄နှင့်လစာနှုန်းတူ(၆၇၀၀၀/-၁၀၀၀/-၇၂၀၀၀/-) အကောက်ခွန်-၅နှင့် လစာနှုန်းတူ(၆၁၀၀၀/-၁၀၀၀/-၆၆၀၀၀/-)ရုံးအကူလုပ်သား-၃နှင့် လစာနှုန်းတူ(၅၅၀၀၀/-၁၀၀၀/-၆၀၀၀၀/-) ဝန်ထမ်းများ ဖြည့်စွက်ခန့်ထားနိုင်ရန် လျှောက်ထားနိုင်ပါသည်။

၁။ လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
၂။ အငယ်တန်းအင်ဂျင်နီယာ-၃အတွက် အစိုးရနည်းပညာတတက္ကသိုလ်တစ်ခုခုမှ အနည်းဆုံး (AGTI)မြို့ပြအောင်လက်မှတ်ရရှိပြီးသူ/အငယ်တန်းစာရေး၊ စာရင်းကိုင်-၄၊ အကောက်ခွန်-၅ တို့အတွက် အစိုးရတက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။
၃။ လျှောက်လွှာပိတ်ရက် ၃၁-၁၀-၂၀၁၃ရက်တွင် အသက်(၂၇)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
၄။ ကရင်ပြည်နယ်အတွင်းမည့်သည့် မြို့နယ်၊ မြို့နယ်ခွဲမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။
၅။ လျှောက်လွှာနှင့်အတူ လိုအပ်သည့်အောက်ပါအချက်အလက်များ ပြည့်စုံစွာပူးတွဲပေးပို့ရပါမည်-
(က) ဘွဲ့လက်မှတ်မိတ္တူ
(ခ) နိုင်ငံရေးကင်းရှင်းကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ သက်ဆိုင်ရာမြို့နယ် ရဲစခန်းထောက်ခံချက်မူရင်း
(ဂ) ကျန်းမာကြောင်းဒေသန္တရဆေးစစ်ချက်မူရင်း
(ဃ) လွန်ခဲ့သောတစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၄)ပုံ
(င) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(စ) ဖော်ပြပါရာထူးနေရာများခန့်ထားခြင်းခံရပါက နိုင်ငံတာဝန်အား အနည်းဆုံး(၃)နှစ်တိတိ တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်းနှင့် တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက လျော်ကြေးငွေကျပ်(၃)သိန်းတိတိပေးလျော်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်
၆။ လျှောက်လွှာများကို ၃၁-၁၀-၂၀၁၃ရက် ၁၅:၀၀နာရီနောက်ဆုံးထား၍ ကရင်ပြည်နယ်စည်ပင်ရေးအဖွဲ့ရုံးသို့ စာရင်းပေးသွင်းလျှောက်ထားနိုင်ပါသည်။
၇။ လူတွေ့နှုတ်ဖြေ ၆-၁၁-၂၀၁၃ရက်တွင်စစ်ဆေးပါမည်။
၈။ အသေးစိတ်သိရှိလိုပါက ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၅၈-၂၁၆၈၃သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်း၊ အမှတ်(၁၈/A)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၃၆D၊ လူနေရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ်(၈၃ဒီ/၁)၊ မြေဧရိယာ ၀ဒသမ၁၉၉ဧကရှိ မြေပိုင်မြေ မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်သူထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၉၁၈၁/၂၀၁၃ရယူပြီး လက်ဝယ်ရရှိပိုင်ဆိုင်ထားသူမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာ ယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ LL.B — **တရားလွှတ်တော်ရှေ့နေ(၄၃၇၃)**
ဒေါ်လှလှခိုင် LL.B — **တရားလွှတ်တော်ရှေ့နေ(၅၄၁၀)**
အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၁A)၊ ဒုတိယထပ်၊ ၃၆ လမ်း(အောက်ဆုံး)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊ လေးဒေါင့်ကန်လမ်း၊ အမှတ် ၇၂၁ ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၂၀၊ လူနေရပ်ကွက်အမှတ် (သဃ်န်းကျွန်းမြို့နယ်)၊ မြေကွက်အမှတ် ၅၃၊ ဧရိယာ ၁ဒသမ၀၁၃ဧကအနက်မှ မခွဲစိတ်ရသေးသည့် (A)အမှတ်အသားအနီရောင်ခြယ်ထားသည့် ဧရိယာ $\frac{၅၁}{၄၄+၇} \times \frac{၃၆\times၂၅}{၃၅\times၂၅}$ ပေ မြေကွက်တို့ကို ဒေါ်ကြင်မှ အမည်ပေါက် ပိုင်ဆိုင်ခဲ့ပါသည်။

အဆိုပါ အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကြင်မှ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်တွင် ဒေါ်ဘေဘီ(ခ)ဒေါ်စန်းစန်းဝင်း(တူမသမီး)တော်သူနှင့် ၄င်း၏ခင်ပွန်း ဦးရဲမြင့်တို့ကို အချင်းဖြစ်မြေကွက်များတို့အား မေတ္တာဖြင့်ပေးကမ်းခြင်းစာချုပ်ချုပ်ဆို၍ ပေးကမ်း ခဲ့ပါသည်။

အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကြင် (ခင်ပွန်းမရှိ/သားသမီးမရှိ)သူသည် ၅-၄-၁၉၉၀)ရက်တွင် ကွယ်လွန်ခဲ့သလို၊ ဒေါ်ဘေဘီ(ခ)ဒေါ်စန်းစန်းဝင်း၏ခင်ပွန်း ဦးရဲမြင့်သည်လည်း ၂၆-၇-၂၀၀၈ ရက်တွင် ကွယ်လွန်ခဲ့ကြသဖြင့် အဆိုပါမေတ္တာဖြင့် ပေးကမ်းခြင်းအရ ဒေါ်ဘေဘီ(ခ)ဒေါ်စန်းစန်းဝင်းမှ အချင်းဖြစ်မြေကွက်များတို့ကို ပိုင်ဆိုင်နေသူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဘေဘီ (ခ) ဒေါ်စန်းစန်းဝင်း ၁၂/သဃက(နိုင်)၁၄၀၃၂၈
အမှတ် ၇၂၁၊ လေးဒေါင့်ကန်လမ်း၊ (ဇ/တောင်)ရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉-သုဝဏ္ဏ၊ မြေကွက်အမှတ် (၇၃-အေ)၊ ကောက်စောလမ်း၊ အကျယ်အဝန်း ပေ(၅၀×၅၀)၊ နှစ် ၆၀မြေငှားဂရန်မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဂရန်အမည်ပေါက်သူ ဦးတင်မောင်အေးထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်မှတ်ပုံတင်အမှတ် ၅၈၃၆/၂၀၁၂ အရ တရားဝင်ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်၊ ရောင်းချပိုင်ခွင့်ရှိကြောင်း အမှုအခင်းအရှုပ်အရှင်းကင်းရှင်းပါကြောင်း တာဝန်ယူဝန်ခံကတိပြုသူ ဒေါ်စန္ဒာဝင်း ၁၂/သဃက(နိုင်)၀၁၀၅၃၇ [၄င်း၏ကိုယ်စား ဦးသန့်စင် ၁၂/ဥကမ(နိုင်)၀၂၇၃၉၈မှ တာဝန်ယူ လက်မှတ်ရေးထိုး၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသလက်ခံသူ] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် ၁၆-၁၀-၂၀၁၃ ရက်စွဲပါ မြေကွက်အရောင်းအဝယ်စရန်ငွေပေးကတိစာချုပ် အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ် စာတမ်း၊ စာရွက်စာတမ်း(မူရင်း)များနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ကျုံးနိုဒိမ်	**ဒေါ်သက်သက်လှိုင်**	**ဒေါ်ဌေးနွဲ့ LL.B, D.B.L, D.M.L**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**	**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၅၈)**

အမှတ် ၁၀/၁၂၊ အခန်း ၁၀၄-ဈ၊ ပထမထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၄၂၀၁၁၉၄၇၈

လက်ထပ်ပြီးစီးခြင်း

အမေရိကန်နိုင်ငံအမှတ် 3633 Winnebago St APT 1E St . Louis, Mo.63116 နေ ဦးထန်ဒိတ်-ဒေါ်ရေဗက္ကာတို့၏သားကြီး
မောင်သူရိန်ဦး (The Crossing Restaurant Chef)
နှင့်
ရန်ကုန်မြို့ အမှတ် ၃၂၊ ပထမထပ် B ၊ တာမွေဈေးဟောင်းလမ်းနေ (ဗိုလ်ကြီးတင်အောင်-ဒေါ်သန်းရွှေ)တို့၏ စတုတ္ထမြောက်သမီး
မမြင့်မြင့်အေး
တို့သည် ၁၈-၁၀-၂၀၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအနောက်ပိုင်းခရိုင် တရားသူကြီး ဦးစိုးလွင်၏ရှေ့၌ လက်ထပ်ပြီးစီးပါကြောင်း အသိပေး အပ်ပါသည်။

မောင်သူရိန်ဦး-မမြင့်မြင့်အေး

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မြောက်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာအပိုင်းအနီး၊ ခေမာသီလမ်းမပေါ်၊ ပေ (၂၀×၆၀)၊ ပိုင်ရှင်အမည်ပေါက် ဂရန်မြေ။

ဆက်သွယ်ရန်- ဖုန်း-၀၉-၅၁၈၃၈၁၀၊ ၀၉-၆၃၁၂၂၄၀၊ ၀၁၀၄၃၂၀၀၄၅

အမြန်ခန့်လိုပါသည်

(၁) **Human Resources Manager** **ကျား ၂ ဦး**
Any Graduate/***HR လုပ်ငန်းကို အမှန်တကယ်စိတ်ပါဝင်စားသူဖြစ်ရမည်။
အသက် (၄၀) ဝန်းကျင်ဖြစ်ရမည်။
MBA/EMBA/DMA (သို့) HR Diploma အောင်လက်မှတ်ရရှိပြီး၊ HR လုပ်ငန်း အတွေ့ကြုံ (၅)နှစ်အထက်ရှိရမည်။
HR Activities Plan & HR Project Plan နှင့် HR Policy များရေးဆွဲ၊ အကောင်ထည်ဖော်ဆောင်နိုင်ရမည်။
Computer (i Office) ကျွမ်းကျင်ရမည်။ English (4) Skills, Communication Skills ကောင်းရမည်။
မန္တလေးတွင် တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည် (သို့)မန္တလေးတွင် နေထိုင်သူဦးစား ပေးမည်။

(၂) **Sales & Marketing Supervisor (B to B)** **ကျား/မ ၃ ဦး**
B.Sc (Chemistry)၊ Computer (i Office) ကျွမ်းကျင်ရမည်။
English (4) Skills, Communication Skills ကောင်းရမည်။ အတွေ့ကြုံ (၃)နှစ်အထက်ရှိရမည်။
Chemical နှင့်ပတ်သက်သော Raw Material များအကြောင်း နားလည်ရမည်။
အသက် (၃၅)နှစ်ဝန်းကျင်ဖြစ်ရမည်။ ရုပ်ရည်ပြေပြစ်ရမည်။

(၃) **Key Accounts Asst; (Office Sales)** **မ ၁၀ ဦး**
Any Graduate, Computer (I Office)ကျွမ်းကျင်ရမည်။
အရောင်းလုပ်ငန်းအတွေ့ကြုံ (၂) နှစ်ရှိရမည်။
Communication Skills ကောင်းရမည်။ စာရင်းပိုင်း နားလည်သူဖြစ်ရမည်။
အသက်(၂၅)နှစ် ဝန်းကျင်ဖြစ်ရမည်။ ရုပ်ရည်ပြေပြစ်/ချောမောရမည်။

(၄) **Junior Accountant (Export/Import)** **မ ၅ ဦး**
Any Graduate, Computer I Office ကျွမ်းကျင်ရမည်။ LCCI Level-(3)
Email & Internet ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ English (or) Chinese (4) Skills, ကောင်းရမည်။
Export/Import Office လုပ်ငန်းများတွင် အတွေ့ကြုံ (၂)နှစ်အထက်ရှိသူ ဦးစား ပေးမည်။
အသက် (၃၀)ဝန်းကျင်ဖြစ်ရမည်။ ရုပ်ရည်ပြေပြစ်ရမည်။

(၅) **Sales Representative (Sales Man)** **ကျား ၂၀ ဦး**
Any Graduate, ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာသွားလာတတ်ရမည်။
Retail အရောင်းလုပ်ငန်းအတွေ့အကြုံ (၁)နှစ် အထက်ရှိရမည်။
အသက် (၂၅)နှစ်ဝန်းကျင်ဖြစ်ရမည်။ ရုပ်ရည်ပြေပြစ်ရမည်။

(၆) **Junior Auditor (or) Senior Auditor** **ကျား/မ ၆ ဦး**
Any Graduate, Computer (I office) ကျွမ်းကျင်ရမည်။ LCCI Level-(3) (or) DA အောင် စာရင်းစစ်လုပ်ငန်းအတွေ့အကြုံ (၂)နှစ် အထက်ရှိရမည်။
အသက် (၃၀)ဝန်းကျင်ဖြစ်ရမည်။ ရုပ်ရည်ပြေပြစ်ရမည်။

(၇) **Marketing Research Staff** **ကျား ၅ ဦး**
Any Graduate, နယ်ခရီးသွားလာနိုင်သူဖြစ်ရမည်။ Computer (I Office) ကျွမ်းကျင်ရမည်။
Marketing Research လုပ်ငန်းအတွေ့အကြုံ (၁)နှစ်အထက်ရှိရမည်။
အသက် (၂၅)နှစ်ဝန်းကျင်ဖြစ်ရမည်။ ရုပ်ရည်ပြေပြစ်ရမည်။

(၈) **Promotion Girls (PG For Supermarket)** **မ ၃၀ ဦး**
Any Graduate, (or) ၁၀တန်း၊ စာရင်းဇယားတွက်ချက်မှုကျွမ်းကျင်ရမည်။
Supermarket များတွင် အရောင်းလုပ်ငန်းအတွေ့အကြုံ (၁)နှစ်အထက်ရှိရမည်။
အသက် (၂၅)နှစ်ဝန်းကျင်ဖြစ်ရမည်။ ရုပ်ရည်ပြေပြစ်/ချောမောရမည်။
ရန်ကုန်မြို့တွင်း နေရာဒေသမရွေး သွားရောက် တာဝန်ထမ်းဆောင်နိုင်ရမည်။
တာဝန်ကျသော Supermarket များ၏ အလုပ်ချိန်အတိုင်း တာဝန်ထမ်းဆောင်နိုင် ရမည်။

(၉) **Marketing Staff (New Product Development)** **ကျား/မ ၅ ဦး**
Any Graduate, Computer (I Office) ကျွမ်းကျင်ရမည်။ အသက်(၂၅)နှစ်ဝန်းကျင် ဖြစ်ရမည်။
English (4) Skills, Communication Skills ကောင်းရမည်။ ရုပ်ရည်ပြေပြစ်ရမည်။
Marketing လုပ်ငန်းအတွေ့အကြုံ (၁)နှစ်အထက်ရှိသူ ဦးစားပေးမည်။

(၁၀) **Junior (or) Senior Staff (Export/Import)** **မ ၅ ဦး**
Any Graduate, Computer (I Office) ကျွမ်းကျင်ရမည်။ အသက် (၂၅)နှစ်ဝန်းကျင် ဖြစ်ရမည်။
English (4) Skills, Communication Skills ကောင်းရမည်။ ရုပ်ရည်ပြေပြစ်ရမည်။
Export/Import လုပ်ငန်းအတွေ့အကြုံ (၁)နှစ်အထက်ရှိသူဦးစားပေးမည်။

မှတ်ချက် ။ ။အထက်ပါရာထူးအသီးသီးအတွက် ဖျတ်လတ်၊ သွက်လက်မှုရှိရမည်။ ကြိုးစား အားထုတ်မှုနှင့် ရိုးသားမှုရှိရမည်။ အလုပ်ပေါ်သစ္စာရှိရမည်။ အလုပ်ကိုအချိန်ပေး လုပ်ဆောင်နိုင်သူများဖြစ်ရမည်။

လျှောက်ထားလိုသူသည် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း၊ ကိုယ်ရေးရာဇဝင်၊ လေဘာထောက်ခံစာ၊ ပညာအရည်အချင်း၊ ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မှတ်ပုံတင် မိတ္တူ၊ အထောက်ထားအပြည့်အစုံ၊ ဓာတ်ပုံသုံးပုံနှင့်တကွ **ဥရောပ - အာရှကော်မာရှယ် ကုမ္ပဏီလီမိတက်၊ အမှတ် ၃၁၊ ဗန်းမော်အတွင်းဝန်လမ်း၊ ဇုန် (၃)၊ လှိုင်သာယာမြို့နယ်၊ ဖုန်း-၀၁-၆၈၅၀၉၈၊ ၆၈၅၁၆၉နှင့် ၀၉-၄၂၁၀၈၅၂၉၁ တို့သို့ ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။**

E-mails-akzhuman 007@gmail.com

ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၇၃ လမ်း၊ မင်္ဂလာမန္တလေး တည်ဆောက်ရေး စီမံကိန်းတည်ဆောက်ခြင်းလုပ်ငန်းမှ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဆိုင်သည့် အခန်း ၅၂ခန်းပါ ငါးထပ်ကြယ်သုံးပွင့်အဆင့်မီဟိုတယ်အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံခေါ်ယူ၍ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါသဖြင့် ၁၅-၁၁-၂၀၁၃ရက်နောက်ဆုံးထား၍ သန့်ရှင်းရေးဌာန(နန်းရှေ့ဈေးအပေါ်ထပ်)သို့ ရုံးချိန်အတွင်း တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ အထက်ပါ ကြယ်သုံးပွင့်အဆင့်မီဟိုတယ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့်အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းလွှာပုံစံစတင်ရောင်းချမည့်ရက်** - ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်

(ခ) **တင်ဒါတင်သွင်းရမည့်နေ့ရက်** - ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၅ ရက် ၁၄း၀၀နာရီ နောက်ဆုံးတင်သွင်းရမည်။

(ဂ) **စာရင်းပေးရမည့်နေရာ** - သန့်ရှင်းရေးဌာန (နန်းရှေ့ဈေးအပေါ်ထပ်) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

၃။ အထက်ပါတင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများကိုတစ်စုံလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ရုံးချိန်အတွင်း သန့်ရှင်းရေးဌာနတွင် ဝယ်ယူနိုင်ပါသည်။ (အသေးစိတ်သိလိုပါက ဖုန်း-၀၂-၇၂၀၀၃၊ ၀၂-၆၁၂၂၅တို့သို့ စုံစမ်းနိုင်ပါသည်။)

သန့်ရှင်းရေးဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ဝန်ထမ်းအလိုရှိသည်

Our Style Group Of Company

NO. 388/398 ဆင်မင်းကွန်ဒို၊ ဆင်မင်းလမ်းနှင့်ကမ်းနားလမ်းထောင့်၊ အလုံ၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၂၁၄၁၅

၁။	မန်နေဂျာ	ကျား/မ	၅ ဦး
၂။	စာရင်းကိုင်	ကျား/မ	၅ ဦး
၃။	အင်ဂျင်နီယာ	(Civil) ကျား/မ	၅ ဦး
၄။	Marketing	ကျား/မ	၈ ဦး
၅။	Office Staff	ကျား/မ	၈ ဦး
၆။	ယာဉ်မောင်း	ကျား	၈ ဦး

- အထက်ပါရာထူးအားလုံးအတွက် အတွေ့အကြုံရှိသူ နယ်သွားနိုင်သူများကို ဦးစားပေးမည်။
- လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ ၃၁-၁၀-၂၀၁၃ရက်အထိ လာရောက်လျှောက်ထားနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၄၊ စကားဝါလမ်း၊ မြေကွက်အမှတ် ၁၂၃/ကဟုခေါ်တွင်သော အလျားပေ၆၀×အနံ၂၀ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပါမစ်အမည်ပေါက် ဦးသာချစ် ISN-163925 ထံမှ ဝယ်ယူလက်ရောက်ရရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူ ဦးစန်းမြင့် ၁၂/သဃက(နိုင်)၀၂၇၁၂၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် အိမ်၊ မြေတန်ဖိုးတစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေပြီးဖြစ်ပါသည်။ ယင်းအိမ်၊ မြေနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံတွင် ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အထက်ပါအိမ်၊ မြေအရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ညွန့်ညွန့်သန်း LL.B, D.B.L တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၉)
အမှတ် ၃၂၀၊ ရာဇာဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၄၀၁၅၂၆၈၈၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကွက်သစ် ၁ လမ်း၊ ယမုံနာ (၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် ၁၂၊ မြေကွက်အမှတ် ၂၉၉က+ခ၊ ပေ(၂၅×၅၀) ဒေါ်ခင်ခင်အုန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေနှင့် အိမ်နှစ်လုံး၊ မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ခင်အုန်း ၁၂/ဒပန(နိုင်)၀၂၁၅၉၄နှင့် ဦးယဉ်ထွေး ၁၂/သကတ(နိုင်)၁၂၂၉၃၄ တို့ထံမှလည်းကောင်း၊ မြေတိုင်း(၁၄)ရပ်ကွက်၊ မြေကွက်အမှတ် ၉၅(ခြေရင်း)၊ အမှတ် ၅၇၊ သဘော်ကျင်း ၇လမ်း၊ (၁၂½×၅၀)ပေ ခြေရင်းဘက်အိမ်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ဝင်း ၁၂/ဒပန(နိုင်)၀၂၁၃၆၇ထံမှလည်းကောင်း၊ ဝယ်ယူရန် ဦးကျော်ဝင်း ၁၂/ရကန(နိုင်)၀၅၈၆၉၆သည် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်ဝင်း
ဖုန်း-၀၉-၅၀၇၈၉၈၈၊ ၀၁-၇၀၁၉၁၇
(ရွှေဆောက်လုပ်ရေး) အမှတ် ၄၆၊ မင်းနန္ဒာလမ်း၊ ဒေါပုံ

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဌာန၊ မြန်မာ့ဆက်သွယ်ရေးဝန်ကြီးဌာန ကွန်ပျူတာ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ရန်လိုအပ်သော စက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူသွားမည်ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပိတ်ရက်နှင့်အချိန်မှာ (၄-၁၁-၂၀၁၃)ရက် ၁၃း၀၀ နာရီ ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စဉ်	ငွေစာရင်းခေါင်းစဉ်	အရေအတွက်
၁	8 El Convertor	6 No.
၂	Aircon 1.5 HP (SAMSUNG)	10 No.
၃	Aircon 2HP (SAMSUNG)	4 No.
၄	Media Convertor	10 No.
၅	El Convertor	4 No.
၆	Distrubution Switch	1 No.
၇	SFP Module	10 No.
၈	Personal Computer	36 No.
၉	Laser Printer	2 No.
၁၀	Digital Multifunction Copier	1 No.
၁၁	Computer Table	40 No.
၁၂	Computer Chair	50 No.
၁၃	Conferencing Table	25 No.

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နည်းပညာဌာန
(၈)မိုင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၅၆၉၄၀၊ ၀၁-၆၅၀၄၀၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇောတိကအိမ်ရာစီမံကိန်း၊ တိုက်အမှတ် A/6၊ အခန်းအမှတ် ၀၀၁ကို မူလအမည်ပေါက်ပိုင်ရှင် ဦးတင့်လွင်ဦး+၃ ထံမှ ဒေါ်နိုင်နိုင်ဦးက တရားဝင်စာချုပ်စာတမ်းဖြင့်ဝယ်ယူပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
တောင်ကြီးမြို့နယ်တရားရုံး၌
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀ နှင့်ဆက်သွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၈

ဒေါ်ကြည်ကြည်ခင်	**နှင့်**	ဒေါ်ရင်မေ(ခ)ရန်မေ
ဒီကရီအနိုင်ရသူ		**တရားရှုံး**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ သီရိမင်္ဂလာလမ်း၊ အိမ်အမှတ်(၄၆/၆)နေ တရားရှုံး ဒေါ်ရင်မေ(ခ)ရန်မေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၀/၁၃တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတွင် ဒေါ်ကြည်ကြည်ခင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ခုနှစ် အောက်တိုဘာ ၃၀ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် အောက်တိုဘာ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိုးသီရိခိုင်
တွဲဖက်မြို့နယ်တရားသူကြီး(၂)
တောင်ကြီးမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ကြီးမြို့နယ်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၇၁

ဒေါ်လီလီဝင်း(ခ)ဝမ်လီဖင့်	**နှင့်**	၁။ ဒေါ်ကျောက်လန် ၂။ အားချွမ့်(ခ)သီတာခိုင် ၃။ ဦးစံသိန်း(ခ)ချိန်ယုတ်ခန်း
တရားလို		**တရားပြိုင်များ**

တောင်ကြီးမြို့၊ ကမ္ဘောဇလမ်း၊ ရေအေးကွင်းရပ်၊ အိမ်အမှတ်(၄/၈)နေ တရားပြိုင်များ ဒေါ်ကျောက်လန်၊ အားချွမ့်(ခ)သီတာခိုင်၊ ဦးစံသိန်း(ခ)ချိန်ယုတ်ခန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်လီလီဝင်း(ခ)ဝမ်လီဖင့်က ထည့်ဝင်ထားသောစုကြေးငွေ (၇၅၈၂၁၀၀) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် အောက်တိုဘာ ၃၀ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် အောက်တိုဘာ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိုးသီရိခိုင်
တွဲဖက်မြို့နယ်တရားသူကြီး(၂)
တောင်ကြီးမြို့နယ်တရားရုံး

ပျောက်ဆုံး

အရှင်သူရိယ ၇/ဝမန(သ)၀၀၀၆၆၃၏ နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၅၆၁၇၂၉**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၁၇၇/ဂ ဟုခေါ်တွင်သည့် အလျား၄၆ပေ×အနံ၃၆ပေအကျယ်အဝန်းရှိ မြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်အုတ်ညှပ်အိမ်ကို ဦးထွန်းဖေ BSNE-၀၉၄၂၀၂ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူ ဦးသန်းလှ PKU-၁၆၂၇၀၃ထံမှ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်၊ အုတ်ညှပ်၊ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှဝေ(စဉ်-၇၁၂၄)	
ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘောဘီ(စဉ်-၈၇၉၁)	**ဒေါ်ဖြိုးဖြိုးမြင့်(စဉ်-၂၉၈၁၂)**
တရားလွှတ်တော်ရှေ့နေများ	**အထက်တန်းရှေ့နေ**

အမှတ် ၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၀၅၄၃၄၊ ၀၉-၇၃၂၀၃၂၆၀၊ ၀၉-၄၃၁၁၅၄၃၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(မြို့သစ်/က)၊ မြေကွက်အမှတ် ၅၂၂၊ ဧရိယာ ပေ(၄၀×၆၀)အကျယ်ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊(မြို့သစ်/က)ရပ်ကွက်၊ က-၆ လမ်း၊ အမှတ် ၆၈ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဒေါ်ခင်မေလွင် ၁၂/အစန(နိုင်)၁၃၃၈၀၉ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ၁၄-၉-၂၀၁၃ ရက်တွင်ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်မျိုးဟန်၊ ဦးသိန်းဝင်း
(စဉ်-၈၆၁၁) (စဉ်-၈၃၄၀)
တရားလွှတ်တော်ရှေ့နေများ
ဖုန်း-၀၉-၄၉၂၃၄၃၇၆၊ ၀၉-၃၁၅၅၆၆၁၃

ကြော်ငြာ

ဒေါ်သင်းရွှေ
မူလတန်းပြဆရာမ(ငြိမ်း)၊ ပျော်ဘွယ်မြို့
အသက်(၉၀)

ပျော်ဘွယ်မြို့၊ မြို့သစ်ရပ်နေ (ဦးဘသန်း၊ အထက်တန်းပြဆရာ၊ ငြိမ်း)၏ ဇနီး၊ ယင်းတော်မြို့မ၊ ပတ္တမြားရွှေဂူဘုရားကြီးကျောင်းတိုက်ဆရာတော် ဦးဇနိတ၊ ပျော်ဘွယ်မြို့၊ မြို့သစ်ရပ်နေ ဦးအောင်ဆန်း-ဒေါ်ခင်မာမာ(စက်မှု-၁၊ ငြိမ်း)၊ မန္တလေးမြို့ မဟာမြိုင်(၁) ရပ်နေ ဦးခင်မောင်လတ်(အင်ဂျင်နီယာမှူး၊ ငြိမ်း)-ဒေါ်သန်းနွဲ့(ရုံးအုပ်၊ ဆောက်လုပ်ရေး၊ ငြိမ်း)၊ ဒေါ်ခင်တာတာ(မော်ကွန်းထိန်း-၂၊ ငြိမ်း၊ မန္တလေးတက္ကသိုလ်)၊ ပျော်ဘွယ်မြို့၊ မြို့သစ်ရပ်နေ ဦးထွန်းကြိုင်-ဒေါ်ခင်လှလှ၊ ပျဉ်းမနားမြို့နေ ဦးခင်မောင်သိန်း (နေပြည်တော်၊ မထသ၊ မြို့တွင်း)-ဒေါ်ခင်မြမြ(ဦးစီးအရာရှိ၊ငြိမ်း၊ သမဝါယမဦးစီးဌာန)၊ ဒေါက်တာခင်မမ(လက်ထောက် ညွှန်မှူး၊ ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၊ တိုင်းမွေးကုဦးစီးဌာန၊ မန္တလေးမြို့)၊ (ဦးခင်မောင်သန်း)၊ (ဦးခင်မောင်ကျော်)၊ ဒေါ်ခင်မျိုးသန့် (JAT. အမက-၁၆၊ ချမ်းမြသာစည်၊ မန္တလေး)၊ ဒေါ်ခင်ချိုချိုသန်းတို့၏မိခင်၊ မြေး ၂၀၊ မြစ် ၁၇ ယောက်၊ တီတစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၂-၁၀-၂၀၁၃ရက် (အင်္ဂါနေ့)မွန်းလွဲ ၁း၁၅နာရီတွင် တိုင်းမွေးကုဦးစီးဌာန၊ မန္တလေးရုံး၊ ဝန်ထမ်းအိမ်ရာရှိ ဒေါ်ခင်မမ၏နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)တွင် မန္တလေးမြို့ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ် ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးစိန်ဝင်း
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန
Director of Yatanarpon Co.,Ltd. Managing Director of Diamond Win Co.,Ltd.
(Leo Pest Control Team)
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၉(က)၊ ဇမ္ဗူရာဇ်လမ်း၊ ကျောက်ကုန်းနေ (ဦးထွန်းရင်-ဒေါ်မမလေး)တို့၏သား၊ ဦးအောင်ခင်-ဒေါ်စိုးစိုးကြူ၊ ဦးရှိန်မြင့်-ဒေါ်လှရွှေ တို့၏မောင်ငယ်၊ ဒေါ်ညိုညိုဝင်း(ခ) Anne Mary Win ၏ခင်ပွန်း၊ ဦးဇော်ထက်-ဒေါ်ခင်သူဇာဝင်း၊ ဦးဇာနည်ဝင်း-ဒေါ်ငွေစီသိန်း၊ဦးဇေယျာဝင်း-ဒေါ်ဝင်းစိုးထွေး၊ မခင်သီတာဝင်းတို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၄-၁၀-၂၀၁၃ရက် နံနက် ၇နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၈-၁၀-၂၀၁၃ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်မြင့်မြင့်သိန်း
အနန်းပင်ရပ်ကွက်(မင်္ဂလာဒုံ)
အသက်(၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ မေတ္တာလမ်းနေ (ဦးမောင်တင်-ဒေါ်ခင်ကြည်) တို့၏သမီးလတ်၊ ကျိုက်လတ်မြို့နယ်၊ ခလောက်ပုံကျေးရွာနေ (ဦးခင်မောင်-ဒေါ်အေးကြင်)တို့၏ချွေးမ၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးအောင်မြင့်-ဒေါ်တင်လှိုင်၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊မြကန်သာ ၃လမ်းနေ ဦးစိုးမော်(နိုင်ငံခြားသစ်ကိုယ်စားလှယ်)-ဒေါ်မြင့်မြင့်တို့၏ညီမ၊ တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်၊ ဘရဏီ ၃လမ်းနေ ဦးစိုးမြင့်-ဒေါ်နီနီတို့၏အစ်မ၊မင်္ဂလာဒုံမြို့နယ်၊ တပင်ရွှေထီးလမ်း၊ အနန်းပင်ရပ်ကွက်၊ အမှတ် ၁၃နေ အရာခံဗိုလ်သွင်ညွန့် (တပ်မတော်-လေ၊ငြိမ်း)၏ဇနီး၊ ဦးလှဦး (တုန်းတာကုမ္ပဏီ)-ဒေါ်မိုးမိုးသွင် (အထက-၂၊ မင်္ဂလာဒုံ)၊ ဦးစိုးဝင်း- ဒေါ်ချိုချိုသွင် (အထက-၂၊ မင်္ဂလာဒုံ)၊ [ဗိုလ်ကြီးစိုးဥက္ကာ(လေ)-မနှင်းနှင်းသွင်]၊ ကိုအောင်ကျော်မြင့်(မင်္ဂလာဒုံလေဆိပ်)-မအေးမမဆွေ တို့၏မိခင်၊မောင်မိုးသူကျော်၊ မဝေသွင်ဦး(ဆာကူရာဆေးရုံ)၊ မောင်ခန့်လင်းထွန်း၊ မောင်ဖြိုးဥက္ကာကျော်-မခင်ပြည့်ပြည့်ကျော်၊ မကေခိုင်ထက်၊ဗိုလ်လောင်းထက်ရဲလင်း (မေမြို့)၊ မောင်ဟိန်းလတ်အောင်၊ မောင်နေမျိုးအောင်၊ မောင်သီဟမင်း၊ မထက်ရွှေရည်ဝင်းတို့၏အဘွားသည် ၂၄-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၅း၅၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၆-၁၀-၂၀၁၃ရက် (စနေနေ့)ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) အမှတ် ၁၃၊ တပင်ရွှေထီးလမ်း၊ အနန်းပင်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါကြောင်း

သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ် ၈၂၇၊ မြေကွက်တည်နေရာအမှတ်-၂၂၊ အောင်ချမ်းသာလမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ် ဦးခင်မောင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်သန်း ၁၂/သဃက(နိုင်) ၁၄၃၆၆၈က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ထပ်ဆင့်ကျမ်းကျိန်လွှာများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၄၁၃/ခ၊ မြေကွက်တည်နေရာအမှတ် ၄၁၃/ခ၊ (၁၁) လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ယဉ်နုအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ယဉ်နု ကွယ်လွန်သဖြင့် ဦးမောင်မောင်လေး ၁၂/ဥကတ(နိုင်)၀၁၄၇၅၈၊ ဦးဇင်ဝိုင်း ၁၂/ဥကတ(နိုင်)၁၇၈၅၆၅ တို့က မွေးစားသားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ကိတ္တိမသားအဖြစ် မွေးစားစာချုပ်အမှတ် ၇၅၄ (၂၇-၂-၉၆)နှင့် ၇၅၃(၁-၃-၉၆) တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်၊ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၁၀၊မြေကွက်အမှတ် ၅၇၈/က၊ မြေကွက် တည်နေရာအမှတ် (၅၇၈/က)၊ ဇေယျာလမ်း၊ (၁၀)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ် ဒေါ်လှစီ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည် ပေါက် ဒေါ်လှစီနှင့်ခင်ပွန်း ဦးစံအေး(ခ) ဦးစံညွန့် ကွယ်လွန်သဖြင့် ဦးတင်ဝင်း ၁၂/ဥကတ(နိုင်) ၀၈၆၄၃၀၊ ဦးလှမိုး ၁၂/ဥကတ(နိုင်)၀၈၁၆၃၉၊ ဦးစိန်ဝင်း ၁၂/လမန(နိုင်)၁၀၂၈၁၃ တို့က သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၅၃၇ (၆-၈-၂၀၁၃)ဖြင့် အထွေထွေကိုယ်စားလှယ် ဦးကျော်သူစိုး ၁၂/အစန(နိုင်)၀၀၁၈၈၀ က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၃၂၉(၂၈-၈-၂၀၁၃)ကို တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄ဒီ၊ မြေကွက်အမှတ် III ၁၀၊ မြေကွက် တည်နေရာအမှတ် ၁၇၅၊ ဗညားဒလလမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ် ဦးမောင်မောင်(ခ)မိုဟာမက်၊ ဒေါ်သန်းညွန့်၊ ဒေါ်ခိုင် အမည်ပေါက် နှစ် ၉၀ ဂရန် မြေအားအမည် ပေါက် (၃) ဦးအနက် ဒေါ်သန်းညွန့်နှင့် ဒေါ်ခိုင်တို့သည် အပျိုကြီးဘဝဖြင့်ကွယ်လွန် သဖြင့် ပူးတွဲအမည်ပေါက် ဦးမောင်မောင် ၁၂/တတန(နိုင်) ၀၁၄၉၉၀ နှင့် ဦးလှထွန်း ၁၂/ဥကတ(နိုင်)၀၃၄၈၇၉ တို့က မောင်နှမများ တော်စပ်ကြောင်း ကတိသစ္စာပြုလွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း
ဦးသန်းရွှေ တိုင်းတရားသူကြီး(ငြိမ်း)
အသက်(၉၃)နှစ်

ဗိုလ်မှူးစိန်ဝင်း(ငြိမ်း)-ဒေါ်ဖြူဖြူအေး(ကုရွှေအောင်ဟိုတယ်)တို့၏ဖခင်၊ မြေး ဦးကုရွှေအောင်-ဒေါ်အေးမွန်မွန်သိန်း၊ မြစ် ကောင်းမြတ်ကုရွှေကြွယ်တို့၏ဘိုးဘိုးကြီး ဦးသန်းရွှေ အသက်(၉၃)နှစ်၊ တိုင်းတရားသူကြီး(ငြိမ်း)သည် ၂၃-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကုရွှေအောင်ဟိုတယ်(ပုဂံ)နှင့် ကောင်းလေအင်း(ရန်ကုန်)မှ ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း
ဦးသန်းရွှေ(မန္တလေး)

ကိုကိုကြီး-မမကြီးတို့၏ဖခင်ကြီး ဦးသန်းရွှေ(မန္တလေး)သည် ၂၃-၁၀-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကိုကိုကြီးတို့မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပေါက်ပေါက်-ခင်မာအေး
ဆန်နီ-သီတာ

ဦးအောင်လှဦး (စစ်တွေ) ရွာမသံမဏိ(ငြိမ်း)
အသက်(၈၇)နှစ်

စစ်တွေမြို့၊မောလိပ်ရပ်နေ(ဦးဘိုးစံ-ဒေါ်စံမြဖြူ)တို့၏သားကြီး၊ (ဦးလှစိန်-ဒေါ်တင်တင်မေ)၊ (ဦးအောင်ကြီး)-ဒေါ်စိန်မေ၊ ဦးစောမောင်-ဒေါ်ခင်လှ(ခ) ဘူကြီး၊ဦးဘကျော်သာ-(ဒေါ်သိန်းမေ)၊ (ဦးထွန်းအောင်ကျော်)-ဒေါ်ခင်မြတို့၏အစ်ကို၊ ဦးရွှေထွန်းဦး-ဒေါ်ရွှေကူသာ၊ ဒေါ်စန္ဒာ၊ (ဦးအောင်ကြီး)-ဒေါ်လှမြတို့၏ညီ/မောင်၊ ဦးသန်းထွန်း-ဒေါ်အေးနုတို့၏အစ်ကိုကြီး၊ (ဒေါ်စောလှ)၏ ခင်ပွန်း၊ မစန်းစန်းမြင့်၊ ကိုကျော်စိုးတို့၏ဖခင်သည် ၂၂-၁၀-၂၀၁၃ရက် (အင်္ဂါနေ့)နံနက် ၆း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂း၄၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၀-၂၀၁၃ရက်(တနင်္လာနေ့) နံနက်တွင် ရွှေပြည်သာမြို့နယ်၊ မြစ်ကြီးနားလမ်း၊ ၆/၁၁/၇၂(ခ)နေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း (ငြိမ်း)
ဒုတိယဝန်ကြီးချုပ် (ငြိမ်း)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)(ငြိမ်း)
လေ-၁၁၂၇
အသက် (၈၄)နှစ်

